# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၈၄ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၁ ရက်၊ တနင်္လာနေ့။ Monday, 22 August 2022 ၁၀၈၃၅


## လောကကို ရှုကျင့်သူ

ရေပြင်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့ လည်းကောင်း၊ ဤအတူ(ခန္ဓာငါးပါး ဟူသော) လောကကို ရှုကျင့်သူကို သေမင်းသည် မမြင်နိုင်။ ဤသို့ ရှုသောသူသည် သေခြင်းကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်၏။ ထိုသူတို့အား နောက်တစ်ကြိမ် ပဋိသန္ဓေနေ၍ သေရခြင်းသည် မရှိတော့ပြီ။

လောကဝဂ်(ဓမ္မပဒ-၁၇၀)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

**ယနေ့ ဖတ်စရာ**

**ပညာရေးယိုပေါက်ကို ပြည်သူ့အားဖြင့် ပိတ်ပင်တားဆီးရေး**

ဆောင်းပါး စာမျက်နှာ » ၆

**စားအုန်းဆီ အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ကျပ် ၄၈၆၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ**

စာမျက်နှာ » ၈



**ကမ္ဘောဒီးယားနိုင်ငံက ယခုနှစ် ပထမ ခုနစ်လတာကာလအတွင်း နိုင်ငံတကာ ခရီးသွား ၇၄၀၀၀၀ ကျော်ကို ဆွဲဆောင်နိုင်ခဲ့**

စာမျက်နှာ » ၁၃



မြန်မာ့တပ်မတော်တင့်တပ်ဖွဲ့ တင့်ကားမောင်းနှင် ပစ်ခတ်ခြင်းပြိုင်ပွဲ ယှဉ်ပြိုင်နေမှုကို တွေ့ရစဉ်။

# ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် ကျင်းပသည့် International Army Games-2022 ပြိုင်ပွဲ၏ Tank Biathlon (Tank Crews Competition) Division-2 ပြိုင်ပွဲတွင် မြန်မာ့တပ်မတော်တင့်တပ်ဖွဲ့ ပထမဆုကို ထိုက်ထိုက်တန်တန်ရရှိ

နေပြည်တော် ဩဂုတ် ၂၁

ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် ဩဂုတ် ၁၅ ရက်မှစတင်၍ ကျင်းပပြုလုပ်လျက်ရှိသည့် International Army Games-2022 ပြိုင်ပွဲတွင် ပါဝင်သော တင့်ကားမောင်းနှင်ပစ်ခတ်ခြင်းပြိုင်ပွဲ Tank Biathlon (Tank Crews Competition) Division-2 သို့ မြန်မာ့တပ်မတော်တင့်တပ်ဖွဲ့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ပထမဆုကို ထိုက်တန်စွာ ရယူနိုင်ခဲ့သည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့ ❖



# ကချင်ပြည်နယ်အတွင်း စားသုံးဆီဖူလုံစေရေး ဆီထွက်သီးနှံဧက တစ်သိန်းကျော် စိုက်ပျိုးရန်လျာထား

မြစ်ကြီးနား ဩဂုတ် ၂၁

ကချင်ပြည်နယ်အတွင်း စားသုံးဆီဖူလုံစေရေး ၂၀၂၂-၂၀၂၃ ခုနှစ်တွင် ဆီထွက်သီးနှံဧက ၁၁၅၀၀၀ ကျော် စိုက်ပျိုးရန် လျာထားစိုက်ပျိုးခဲ့ရာ မိုးသီးနှံအဖြစ် ဧက ၂၉၀၀ ကျော် စိုက်ပျိုးနိုင်ခဲ့ပြီဖြစ်ကြောင်းနှင့် ဆောင်းသီးနှံစိုက်ပျိုးချိန်တွင် လျာထားချက်ထက်ကျော်လွန်စိုက်ပျိုးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန ဒုတိယပြည်နယ်ဦးစီးမှူး ဦးအောင်လွင်ဦးထံမှ သိရသည်။

ကချင်ပြည်နယ်အတွင်း ဆီထွက်သီးနှံစိုက်ပျိုးသည့် ဒေသခံတောင်သူများအား မျိုးကောင်းမျိုးသန့်ရရှိရေးနှင့် မြေဩဇာများ ကူညီထောက်ပံ့ပေးခြင်း၊ စိုက်ပျိုးရေး အသိပညာပေးလုပ်ငန်းများကို ခရိုင်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စာမျက်နှာ ၇ ကော်လံ ၅ သို့ ☆

ကြေးမုံ

# အားနည်းသူကိုဖေးမကူ စိတ်ဓာတ်ခွန်အားမြင့်မား

ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ချို့တဲ့နေသောသူကို အားနည်းသူဟု ခေါ်သည်။ အားနည်းသူမှာ ပြည့်စုံသူတို့နှင့် တန်းတူမဟုတ်သဖြင့် လောကပတ်ဝန်းကျင်တွင် ပစ်ပယ်တတ်သည့်သဘောဓလေ့ရှိတတ်သည်။ အားနည်းသူကို ပစ်ပယ်မထားဘဲ အများနှင့်တန်းတူ လက်တွဲဖေးမကူကာ ထောက်ပံ့မြှင့်တင်အားပေးပါက အားနည်းသော်လည်း စိတ်ဓာတ်ခွန်အား ထက်မြက်မြင့်မားပြီး လောကအလယ်တွင် ထူးချွန်ထက်မြက်သည့် လူ့စွမ်းအားများပင် ဖြစ်နိုင်ပေသည်။

လူ့ဘောင်လောကတွင် ဘဝပေးအခြေအနေကြောင့်သော်လည်းကောင်း၊ လူတို့ပယောဂကြောင့်သော်လည်းကောင်း ကိုယ်လက်အင်္ဂါချို့ယွင်းနေသူ များစွာရှိပေသည်။ ယနေ့ကမ္ဘာပေါ်တွင် အကြောင်းအမျိုးမျိုးကြောင့် မသန်စွမ်းဖြစ်ပွားမှု ရာခိုင်နှုန်းသည် ကမ္ဘာ့လူဦးရေ၏ ၁၅ ရာခိုင်နှုန်းခန့်အထိ မြင့်တက်လာသည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အသိပေးထားသည်။ မသန်စွမ်းသူများသည် လူဦးရေအားဖြင့် သန်းပေါင်း ၁၀၀၀ ကျော် ရှိနေသဖြင့် မသန်စွမ်းသူများ၏အရေး၊ မသန်စွမ်းသူများ၏ဘဝ၊ မသန်စွမ်းသူများ၏အခွင့်အရေးများကို ပိုမိုအလေးထား ဆောင်ရွက်ပေးကြရမည်ဖြစ်သည်။

“မသန်စွမ်းသူများသည်လည်း လူသားများပင်ဖြစ်သည့်အတွက် မသန်စွမ်းသူများ၏ ကျန်းမာသန်စွမ်းရန်၊ စိတ်ဓာတ်ကြံ့ခိုင်ရန်လည်း လိုအပ်လာပါကြောင်း၊ ထို့ကြောင့် မသန်စွမ်းသူတစ်ဦးချင်းစီ၏ စိတ်ဓာတ်ခွန်အား မြင့်မားစေရန်နှင့် ဝါသနာပါရာ လုပ်ငန်းဆောင်တာများကို လုပ်ကိုင်ဆောင်ရွက်နိုင်စေရန်အတွက် မသန်စွမ်းသူများ၏ ခန္ဓာကိုယ်ကျန်းမာသန်စွမ်းမှုကိုရော စိတ်ဓာတ်ကိုပါ မြင့်မားလာစေရန် မိမိတို့ဝါသနာပါရာ အားကစားနည်းများ လုပ်ဆောင်နိုင်ရေး အားပေးမြှင့်တင်ပေးလျက်ရှိပါကြောင်း” (၁၁) ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲတွင် ဆုတံဆိပ်ရရှိခဲ့သည့် မြန်မာအားကစားအဖွဲ့များအား နိုင်ငံတော်က ဂုဏ်ပြုဆုချီးမြှင့်ပွဲတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပြောကြားခဲ့သည်။

မြန်မာနိုင်ငံတွင် ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာစာရင်းအရ ကွင်းဆင်းဆောင်ရွက်ခဲ့သော အခြေခံစစ်တမ်းတွင် နိုင်ငံလူဦးရေ၏ ၄ ဒသမ ၆ ရာခိုင်နှုန်းဖြစ်သော လူဦးရေ ၂ ဒသမ ၃ သန်းခန့်သည် မသန်စွမ်းသူများဖြစ်နေသည်ကိုတွေ့ရသည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရနှင့်အတူ နိုင်ငံတကာအဖွဲ့အစည်းများ၊ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများ၊ စေတနာရှင်ပြည်သူများအနေဖြင့် မြန်မာနိုင်ငံမှ မသန်စွမ်းသူများ၏ဘဝ စိုပြည်သာယာလှပအောင် ပြန်လည်ထူထောင်ရေး၊ လူ့ဂုဏ်သိက္ခာမြင့်မားရေးနှင့် သန်စွမ်းသူများနည်းတူ တန်းတူညီမျှ အခွင့်အရေးများကို ဦးစားပေးသည့်အစီအစဉ်အမျိုးမျိုးကို ဆောင်ရွက်ပေးလျက်ရှိသည်။

ယနေ့ကာလတွင် မသန်စွမ်းသူများ၏အရေးကို ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာမှ အထူးအာရုံစိုက် အလေးထားဆောင်ရွက်ပေးလျက်ရှိရာ အားကစားကဏ္ဍကိုလည်း အလေးထားဆောင်ရွက်ပေးသည်။ အာဆီယံဒေသတွင်းရှိ မသန်စွမ်းသူများ အားကစားအဆင့်အတန်း မြင့်မားတိုးတက်စေရေးနှင့် ဒေသတွင်း ချစ်ကြည်ရင်းနှီးမှု မြှင့်တင်နိုင်ရေးအတွက် အာဆီယံမသန်စွမ်းသူများအားကစားအဖွဲ့ချုပ်ကို ၂၀၀၁ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံအနေဖြင့် နှစ်နှစ်တစ်ကြိမ်ကျင်းပသည့် မသန်စွမ်းသူများ အားကစားပြိုင်ပွဲတိုင်းတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်ကို တွေ့ရသည်။ ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ပါဝင်ယှဉ်ပြိုင်သော အားကစားသမားဦးရေမှာ အနည်းငယ်သာဖြစ်သော်လည်း အားကစားအမျိုးအစားတိုင်းတွင် ဆုတံဆိပ်များစွာ ဆွတ်ခူးရရှိခဲ့သည့် သမိုင်းမှတ်တိုင်ရှိသည်။

ပြီးခဲ့သည့် (၁၁)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ မသန်စွမ်းအားကစားသမားများက ပါဝင်ယှဉ်ပြိုင်ကြရာ ရွှေတံဆိပ် ၁၄ ခု၊ ငွေတံဆိပ် ၁၂ ခု၊ ကြေးတံဆိပ် ၁၇ ခု စုစုပေါင်း ဆုတံဆိပ် ၄၃ ခုရရှိပြီး ပြိုင်ပွဲဝင် ၁၁ နိုင်ငံအနက် အဆင့် ၆ နေရာ ရရှိခဲ့သည်။ ပြိုင်ပွဲတွင် ထိပ်ဆုံးသို့ မရောက်ရှိသော်လည်း နိုင်ငံအတွက် အကောင်းဆုံးကြိုးစားယှဉ်ပြိုင်ခဲ့ကြသည်ကို တွေ့ရသည်။ နိုင်ငံတော်အတွက် ဆုတံဆိပ်များ ရယူပေးနိုင်ခြင်းသည် နိုင်ငံ့ဂုဏ်ကို အားကစားဖြင့် မြှင့်တင်ပေးရာရောက်သည့်အပြင် နိုင်ငံတကာအားကစားပြိုင်ပွဲများတွင် အောင်နိုင်မှုဆုတံဆိပ်များ ဆွတ်ခူးရရှိခဲ့ပြီး နိုင်ငံတကာအလယ်တွင် မြန်မာနိုင်ငံတော်အလံကိုလွှင့်တင်၍ နိုင်ငံတော်သီချင်းလွှင့်ပျံ့အောင် စွမ်းဆောင်ပေးနိုင်ခဲ့သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် မသန်စွမ်းသူများအား မေတ္တာတရားဖြင့် အားပေးမြှင့်တင်ပေးလျက်ရှိပြီး အမိမြန်မာနိုင်ငံတော်အလံကို လွှင့်တင်ကာ နိုင်ငံတော်သီချင်း ပျံ့လွှင့်စွမ်းဆောင်ခဲ့ကြသည့် မသန်စွမ်းအားကစားသမားများကိုလည်း အသိအမှတ်ပြုသောအားဖြင့် ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှင့်ပေးခဲ့ရာ ပြိုင်ပွဲတွင် နိုင်ငံအလိုက် အဆင့်တစ်ခုကို ရယူပေးနိုင်ခဲ့သော မြန်မာ မသန်စွမ်းအားကစားသမားများ၏ ကြိုးပမ်းစွမ်းဆောင်မှုနှင့် ဖွဲလုံ့လ၊ စိတ်ဓာတ်တို့ကို မှတ်တမ်းတင်ဂုဏ်ပြုလိုက်ရပါကြောင်း။ ။

## အဝေးသင် ဒုတိယအသုတ်နှင့် တတိယအသုတ် ဝိဇ္ဇာအထူးပြု အနီးကပ်သင်တန်းများနှင့်စာမေးပွဲရက်များ ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပညာရေးဝန်ကြီးဌာန**
**အဆင့်မြင့်ပညာဦးစီးဌာန**
**ကြေညာချက်**

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်များတွင် ၂၀၂၂ ပညာသင်နှစ် အဝေးသင်ဒုတိယအသုတ်နှင့် တတိယအသုတ် ဝိဇ္ဇာအထူးပြုပထမနှစ် (၂၀၁၉ ခုနှစ်နှင့် ၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများ)၊ ဒုတိယနှစ်နှင့် တတိယနှစ်သင်တန်းများအတွက် အနီးကပ်သင်တန်းများနှင့် စာမေးပွဲများကို အောက်ပါအတိုင်းကျင်းပမည်ဖြစ်ကြောင်း ကြေညာလိုက်သည် -

(၁) **အဝေးသင် ဒုတိယအသုတ် အနီးကပ်သင်တန်းနှင့် စာမေးပွဲကျင်းပမည့်အစီအစဉ်**

| | | |
|---|---|---|
| သင်တန်းနှစ် | - | ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ် |
| အထူးပြုဘာသာရပ်များ | - | အင်္ဂလိပ်စာ၊ ဥပဒေပညာ၊ပထဝီဝင်၊ စိတ်ပညာ၊ အရှေ့တိုင်းပညာ၊ ဒဿနိကဗေဒ |
| အနီးကပ်သင်တန်းကာလ | - | (၁၂-၉-၂၀၂၂) ရက်မှ (၂၂-၉-၂၀၂၂) ရက်ထိ |
| စာမေးပွဲကာလ | - | (၂၆-၉-၂၀၂၂) ရက်မှ (၁-၁၀-၂၀၂၂) ရက်ထိ |

(၂) **အဝေးသင် တတိယအသုတ် အနီးကပ်သင်တန်းနှင့် စာမေးပွဲကျင်းပမည့်အစီအစဉ်**

| | | |
|---|---|---|
| သင်တန်းနှစ် | - | ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ် |
| အထူးပြုဘာသာရပ်များ | - | မြန်မာစာ၊ သမိုင်း၊ စီးပွားရေးပညာ၊ စီးပွားစီမံပညာ |
| အနီးကပ်သင်တန်းကာလ | - | (၃-၁၀-၂၀၂၂) ရက်မှ (၁၅-၁၀-၂၀၂၂) ရက်ထိ |
| စာမေးပွဲကာလ | - | (၁၈-၁၀-၂၀၂၂) ရက်မှ (၂၅-၁၀-၂၀၂၂) ရက်ထိ |

**အဆင့်မြင့်ပညာဦးစီးဌာန**




## ပြည်ထဲရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ ဆွမ်းဆန်တော် ဆက်ကပ်လှူဒါန်း

**နေပြည်တော် ဩဂုတ် ၂၁**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ သွားရောက်၍ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့လှူဒါန်းလျက်ရှိရာ ယနေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ်ရှိ ရန်အောင်မင်္ဂလာကျောင်းတိုက်သို့လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ်ရှိ သာသနာ့ရောင်ခြည်ကျောင်းတိုက်သို့ လည်းကောင်း၊ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်ရှိ ရတနာသိဒ္ဓိကျောင်းတိုက်သို့လည်းကောင်း၊ ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်ရှိ ရွာမဘုန်းတော်ကြီးကျောင်းတိုက်သို့ လည်းကောင်း၊ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ အောင်မြေဘုံစံစာသင်တိုက်သို့ လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ်ရှိ ပညာဇေယျကျောင်းတိုက်သို့လည်းကောင်း တာဝန်ရှိသူများက သွားရောက်၍ ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**


ကြေးမုံ

| | | | | | |
|---|---|---|---|---|---|
| **စာတည်းမှူးချုပ်** | - | ဦးစိုးစိုးနိုင် | **အကြီးတန်း သတင်းထောက်များ** | - | ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဦး၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| **စာတည်းမှူး** | - | ဦးဝင်းနိုင် | **အငယ်တန်း သတင်းထောက်များ** | - | ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| **စာတည်းများ** | - | ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | **သုတေသန** | - | ဒေါ်ဇင်မာဝင့် |
| **ဘာသာပြန် စာတည်းများ** | - | ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | **စာပြင်** | - | ဒေါ်မြသီတာနှင့်အဖွဲ့ |
| | | | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - | ဦးကျော်သူရနှင့်အဖွဲ့ |
| | | | **အီးမေးလ်နှင့် အွန်လိုင်း** | - | ဦးစိုးချစ်ဦးနှင့်အဖွဲ့ |



ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# နေ့စဉ်သုံး အခြေခံတရုတ်ဘာသာစကားပြောသင်တန်းဖွင့်ပွဲနှင့် နိုင်ငံအဆင့် Enchanting Myanmar Health & Safety Protocols အသိအမှတ်ပြု တံဆိပ်ပေးအပ်ခြင်း အခမ်းအနား ကျင်းပ

**နေပြည်တော် ဩဂုတ် ၂၁**

"နေ့စဉ်သုံး အခြေခံတရုတ်ဘာသာစကားပြော သင်တန်းဖွင့်ပွဲနှင့် နိုင်ငံအဆင့် Enchanting Myanmar Health & Safety Protocols အသိအမှတ်ပြု တံဆိပ်ပေးအပ်ခြင်း အခမ်းအနား"ကို ယနေ့နံနက်ပိုင်းတွင် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ကျောက်စိမ်းခန်းမ၌ ကျင်းပသည်။




**ဖွင့်လှစ်သင်ကြားပေး**

အခမ်းအနားတွင် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင်က မြန်မာ့ခရီးသွားဈေးကွက်တွင် တရုတ်ခရီးသွားဈေးကွက်သည် အလားအလာ အကောင်းဆုံးဈေးကွက်တစ်ခု ဖြစ်ပါကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါ မဖြစ်ပွားခင်ကာလများတွင် မြန်မာနိုင်ငံသို့ ဝင်ရောက်လာသော ပြည်ပခရီးသွားများအနက် တရုတ်ခရီးသွား ဝင်ရောက်မှုမှာ ထိပ်ဆုံးနေရာ၌ရှိနေပြီး ၎င်းတို့အနေဖြင့် ပုဂံခရီးစဉ်ဒေသသို့ သွားရောက်လည်ပတ်ခြင်းကို ကြိုက်နှစ်သက်မှုရှိသည်ကို တွေ့ရှိရပါကြောင်း၊ ထို့ကြောင့် တရုတ်ခရီးသွားများ၏ ဘာသာစကား၊ ဓလေ့စရိုက်၊ ထုံးထမ်းစဉ်လာများကို သိရှိနားလည်ပြီး အကောင်းဆုံးဝန်ဆောင်မှု ပေးစွမ်းနိုင်ရန် ယခုတရုတ်ဘာသာစကား အခြေခံသင်တန်းကို ဖွင့်လှစ်ပို့ချရခြင်းဖြစ်ပါကြောင်း၊ တရုတ်ဘာသာစကားပြောသင်တန်းများအား ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် နေပြည်တော်တို့တွင် ဖွင့်လှစ်သင်ကြားပေးနိုင်ခဲ့ပါကြောင်း။

ယခုသင်တန်းသို့ ဟိုတယ်နှင့် တည်းခိုရိပ်သာများမှ ဝန်ထမ်း ၁၈၆ ဦး၊ စားသောက်ဆိုင် လုပ်ငန်းရှင်များအသင်းမှ ဝန်ထမ်း ၁၃ ဦး၊ ဧည့်လမ်းညွှန်အသင်းမှ ၁၇ ဦး၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းရှင်များအသင်းမှ ၂၀၊ အမှတ်တရပစ္စည်း အရောင်းဆိုင်များမှ ၂၀၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (ပုဂံဌာနခွဲ)မှ ၂၅ ဦး၊ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ပုဂံရုံးခွဲမှ ၁၁ ဦး၊ ယွန်းကောလိပ်မှ ၁၀ ဦး စုစုပေါင်း ၃၀၂ ဦး တက်ရောက်ကြမည်ဖြစ်ပြီး သင်တန်းသား သင်တန်းသူများအနေဖြင့် ကြိုးစားသင်ယူကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် ဖူးကျင့်နိုင်ငံတကာ ဘာသာစကားသင်တန်းဌာန ကျောင်းအုပ်ကြီး ဦးစက်တီးက သင်တန်းဖွင့်လှစ်ရခြင်းနှင့် သင်တန်းဖွင့်လှစ်နိုင်ရန်အတွက် ပြင်ဆင်ဆောင်ရွက်ထားရှိမှုကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ်က (၇)ကြိမ်မြောက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးတွင် ပါဝင်ကူညီဆောင်ရွက်ခဲ့သူများကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ပုဂံမြို့ရှိ ဟိုတယ် ၁၂ လုံးကို ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ Enchanting Myanmar Health and Safety Protocol-HSP အစီအစဉ်အရ HSP နိုင်ငံအဆင့်အသိအမှတ်ပြု တံဆိပ်များပေးအပ်ခဲ့ပြီး ပုဂံမြို့ရှိ ဟိုတယ်များမှ ဝန်ထမ်းများကို ကိုဗစ်-၁၉ ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံပေးခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်း ရေရှည်ဖွံ့ဖြိုး တိုးတက်ရေးအတွက် အကောင်အထည်ဖော်ရာတွင် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းနယ်ပယ်ရှိ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍမှာ အရေးကြီးသောကြောင့် ဝန်ကြီးဌာနအနေဖြင့် ဟိုတယ်နှင့် ခရီးသွားဝန်ဆောင်မှုသင်တန်း၊ ကွန်ပျူတာနည်းပညာအခြေခံသင်တန်းနှင့် ဘာသာစကားသင်တန်းများကို နေပြည်တော်၊ ပြည်ထောင်စုနယ်မြေ အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ဖွင့်လှစ် သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



လားဟူဒီမိုကရက်တစ်အစည်းအရုံး(LDU) ဥက္ကဋ္ဌ ကျာဆော်လမွန် ဦးဆောင်သည့် ငြိမ်းချမ်းရေး ကိုယ်စားလှယ်အဖွဲ့ နေပြည်တော်သို့ ရောက်ရှိရာ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက ကြိုဆိုကြစဉ်။



ရခိုင်ပြည်လွတ်မြောက်ရေးပါတီ(ALP) ဒုတိယဥက္ကဋ္ဌ စောမြရာဇာလင်း ဦးဆောင်သည့် ငြိမ်းချမ်းရေး ကိုယ်စားလှယ်အဖွဲ့ နေပြည်တော်သို့ ရောက်ရှိရာ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက ကြိုဆိုကြစဉ်။

# တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ခေါင်းဆောင်များ ငြိမ်းချမ်းရေးဆွေးနွေးရန် နေပြည်တော်သို့ရောက်ရှိ

**နေပြည်တော် ဩဂုတ် ၂၁**

တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရန်နှင့် လက်နက်ကိုင်ပဋိပက္ခ ချုပ်ငြိမ်းရေးတို့အတွက် ရည်ရွယ်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ငြိမ်းချမ်းရေးဆွေးနွေးရန် ဖိတ်ခေါ်ချက်အရ ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO) ဥက္ကဋ္ဌ ခွန်သူရိန် ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့သည် ရှမ်းပြည်နယ် တောင်ကြီးမြို့မှလည်းကောင်း၊ လားဟူဒီမိုကရက်တစ်အစည်းအရုံး(LDU) ဥက္ကဋ္ဌ ကျာဆော်လမွန် ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့သည် ရှမ်းပြည်နယ် တာချီလိတ်မြို့မှလည်းကောင်း၊ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ(ALP) ဒုတိယဥက္ကဋ္ဌ စောမြရာဇာလင်း ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့သည် ရခိုင်ပြည်နယ် စစ်တွေမြို့မှလည်းကောင်း ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်သို့ ရောက်ရှိကြသည်။

**ကြိုဆို**

ပအိုဝ်း အမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO) ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့သည် နေပြည်တော်ရှိ Horizon Lake View Resort သို့လည်းကောင်း၊ လားဟူဒီမိုကရက်တစ် အစည်းအရုံး (LDU) ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့နှင့် ရခိုင်ပြည်လွတ်မြောက်ရေးပါတီ(ALP) ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့တို့သည် နေပြည်တော်လေဆိပ်သို့လည်းကောင်း ယနေ့မွန်းလွဲပိုင်းတွင် အသီးသီးရောက်ရှိကြရာ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီအဖွဲ့ဝင်နှင့် တာဝန်ရှိသူများ၊ နေပြည်တော်ကောင်စီနှင့် ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာနမှ တိုင်းရင်းသား တိုင်းရင်းသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ငြိမ်းချမ်းရေးကိုလိုလားသည့် ဒေသခံပြည်သူများက **ထာဝရငြိမ်းချမ်းရေးကိုရရှိရေးသည် ပြည်သူတစ်ရပ်လုံး၏ ဆန္ဒအစစ်အမှန်ဖြစ်သည်၊ ငြိမ်းချမ်းရေးရရှိရေးသည် နိုင်ငံသားအားလုံး၏ ဆန္ဒအမှန်ဖြစ်သည်၊ ပြည်ထောင်စုကြီး ငြိမ်းချမ်းဖို့ တွေ့ဆုံဆွေးနွေးကြပါစို့၊ တိုင်းရင်းသားတွေစည်းလုံးမှ ငြိမ်းချမ်းတည်ငြိမ်အေးချမ်းရ** စသည့်စာသားပါဆိုင်းဘုတ်များကိုင်ဆောင်၍ လည်းကောင်း၊ နိုင်ငံတော်အလံငယ်များ ကိုင်ဆောင်၍လည်းကောင်း ကြိုဆိုခဲ့ကြသည်။

**လာရောက်ဆွေးနွေး**

တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများမှ ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့များနှင့် ပထမအကြိမ် တွေ့ဆုံဆွေးနွေးမှုများကို ၂၀၂၂ ခုနှစ် မေလမှ ဩဂုတ်လအတွင်း ဆောင်ရွက်ခဲ့ပြီး၊ ထိုသို့တွေ့ဆုံဆွေးနွေးရာတွင် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး၊ ပြည်ထောင်စု ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဆက်လက်ကြိုးပမ်းကြရန် သဘောတူညီနိုင်ခဲ့ကြသည်။ ယခု ဒုတိယအကြိမ် လာရောက်ဆွေးနွေးရာတွင်လည်း တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၏ နိုင်ငံရေးလိုလားချက်နှင့် အနာဂတ်လုပ်ငန်းစဉ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးညှိနှိုင်းရန် လမ်းဖွင့်ထားကြောင်းနှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲသို့ မလာရောက်သေးသည့် တိုင်ရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများကိုလည်း မည်သည့်အခြေအနေမျိုးတွင်မဆို ကြိုတင်ကန့်သတ်ချက်မထားဘဲ လာရောက်ဆွေးနွေးနိုင်ရန် ဖိတ်ခေါ်ထားကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် ဩဂုတ် ၂၁**

မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံမိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင် မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၀ ပေခန့်နှင့် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခြောက်ပေမှ ရှစ်ပေခန့်ရှိနိုင်သည်။

**မိုး/ဇလ**

# ပညာရေးသည် လူ့အဖွဲ့အစည်းတစ်ရပ်ဖွံ့ဖြိုးတိုးတက်မှု၏ ဗဟိုချက်မဖြစ်ကြောင်းနားလည်ပြီး ပညာရေးတိုးတက်ကောင်းမွန်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်



**စစ်တွေ ဩဂုတ် ၂၁**

ရခိုင်ပြည်နယ်အစိုးရအဖွဲ့ကကြီးမှူး၍ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်နှင့် ၂၀၂၁-၂၀၂၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတို့တွင် ရခိုင်ပြည်နယ်က ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ ကျင်းပသည်။

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအောင်ကျော်မင်းက " ပြည်နယ်၏ပညာရေးကို ဆန်းစစ်ကြည့်မည်ဆိုလျှင် အောင်ချက်ရာခိုင်နှုန်း တိုးလာသကဲ့သို့ ဂုဏ်ထူးရရှိသူဦးရေသည်လည်း ဘာသာရပ်အလိုက် တိုးတက်လာကာ ထူးခြားလေးနက်မှုက ရခိုင်ပြည်နယ်သည် မြန်မာတစ်နိုင်ငံလုံးတွင် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူ ၁၉၇၂၉ဦးဖြင့် အောင်မြင်သူအများဆုံး ပြည်နယ်တစ်ခုအဖြစ်မှတ်တမ်းဝင် ဂုဏ်ပြုပြောကြားလိုကြောင်း၊ ပညာရေးသည် လူ့အဖွဲ့အစည်းတစ်ရပ်ဖွံ့ဖြိုးတိုးတက်မှု၏ ဗဟိုချက်မဖြစ်ကြောင်း နားလည်သဘောပေါက်ပြီး ပညာရေးတိုးတက်ကောင်းမွန်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြပါ၊ ရခိုင်ပြည်နယ်သူ၊ ပြည်နယ်သားများအနေဖြင့် ပညာရေးကို နိုးကြားသောအမျိုးသားရေးအမြင်ဖြင့် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်သွားကြပါ"ဟု ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦးနှင့် ဇနီး၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများနှင့် တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်ချက်အကောင်းဆုံးမြို့နယ်များမှ မြို့နယ်ပညာရေးမှူးများအား ဂုဏ်ပြုဆုငွေနှင့် ဆုတံဆိပ်တို့ကို ပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

# အားကစားသမားများအနေဖြင့် ယှဉ်ပြိုင်ခြင်းသည် အဓိကဖြစ်သလို အနိုင်ရခြင်းသည် ပဓာနကျသည်ဟူသော ခံယူချက်ဖြင့်ယှဉ်ပြိုင်

**မြစ်ကြီးနား ဩဂုတ် ၂၁**

ကချင်ပြည်နယ်ဝန်ကြီးချုပ်ဖလား အသက် ၁၆ နှစ်အောက် မြို့နယ်ပေါင်းစုံ အမျိုးသား ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ညနေ ၃ နာရီခွဲက မြစ်ကြီးနားမြို့ ပြည်နယ် ပြည်သူ့အားကစားကွင်းအတွင်း ကျင်းပသည်။

**အစွမ်းကုန် ကြိုးစားယှဉ်ပြိုင်**

ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က လူငယ်လူရွယ်များ အားကစားကို ပိုမိုစိတ်ဝင်စားလာစေရေး၊ မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွန်းလာစေရေးနှင့် ပြည်သူတစ်ရပ်လုံး အားကစားကဏ္ဍတွင် ပိုမိုပူးပေါင်းပါဝင်လာစေရန်အတွက် ကချင်ပြည်နယ်အနေဖြင့် အားကစားကဏ္ဍကို ပိုမိုလှုပ်ရှားဆောင်ရွက်ခဲ့ပြီး ၂၀၂၂ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ်ပြိုင်ပွဲများတွင် တံခွန်စိုက်ဆုဖလားများနှင့် ဆုတံဆိပ်များ ရယူနိုင်ခဲ့သည်ကို အားလုံးအသိဖြစ်ကြောင်း၊ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် အားကစားသမားများအနေဖြင့် ယှဉ်ပြိုင်ခြင်းသည် အဓိကဖြစ်သလို အနိုင်ရခြင်းသည် ပဓာနကျသည်ဟူသောခံယူချက်ဖြင့် မိမိတို့ကိုယ်စားပြုယှဉ်ပြိုင်ကြမည့် မြို့နယ်အတွက် အကောင်းဆုံး၊ အသန့်ရှင်းဆုံးနှင့် အစွမ်းကုန် ကြိုးစားယှဉ်ပြိုင်ကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက မြို့နယ်ပေါင်းစုံမှ ဘောလုံးအသင်းများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးခဲ့ကြသည်။

အဆိုပါ ပြည်နယ်ဝန်ကြီးချုပ်ဖလား အသက် ၁၆ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲကို ပြည်နယ်အတွင်းရှိ မြို့နယ်ပေါင်းစုံမှ ဘောလုံး အသင်း ၁၀ သင်းဖြင့် ကျင်းပခဲ့ကြောင်း သိရသည်။

**ပြည်နယ် (ပြန်/ဆက်)**



# ရှမ်းပြည်နယ်(အရှေ့)ပိုင်း အထူးဒေသ(၄)တွင် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်

**မိုင်းလား ဩဂုတ် ၂၁**

ရှမ်းပြည်နယ်(အရှေ့)ပိုင်း အထူးဒေသ(၄)တွင် ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲကို ယမန်နေ့ မွန်းတည့် ၁၂ နာရီက မိုင်းလားမြို့ တိုင်းရင်းသားကွင်း၌ ကျင်းပသည်။

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းက ရှမ်းပြည်နယ် (အရှေ့ပိုင်း) အနေဖြင့် ပန်းခင်းစီမံချက်ဖြင့် ၂၀၂၁ ခုနှစ် မေ ၃ ရက်မှ ၂၀၂၂ ခုနှစ် ဩဂုတ် ၁၈ ရက်အထိ ဆောင်ရွက်ရန် ၅၄၀၆၃ ဦး ရှိသည့်အနက် ၆၃၃၂၆ ဦး ဆောင်ရွက်ပေးပြီးဖြစ်သည့်အတွက် ၁၁၇ ဒသမ ၁၃ ရာခိုင်နှုန်း ဆောင်ရွက်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ အထူးဒေသ (၄) (မိုင်းလား) တွင် ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားကို ဇူလိုင် ၇ ရက်က တိုင်းရင်းသား ၈၃၁၆ ဦး၊ ကိုးကန့် တစ်ဦး စုစုပေါင်း ၈၃၁၇ ဦးတို့အား ပေးအပ်ခဲ့ပြီး ယခု တိုင်းရင်းသား ၂၀၂၂၈ ဦး၊ ကိုးကန့် ၆၅၆ ဦး စုစုပေါင်း ၂၀၈၈၄ ဦး ဖြစ်သောကြောင့် နိုင်ငံသားစိစစ်ရေးကတ်ပြား စုစုပေါင်း ၂၉၂၀၁ ဦးကို ဆောင်ရွက်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း ပြောကြားသည်။

**ပေးအပ်**

ဆက်လက်၍ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် တြိဂံဒေသတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် မျိုးမင်းထွန်း၊ အထူးဒေသ(၄) ငြိမ်းချမ်းရေးနှင့် စည်းလုံးရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးစန်ပေ့နှင့် တာဝန်ရှိသူများက ဆီလူးဒေသနှင့် နမ့်ပန်းဒေသအတွင်း ဆောင်ရွက်ပေးခဲ့သည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**ပြည်နယ် (ပြန်/ဆက်)**



## မုန်တိုင်းနှင့်ပတ်သက်သော အရောင်အဆင့် သတ်မှတ်ချက်များ

### အဝါရောင်အဆင့်

အဝါရောင်အဆင့်သည် ဘင်္ဂလားပင်လယ်အော်၊ ကပ္ပလီပင်လယ်အော်တွင် မုန်တိုင်းဖြစ်ပေါ်နေပြီး မုန်တိုင်း၏အခြေအနေကို သတိထားနိုင်ရန်။

### လိမ္မော်ရောင်အဆင့်

လိမ္မော်ရောင်အဆင့်သည် ကမ်းရိုးတန်းသို့ဦးတည်နေပြီး မုန်တိုင်းသည် မိမိနေထိုင်ရာဒေသသို့ ဦးတည်ရွေ့လျားသည်ဟု သတင်းရရှိပါက မုန်တိုင်း၏ပြောင်းလဲမှုကို အထူး သတိထားစောင့်ကြည့်နိုင်ရန်။

### အနီရောင်အဆင့်

အနီရောင်အဆင့်သည် ကမ်းရိုးတန်းသို့ ၁၂ နာရီနောက်ပိုင်း မုန်တိုင်းရောက်ရှိလာမည်ဖြစ်ပြီး အန္တရာယ်ရှိနိုင်သဖြင့် လုံခြုံစိတ်ချရသည့်နေရာများသို့ ပြောင်းရွှေ့နေရာယူရန်။

### အညိုရောင်အဆင့်

အညိုရောင်အဆင့်သည် မုန်တိုင်းအန္တရာယ်ကျရောက်နေချိန်ဖြစ်ပြီး လုံခြုံစိတ်ချရသည့် နေရာတွင် ခိုလှုံပြီးစီးရန်။

### အစိမ်းရောင်အဆင့်

အစိမ်းရောင်အဆင့်သည် မုန်တိုင်းအားပျော့ပျက်ပြယ်သွားပြီဖြစ်ပြီး မိမိတို့၏နေအိမ်များသို့ ပြန်နိုင်သောအခြေအနေဖြစ်ကြောင်း သတ်မှတ်ထားပါသည်။

**ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ**

## ရေကြည်မြို့နယ်၌ မိုးစပါးကန်ထရိုက်လယ်ယာစာချုပ်ချုပ်ဆိုပွဲနှင့် စိုက်ပျိုးရေးစရိတ်သွင်းအားစုထောက်ပံ့ပေးအပ်ပွဲ ကျင်းပ



ရေကြည် ဩဂုတ် ၂၁

ကျုံပျော်ခရိုင် ရေကြည်မြို့နယ် နွားရေတိုက် ကျေးရွာအုပ်စု ငါးတဲစုကျေးရွာ ကျောင်းကြီးဓမ္မာရုံ၌ ယနေ့ မွန်းလွဲ ၁၂ နာရီခွဲက မိုးစပါးကန်ထရိုက်လယ်ယာ စာချုပ်ချုပ်ဆိုပွဲနှင့် စိုက်ပျိုးစရိတ် သွင်းအားစုထောက်ပံပေးအပ်ပွဲအခမ်းအနား ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် Ayeyarwady Development Public Co., Ltdမှ ဒုတိယဥက္ကဋ္ဌ ဦးစည်သူစိုးက စိုက်ပျိုးစရိတ်နှင့် သွင်းအားစု ထောက်ပံ့ငွေထုတ်ပေးမည့်အခြေအနေများကိုရှင်းလင်းတင်ပြသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးစိန်မောင်မြင့်နှင့် ဦးစည်သူစိုးတို့က တောင်သူ ၂၁၃ ဦးအား တစ်ဧကလျှင် ငွေကျပ် ၁၅၀၀၀၀ နှုန်းဖြင့် ဧက ၁၀၀၀ အတွက် စိုက်ပျိုးစရိတ် ထောက်ပံ့ချေးငွေကျပ် သိန်း ၁၅၀၀ ပေးအပ်ခဲ့ကြောင်း သိရသည်။ ခရိုင်(ပြန်/ဆက်)

## ဘားအံမြို့ အမှတ်(၂၀)စက်မှုလယ်ယာစခန်းက တောင်သူများအား ကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်း ကွင်းသရုပ်ပြ

ဘားအံ ဩဂုတ် ၂၁

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန စက်မှုလယ်ယာဦးစီးဌာန ဘားအံမြို့ အမှတ်(၂၀) စက်မှုလယ်ယာစခန်းက တောင်သူများအား ကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်းကွင်းသရုပ်ပြပွဲကို ဩဂုတ် ၁၉ ရက် နံနက် ၈ နာရီခန့်က ဘားအံမြို့နယ် သပြေကုန်းကျေးရွာ ကွင်းအမှတ် N-151 ကိုပုတ်ရွာမကွင်း၌ ကျင်းပသည်။

သရုပ်ပြပွဲတွင် အမှတ်(၂၀)စက်မှုလယ်ယာစခန်း (ဘားအံ)မှ ကူဘိုတာ ခြောက်တန်းသွား ကောက်စိုက်စက်နှစ်စီးဖြင့် ပျိုးဖျာလိပ်စနစ်ဖြင့်ပျိုးထောင်ထားသော စပါးပျိုးပင်များကို စိုက်ပျိုးသရုပ်ပြသခဲ့ပြီး ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်၊ခရိုင်၊ မြို့နယ် အဆင့်ဌာနဆိုင်ရာများ၊ ကော့စိန်ဘန်အောက်၊ သပြေကုန်း၊ ရွှေနတ်ကျွန်းကျေးရွာများမှ တောင်သူလယ်သမားများ တက်ရောက်အားပေးကြည့်ရှုလေ့လာခဲ့ကြသည်။



ကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်းသည် လယ်ယာလုပ်သားရှားပါးမှုပြဿနာကိုဖြေရှင်းနိုင်ခြင်း၊ မျိုးစေ့ကုန်ကျမှုကိုလျှော့နိုင်ခြင်း၊ စပါးပင်ဝင်ဆံ့မှုတိကျမှန်ကန်ခြင်း၊ လေဝင်လေထွက်ကောင်းမွန်သဖြင့် စပါးပင်ကြီးထွားမှုကောင်းမွန်ပြီး အထွက်နှုန်းတိုးတက်ခြင်းစသည့်အကျိုးကျေးဇူးများရရှိနိုင်မည်ဖြစ်ပြီး စက်မှုလယ်ယာဦးစီးဌာန ပြည်နယ်ဦးစီးမှူးနှင့် ဘားအံမြို့နယ်ဦးစီးမှူးတို့က တောင်သူလယ်သမားများအား ခင်းကျင်းပြသထားသည့် မြက်ဖျာလိပ်စနစ်ဖြင့် ပျိုးထောင်ထားရှိပုံ အဆင့်ဆင့်၊ တစ်နာရီလျှင် လယ်ရှစ်ကေစာ ပျိုးထောင်နိုင်သော ကူဘိုတာ မျိုးစေ့ချစက်အသုံးပြုပုံ အဆင့်ဆင့်နှင့် လယ်တစ်ကေလျှင်တစ်နာရီခန့်သာကြာမြင့်သည့် ကူဘိုတာခြောက်တန်းသွား မောင်းနှင်အသုံးပြုပုံတို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က တက်ရောက်လာသော တောင်သူလယ်သမားများနှင့် တွေ့ဆုံ၍ ယခုကဲ့သို့ စိုက်ပျိုးသရုပ်ပြခြင်းသည် တောင်သူများအတုယူလုပ်ကိုင်နိုင်စေရန် ရည်ရွယ်ကြောင်း၊ မြေလွတ်မြေလပ်မထားဘဲ သီးထပ်သီးညှပ်များဖြင့် အနည်းဆုံး နှစ်သီးစားခန့် စိုက်ပျိုးလုပ်ကိုင်ကြစေလိုကြောင်း၊ စပါးအပြီးတွင် ပဲတီစိမ်းကို စိုက်ပျိုးစေလိုပြီး ဆီထွက်သီးနှံများလည်းစိုက်ပျိုးနိုင်ကာ ဈေးကွက်ရှိသောသီးနှံများကို ရွေးချယ်စိုက်ပျိုးကြစေလိုကြောင်းနှင့် လိုအပ်သည်များ ဆွေးနွေးတင်ပြပေးကြရန်ပြောကြားပြီး တောင်သူများက မြေဩဇာ၊ ကုန်ထုတ်လမ်းနှင့် စိုက်ပျိုးရေးဆိုင်ရာလိုအပ်ချက်များကို ဆွေးနွေးတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)



သူနာပြု(အမျိုးသား) ပြိုင်ပွဲဝင်များ တစ်ဦးချင်းအထူးစွမ်းရည်ပြသခြင်းပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်နေမှုကို တွေ့ရစဉ်။




ရိုးရာယဉ်ကျေးမှုပြိုင်ပွဲဝင်အသင်းမှ ဝင်ရောက်ယှဉ်ပြိုင်နေမှုကို တွေ့ရစဉ်။

❖ ရှေ့ဖုံးမှ

မြန်မာ့တပ်မတော်တင့်တပ်ဖွဲ့အနေဖြင့် Tank Biathlon (Tank Crews Competition) Division-2 ၌ ဆီးရီးယား၊ လာအို၊ အီရန်၊ တာဂျစ်ကစ္စတန်၊ တောင်အာဆက်တီးယား၊ အာခါ့ဇီယာ၊ ဆူဒန်၊ ဇင်ဘာဘွေ၊ အာမေးနီးယားနှင့် မာလီနိုင်ငံတို့မှ တင့်တပ်ဖွဲ့ဝင်များနှင့်အတူ မိုင်ကုန်မောင်းနှင်၍ စံချိန်ယူခြင်း၊ ၁၂၅ မီလီမီတာ အမြောက်အားရပ်လျက်ကျည် သုံးတောင့်ပစ်ခတ်ခြင်း၊ ၁၂ ဒသမ ၇ မီလီမီတာ လေယာဉ်ပစ်စက်သေနတ်ကျည် ၁၅ တောင့် ရပ်လျက်ပစ်ခတ်ခြင်း၊ ၇ ဒသမ ၆၂ မီလီမီတာ ယှဉ်တွဲစက်သေနတ်ကျည် ၁၅ တောင့် ရပ်လျက်ပစ်ခတ်ခြင်းတို့ကို ယှဉ်ပြိုင်ခဲ့ပြီး မြန်မာ့တပ်မတော်တင့်တပ်ဖွဲ့ Crew - 1 အနေဖြင့် ပြိုင်ပွဲဝင်စံချိန် ၂၇ မိနစ် ၄၃ စက္ကန့်ဖြင့် လည်းကောင်း၊ Crew -2 အနေဖြင့် ပြိုင်ပွဲဝင်စံချိန် ၃၈ မိနစ် ၁၄ စက္ကန့်ဖြင့် လည်းကောင်း၊ Crew - 3 အနေဖြင့် ပြိုင်ပွဲဝင်စံချိန် ၃၀ မိနစ် ၂၈ စက္ကန့်ဖြင့် လည်းကောင်း၊ စုစုပေါင်း ပြိုင်ပွဲဝင်စံချိန် ၁ နာရီ ၃၆ မိနစ် ၂၅ စက္ကန့် ရရှိခဲ့ပြီး စုစုပေါင်းပစ်မှတ် ၁၅ ခု တွင် ၁၄ ခုကို ထိမှန်ခဲ့ကာ ပြိုင်ပွဲဝင် ၁၁ သင်း ယှဉ်ပြိုင်ခဲ့ရာတွင် ပထမဆုကို ထိုက်ထိုက်တန်တန် ဆွတ်ခူးရရှိခဲ့သည်။

မြန်မာ့တပ်မတော်တင့်တပ်ဖွဲ့ဝင်များ အနေဖြင့် အဆိုပါ International Army Games ပြိုင်ပွဲ၏ တင့်ကားမောင်းနှင်ပစ်ခတ်ခြင်းပြိုင်ပွဲ Tank Biathlon ကို ယခုနှစ်အပါအဝင် (၅)ကြိမ်မြောက် ပါဝင်ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်ပြီး ၂၀၁၈ ခုနှစ်တွင် ပြိုင်ပွဲဝင် ၂၂ သင်းအနက် အဆင့် ၁၆၊ ၂၀၁၉ ခုနှစ်တွင် Division-2 ၌ ပြိုင်ပွဲဝင် ၁၁ သင်းအနက် အဆင့် ၅ ၊ ၂၀၂၀ ပြည့်နှစ်တွင် Division-2 ၌ ပြိုင်ပွဲဝင် ရှစ်သင်းအနက် အဆင့် ၄ ၊ ၂၀၂၁ ခုနှစ်တွင် Division-2 ၌ ပြိုင်ပွဲဝင် ရှစ်သင်းအနက် တတိယအဆင့် စသည်ဖြင့် ရပ်တည်နိုင်ခဲ့ပြီး နိုင်ငံတကာစစ်ဘက်အဖွဲ့အစည်းများ၏ ပြိုင်ပွဲယှဉ်ပြိုင်မှု အတွေ့အကြုံများ၊ နည်းပညာပိုင်းဆိုင်ရာ အတွေ့အကြုံများနှင့် ချစ်ကြည်ရင်းနှီးမှုများ ရရှိအောင် စွမ်းဆောင်နိုင်ခဲ့သည်။

ထို့ပြင် တတိယအကြိမ်မြောက် နိုင်ငံတကာ ဗိုလ်လောင်းများအားကစားပြိုင်ပွဲ (3rd CISM World Cadet Games) တွင် မြန်မာ့တပ်မတော်ကိုယ်စားပြု ဗိုလ်လောင်းများက ပြိုင်ပွဲအမျိုးအစား ခုနစ်မျိုးရှိသည့်အနက် သုံးမျိုးပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ပြိုင်ပွဲဝင်နိုင်ငံပေါင်း ၂၀ ရှိသည့်အနက် နိုင်ငံအလိုက် အဆင့် ၈ နေရာ ရရှိခဲ့သည်။

### ပါဝင်ယှဉ်ပြိုင်

အလားတူ မြန်မာ့တပ်မတော်အနေဖြင့် International Army Games-2022 ပြိုင်ပွဲများဖြစ်သော ဆေးတပ်ဖွဲ့စွမ်းရည်ပြိုင်ပွဲ (Military Medical Relay Race (Medical Staff Competition))၊ လက်ဖြောင့်သေနတ်ပစ်ခတ်ခြင်းပြိုင်ပွဲ (Sinper Frontier) များတွင် ပါဝင်ယှဉ်ပြိုင်လျက်ရှိကြောင်းနှင့် ဆက်စပ်ပြိုင်ပွဲတစ်ရပ်ဖြစ်သော Army of Culture တွင်လည်း မြန်မာ့တပ်မတော်ကိုယ်စားပြု ရိုးရာယဉ်ကျေးမှုအဖွဲ့များက ပါဝင်ယှဉ်ပြိုင်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# ပညာရေးယိုပေါက်ကို ပြည်သူ့အားဖြင့် ပိတ်ပင်တားဆီးရေး

**ဒေါက်တာမောင်သင်း**

**ကျွန်တော်တို့နိုင်ငံတွင် နှစ်စဉ် အခြေခံပညာကျောင်းများ စတင်ဖွင့်လှစ်လျှင် ကျောင်းအပ်သည့်နှုန်းမှာ အားရစရာပင် ဖြစ်ပါသည်။ ကျောင်းသင်ပညာရေးသည် “စ” (ကျောင်းအပ်နှံခြင်း)၊ “လယ်” (ကျောင်းတက်မှန်၍ ကျောင်းမြဲနှုန်း မြင့်မားခြင်း)၊ “အဆုံး” (သိသင့်၊ တတ်သင့်သည်တို့ကို တတ်မြောက်စေပြီး လူသား၏ အခြေခံစွမ်းရည်များ ပိုင်ဆိုင်အောင် လေ့ကျင့်မွေးထုတ်ခြင်း) ဆိုသည့် သုံးပါးစလုံးကို အောင်မြင်အောင်လုပ်ဆောင်ရမည့် နိုင်ငံ့အရေးပင် ဖြစ်ပါသည်။**

ကျောင်းအပ်ခြင်းသည် ပညာရေး၏ တာထွက်အဆင့်သာဖြစ်ပြီး အပ်ထားသော ကျောင်းသားအားလုံးကို နှစ်လယ်မှ နှစ်ဆုံးအထိ သင်ကြားနိုင်မှုရှိပါမှ ပညာသင်နှစ်တစ်နှစ်၏ ပန်းတိုင်သို့ရောက်ရှိခြင်း ဖြစ်ပါသည်။ ထိုကိစ္စသုံးပါးစလုံး အောင်မြင်ရေးသည် ဆရာ ဆရာမများနှင့် ပညာရေးဌာနတွင် အဓိကတာဝန်ရှိသည်မှာ မှန်သော်လည်း မိဘများ၊ ရပ်ကွက်၊ ကျေးရွာများနှင့် နိုင်ငံကို ဆင်းရဲမှုမှကင်းလွတ်စေချင်သည့် နိုင်ငံသားများအားလုံး ပါဝင်ပူးပေါင်းပါမှ အောင်မြင်မည့် နိုင်ငံ့အရေး၊ တစ်နည်းအားဖြင့် အမျိုးသားရေးလုပ်ငန်းတစ်ရပ်ပင် ဖြစ်ပါသည်။

## ပညာရေးယိုပေါက်ဆိုသည်မှာ

၂၃-၇-၂၀၂၂ ရက်နေ့တွင် ကျင်းပသည့် ၂၀၁၉-၂၀၂၀ ပညာသင်နှစ်နှင့် ၂၀၂၁-၂၀၂၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသူများကို ဂုဏ်ပြုဆုပေးပွဲအခမ်းအနားတွင် ပြောကြားသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ မိန့်ခွန်းတွင် **“ယနေ့ ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်လာသူများသည် ၂၀၁၀-၂၀၁၁ ပညာသင်နှစ်တွင် သူငယ်တန်းကို တက်ရောက်သူများဖြစ်ကြပြီး ၁၁၈၇၃၉၂ ဦး ရှိကြောင်း၊ မူလတန်းအောင်မြင်၍ အလယ်တန်းအဆင့် ပဉ္စမတန်းသို့ တက်ရောက်နိုင်သူ ၈၀၈၈၇၈ ဦး၊ ရာခိုင်နှုန်းအားဖြင့် ၆၈ ဒသမ ၁၂ ရာခိုင်နှုန်းသာ အတန်းစဉ်ကူးပြောင်းနိုင်ခဲ့ကြောင်း၊ ၃၁ ဒသမ ၈၈ ရာခိုင်နှုန်းသည် မူလတန်းတွင် ကျန်ရှိနေခဲ့ကြောင်း၊ အလယ်တန်းအဆင့်မှ အထက်တန်းအဆင့် နဝမတန်းသို့ တက်ရောက်နိုင်သူ ၅၈၅၁၈၂ ဦးရှိသည့်အတွက် စတင်ကျောင်းနေသူဦးရေ၏ ၄၉ ဒသမ ၂၈ ရာခိုင်နှုန်းဖြစ်ပြီး ၅၀ ဒသမ ၇၂ ရာခိုင်နှုန်း ကျန်ရှိနေခဲ့သည်ကို တွေ့ရှိရကြောင်း၊ နဝမတန်းမှ တက္ကသိုလ်ဝင်တန်းသို့ တက်ရောက်နိုင်သူ ၂၃၂၁၄၈ ဦးရှိသဖြင့် စတင်ကျောင်းနေသူဦးရေ၏ ၁၉ ဒသမ ၅၅ ရာခိုင်နှုန်းသာရှိပြီး ၈၀ ဒသမ ၄၅ ရာခိုင်နှုန်းမှာ ကျန်ရှိခဲ့သည်ကို တွေ့ရှိရကြောင်း”** ဟူ၍ ပါရှိခဲ့ပါသည်။

အခြေခံပညာပြီးမြောက်ခြင်းမရှိဘဲ ကျောင်းထွက်မှုရာခိုင်နှုန်းသည် ၈၀ ဒသမ ၄၅ ရာခိုင်နှုန်းဖြစ်၍ ဤသို့ကျောင်းနေအရွယ်ကလေးများ အခြေခံပညာကျောင်းပြီးမြောက်အောင် တက်ရမည်ကို မတက်နိုင်ဘဲ အကြောင်းအမျိုးမျိုးကြောင့် ကျောင်းထွက်သွားရသူများကို **“ပညာရေးယိုပေါက် (Education Dropout)”** ဟု သုံးနှုန်းကြပါသည်။

နှစ်စဉ် ကျောင်းထွက်ရသည့် **“ပညာရေးယိုပေါက်”** ဖြစ်ပေါ်နေရခြင်းမှာ နယ်မြေတည်ငြိမ်အေးချမ်းမှုမရှိခြင်း၊ မိဘများအနေဖြင့် စီးပွားရေးမပြေလည်၍ ကလေးများက ကျောင်းထွက်ပြီး ဝင်ငွေရှာရခြင်း၊ ကောက်ရိတ်သိမ်းချိန်တွင် ကူညီရခြင်း၊ ကလေးငယ်များကို ဝိုင်းထိန်းရခြင်း စသည့်အခက်အခဲတို့ကြောင့် ကလေးများသည် ပညာသင်နှစ်ဆုံးအောင် ကျောင်းကို ဆက်လက်မတက်နိုင်ဘဲ ကျောင်းထွက်ခဲ့ကြရပါသည်။

အဆိုပါ ပညာရေးယိုပေါက်ကို ပညာရေးအဟောသိကံဟုလည်း သုံးနှုန်းကြပါသည်။ ထိုဖြစ်စဉ်သည် ကျွန်တော်တို့နိုင်ငံတွင် အမြစ်တွယ်နေခဲ့သည်မှာ ရာစုနှစ်တစ်ဝက်ကျော်ပင် ကြာခဲ့ပြီဖြစ်ပါသည်။ နိုင်ငံတကာပညာရေး ပညာရှင်များနှင့် စီးပွားရေးပညာရှင်တို့၏ လေ့လာမှုများအရ လူ့အဖွဲ့အစည်းတွင် ပညာရေးအဟောသိကံဖြစ်မှုနှုန်းများလေလေ ဆင်းရဲမှုသံသရာလည်လေလေဖြစ်ကြောင်း တွေ့ရှိရပါသည်။ ပညာရှင်များလေ့လာတွေ့ရှိသည့် ဤအချက်ကို အထူးသတိပြုရပါလိမ့်မည်။ လျစ်လျူရှုထား၍ မရနိုင်ပါ။ နိုင်ငံတော်အနေဖြင့် တိကျသည့်မူဝါဒများ ချမှတ်အကောင်အထည်ဖော်ရလိမ့်မည်ဟု မြင်မိပါသည်။ သို့ပါ၍ ဆင်းရဲမှုကင်းဝေးပြီး ဖွံ့ဖြိုးမှုကို ဆောင်ရွက်နိုင်ရန်အတွက် ပညာရေးယိုပေါက်ကို ကျွန်တော်တို့ မဖြစ်မနေ အရင်ပိတ်ရပါလိမ့်မည်။

ကမ္ဘာ့နိုင်ငံအသီးသီးတွင် မူလတန်းပညာရေးကို မသင်မနေရအဆင့်ထားရှိပြီး အောင်မြင်အောင် အကောင်အထည်ဖော်ရသည့် အဓိကရည်မှန်းချက် နှစ်ချက်မှာ -

(၁) မိသားစု၊ မိမိပတ်ဝန်းကျင်နှင့် အလုပ်ခွင်တို့တွင် ရင်ဆိုင်ကြုံတွေ့ရသည့် ပြဿနာများကို စနစ်တကျ ရင်ဆိုင်ဖြေရှင်းပေးနိုင်မည့် စာပေတတ်မြောက်မှုနှင့် လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားသည့် နိုင်ငံ့သားကောင်းများ မွေးထုတ်ပေးရန်၊

(၂) ဘဝတစ်လျှောက် စဉ်ဆက်မပြတ် လေ့လာပညာသင်ယူနိုင်မှု အရည်အသွေးကို ပိုင်ဆိုင်နိုင်သည့် အခြေခံအုတ်မြစ်များကို ချထားပေးနိုင်ရန်တို့ ဖြစ်ပါသည်။

အထက်ပါ ရည်မှန်းချက်များကို ဆောင်ရွက်နိုင်ပြီဆိုလျှင် လူသားတစ်ဦးစီတွင် -

(က) လူနေမှုအဆင့်အတန်း ပိုမိုမြင့်မားလာစေရန် ကြိုးပမ်းအားထုတ်နိုင်စွမ်းရှိလာခြင်း၊

(ခ) အသိပညာနှင့် နားလည်သဘောပေါက်မှု မြင့်မားလာခြင်း၊

(ဂ) စိတ်ဓာတ်နှင့် အလေ့အကျင့်ကောင်းများ ဖြစ်ထွန်းလာစေခြင်း၊ စူးစမ်းလေ့လာလိုစိတ် ပွားများလာခြင်း၊ ကိုယ်ကျင့်တရား ခိုင်မာမှုကို တန်ဖိုးထားခြင်း၊ အမြင်ကျယ်ခြင်းနှင့် ရှေ့ရေးကို ကြိုတင်မြော်မြင်တတ်ခြင်း၊ အလုပ်ကို ဇွဲရှိရှိ လုပ်ဆောင်နိုင်ခြင်း၊ အခြားအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ရပ်ရွာ၏ ဘုံရည်မှန်းချက်အကျိုးကို ဆောင်ရွက်နိုင်စွမ်းရှိခြင်း စသည့်အရည်အသွေးများကို ပိုင်ဆိုင်နိုင်လိမ့်မည်ဖြစ်ပါသည်။

**“မူလတန်းပညာရေး”** ဆိုသည်မှာ စာရေး၊ စာဖတ်တတ်ရန် သက်သက်သာ သင်ကြားဖို့မဟုတ်ပါ။ စာသက်သက်သာသင်သည့် မူလတန်းပညာရေးမှာ အောင်မြင်သောပညာရေးမဟုတ်ကြောင်း သတိပြုသင့်ပါသည်။ စာပေကိုအခြေပြု၍ အသက်အရွယ်အလိုက် သိသင့်၊ တတ်သင့်သည်များကို တတ်မြောက်မှုနှင့်အပြိုင် လူသားတိုင်းတွင် ရှိနေရမည့် အခြေခံပညာအရည်အသွေးများကို ပိုင်ဆိုင်နိုင်အောင် လေ့ကျင့်ပေးနေခြင်း ဖြစ်ပါသည်။ အသိပညာမြင့်မားလျှင် ဆင်းရဲမှုသံသရာမှ ရုန်းထွက်လိုစိတ် ထက်သန်ရေးကို ပိုင်ဆိုင်လာလိမ့်မည်။

> ❛ကလေးများပညာကောင်းဖို့ တို့တာဝန်၊ ကလေးတစ်ယောက် ကျောင်းထွက်မှုသည် တို့ရပ်၊ တို့ရွာကို ဆင်းရဲမွဲတေမှုနှုန်း မြင့်စေသောကြောင့် တို့ရပ်၊ တို့ရွာ ဖွံ့ဖြိုးစေရန် ကလေးအားလုံး ကျောင်းမြဲ၍ အနိမ့်ဆုံးမူလတန်းအဆင့်ပညာရေး ပြီးမြောက်ရေးနှင့် ထိုမှတစ်ဆင့် အခြေခံပညာအလယ်တန်းအဆင့် (KG + 9) အောင်မြင်ရန် လိုအပ်သည်ဆိုသောအချက်ကို အမြဲသတိပြုပြီး ဆောင်ရွက်ပေးကြရန် အထူးတာဝန်ရှိ❜

ဆင်းရဲမှုကင်းမှ ဖွံ့ဖြိုးမှုကို ဆောင်ရွက်နိုင်မည်ဖြစ်၍ **“လူ့အဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်မှုအစ မူလတန်းပညာရေး ပြီးမြောက်မှုက”** ဟု ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက လက်ခံကျင့်သုံးနေပါသည်။ ထို့ကြောင့် မူလတန်းပညာရေးကို မသင်မနေရအဆင့်ဆိုပြီး ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်နေကြခြင်း ဖြစ်ပါသည်။ သို့သော်လည်း ယနေ့ အာရှနိုင်ငံများတွင် ဘင်္ဂလားဒေ့ရှ်၊ လာအိုနှင့် မြန်မာနိုင်ငံတို့သာ မသင်မနေရ မူလတန်းပညာရေးသာရှိ၍ အခြားနိုင်ငံများတွင် မသင်မနေရ ပညာရေးကို အခြေခံပညာအလယ်တန်းအဆင့်ပြီးမြောက်သည်အထိ ရည်မှန်းချက်ထား၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

ပညာရေးယိုပေါက်ပိတ်ရေးနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရအဖွဲ့အစည်းတွင် အဓိကတာဝန်ရှိသော်လည်း ကျွန်တော်တို့ နိုင်ငံသားတိုင်းတွင်လည်း တာဝန်ရှိပြီး ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် လိုအပ်ပါသည်။ မဖြစ်မနေပါဝင်သင့်သူများမှာ -

### (၁) ကျွန်တော်တို့ ကျောင်းဆရာ ဆရာမများ

ကျေးလက်နှင့် မြို့ပြ၏ဆင်ခြေဖုံးရပ်ကွက်တွင်ရှိသော မူလတန်းကျောင်းများမှ ဆရာ ဆရာမများသည် ကလေးများ ကျောင်းမတက်လျှင် နေမကောင်းလို့လား၊ ဘာအဆင်မပြေလို့လဲဆိုပြီး အိမ်တိုင်ရာရောက် မေးမြန်းဆွေးနွေးပါသည်။ မိဘများကို နှစ်သိမ့်ပေးပြီး ကလေးငယ်ထိန်းရန် လိုအပ်လျှင် ကျောင်းသို့ ခေါ်လာစေပါသည်။ ထို့အတူ မိဘများအား ကူညီသည့် ကျောင်းပျက်သောကလေးများကို ညဘက်တွင် အိမ်ခေါ်ပြီးသင်ပေးပါသည်။ ငွေပေးရသည့်ကျူရှင်မျိုး လုံးဝမဟုတ်ပါ။ ကျောင်းဆရာဆိုသည်မှာ မိမိတို့၏ ကျောင်းသားများကို ပညာမျက်စိဖွင့်ပေးရေးမှာသာလျှင် တာဝန်ရှိသည်မဟုတ်ပါ။ ကျောင်းတည်ရှိသည့် ပတ်ဝန်းကျင်တွင်ရှိသော လူ့အဖွဲ့အစည်း၏ အသိပညာထွန်းတောက်ရေးကိုပါ ဆောင်ရွက်ပေးရမည်ဖြစ်၍ မိဘများ၏ ပညာရေးအမြင်ကျယ်အောင်လည်း ရပ်မိရပ်ဖများနှင့်ပူးပေါင်း၍ အသိဉာဏ်ဖွင့်ပေးရန် လိုအပ်ပါသည်။ သို့မှသာ သူတို့ကလေးများအား အနိမ့်ဆုံး မူလတန်းပညာပြီးမြောက်အောင် သင်ကြားပေးပြီး အလယ်တန်းအဆင့်သို့ ဆက်လက်စေလွှတ်ကာ ကလေးများ၏ အသိဉာဏ်ပညာမြင့်မားအောင် ဆောင်ရွက်ကြလိမ့်မည်။ ထိုသို့လုပ်ဆောင်နိုင်မှသာ ပညာရေးယိုပေါက်ကို ပိတ်နိုင်လိမ့်မည် ဖြစ်ပါသည်။

### (၂) ကျောင်းအကျိုးတော်ဆောင်အဖွဲ့

ကျောင်းအကျိုးတော်ဆောင်အဖွဲ့၏ အဓိကအလုပ်မှာ ကလေးများ၏ ပညာရေးကောင်းရန်အတွက် သင်ကြားသင်ယူမှုကောင်းသည့် ဝန်းကျင်များ ဖြစ်ထွန်းစေရေးကို ဝိုင်းဝန်းကူညီပံ့ပိုးပေးခြင်းပင်ဖြစ်ပါသည်။ ကျောင်းတွင် လိုအပ်သော သင်ထောက်ကူပစ္စည်း၊ သောက်ရေ၊ ကျောင်းအဆောက်အအုံများတိုးချဲ့ခြင်း၊ ပြုပြင်ခြင်းနှင့် ယနေ့ဆိုလျှင် ငြိမ်းချမ်းစွာပညာသင်ကြားနိုင်ရေးကို ပူးပေါင်းဆောင်ရွက်ခြင်းများလောက်သာ ဆောင်ရွက်ရန်သက်သက်မဟုတ်ပါ။ ကိုယ့်ကျောင်းက ကျောင်းသားများ စာသင်နှစ်မပြီးဆုံးခင် ကျောင်းထွက်သည့် ယိုပေါက်ကိုလည်း သတိပြုပြီး ပိတ်နိုင်စွမ်းရှိရပါမည်။ ကလေးများ မဖြစ်မနေ ကျောင်းပြန်တက်နိုင်အောင် မိဘများနှင့် ဆွေးနွေး၊ နှစ်သိမ့်၊ အကြံပြု၊ လိုအပ်သည်များကို ကူညီဖြည့်ဆည်းပေးပြီး ကျောင်းကို မရောက်ရောက်အောင် ပြန်ပို့သောအလုပ်သည်လည်း ကျောင်းအကျိုးတော်ဆောင်အဖွဲ့၏ တာဝန်ပင်ဖြစ်ပါသည်။ ထိုအဖွဲ့သည် ရပ်ရွာအပေါ်တွင် စေတနာအလွန်ကြီးမားကြပြီး လူမှုဆက်ဆံရေးကောင်းမွန်သည့် ဩဇာတိက္ကမကြီးသူများနှင့် ဖွဲ့စည်းထားခြင်းဖြစ်သောကြောင့် ပညာရေးယိုပေါက်ကိုပိတ်နိုင်သော စွမ်းအားလည်းရှိကြပါသည်။ ကလေးများပညာကောင်းဖို့ တို့တာဝန်၊ ကလေးတစ်ယောက် ကျောင်းထွက်မှုသည် တို့ရပ်၊ တို့ရွာကို ဆင်းရဲမွဲတေမှုနှုန်း မြင့်စေသောကြောင့် တို့ရပ်၊ တို့ရွာ ဖွံ့ဖြိုးစေရန် ကလေးအားလုံး ကျောင်းမြဲ၍ အနိမ့်ဆုံး မူလတန်းအဆင့်ပညာရေး ပြီးမြောက်ရေးနှင့် ထိုမှတစ်ဆင့် အခြေခံပညာအလယ်တန်းအဆင့် (KG + 9) အောင်မြင်ရန် လိုအပ်သည်ဆိုသောအချက်ကို အမြဲသတိပြုပြီး ဆောင်ရွက်ပေးကြရန် အထူးတာဝန်ရှိပေသည်။

### (၃) မိဘများ၊ ရပ်မိရပ်ဖများနှင့် တာဝန်ရှိသူများ

တိုင်းပြည်ဆင်းရဲနွမ်းပါးမှု၏ တရားခံမှာ ရုပ်ဝတ္ထုရှားပါးခြင်းမဟုတ်ပါ။ ပြည်သူများ၏ အသိဉာဏ်ပညာ ဆင်းရဲမွဲတေမှုကြောင့်သာလျှင်ဖြစ်ကြောင်းကို မိဘများအနေဖြင့် သတိပြုရပါလိမ့်မည်။ ဆင်းရဲမှုသံသရာကို ယနေ့ မိဘများဆီကနေ လက်ရှိကလေးငယ်တို့နှင့် သူတို့၏ နောက်မျိုးဆက်များဆီသို့ မရောက်ရလေအောင် အပြီးတိုင် အမြစ်ဖြတ်ရပါလိမ့်မည်။ ဖြတ်ဖို့နည်းလမ်းမှာ **“ကလေးများကို အသိဉာဏ်ကြွယ်ဝစေရန် ဝိုင်းဝန်းကူညီပေးရေးက အဓိက”** ဖြစ်ပါသည်။ ကျောင်းအပ်ပြီးလျှင်၊ ကျောင်းရောက်ပြီးလျှင် စာတတ်မြောက်ရန် ဆရာ ဆရာမတို့၏ တာဝန်ဆိုသည့်အစွဲကို ရပ်မိရပ်ဖများနှင့် မိဘများအနေဖြင့် ဖျောက်နိုင်ရမည် ဖြစ်ပါသည်။ မိဘများနှင့်အတူ ရပ်မိရပ်ဖများနှင့် တာဝန်ရှိသူအားလုံးသည် တို့ရပ်၊ တို့ရွာ ဖွံ့ဖြိုးရေးသည် ကလေးများ၏ အနိမ့်ဆုံး မူလတန်းအဆင့်ပညာရေး ပြီးမြောက်အောင်မြင်မှုအပေါ်တွင် မူတည်နေသည်ဆိုသည့်အချက်ကို မြင်တတ်ကြရန်ဖြစ်ပါသည်။ တစ်ရပ်ကွက်လုံး၊ တစ်ရွာလုံးမှသည် တစ်နိုင်ငံလုံး မူလတန်းအဆင့် ပြီးမြောက်အောင်မြင်ပြီး လူ့အဖွဲ့အစည်းတစ်ခုလုံး ပညာရည်မြင့်မားစေရန် ဖြစ်ပါသည်။ ထို့ကြောင့် ဝိုင်းပြီးကူကိုကူညီရမည်ဆိုသည့် **“တိုင်းပြည်အကျိုးပြု အသိတရားအမြင်”** ဖြင့် ရပ်မိရပ်ဖများ၊ ကျေးရွာ၊ ရပ်ကွက် အာဏာပိုင်အဖွဲ့အစည်းများအားလုံးက ဝိုင်းဝန်းကူညီရန် လိုအပ်ပေလိမ့်မည်။ **(ဆက်လက်ဖော်ပြပါမည်)**

## စစ်ကိုင်းမြို့ ဆွမ်းဦးပုညရှင်စေတီတော်ကြီး အသံမစဲမဟာပဋ္ဌာန်းကျမ်းတော်မြတ် ရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲ၊ ပရိတ်တရားတော်ချီးမြှင့်ပွဲနှင့် သံဃဒါန ပင့်သံဃာတော် ၃၃၃ ပါးတို့အား ဆွမ်းတော်ကြီးလောင်းလှူပွဲ ကျင်းပ



မုံရွာ ဩဂုတ် ၂၁

စစ်ကိုင်းတိုင်း ဒေသကြီး စစ်ကိုင်းမြို့ ဆွမ်းဦးပုညရှင် စေတီတော်မြတ်ကြီး အသံမစဲ မဟာပဋ္ဌာန်းကျမ်းတော်မြတ် ရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲ၊ ပရိတ်တရားတော်ချီးမြှင့်ပွဲနှင့် သံဃဒါန ပင့်သံဃာတော် ၃၃၃ ပါးတို့အား ဆွမ်းတော်ကြီး လောင်းလှူပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါစေတီတော်ကြီး အရှေ့ဘက် အာရုံခံတန်ဆောင်းတော်ကြီး၌ ကျင်းပသည်။

### တက်ရောက်

အခမ်းအနားသို့တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့်ဇနီး၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သန်းထိုက်နှင့်ဇနီး၊ တိုင်းဒေသကြီးအစိုးရ အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာ ဝန်ထမ်းများ၊ မြို့မိမြို့ဖများ၊ အလှူရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ် ဘုရားကန်တော့၍ ဖွင့်လှစ်ကြပြီး စစ်ကိုင်းမြို့ ခေမာသီဝံကျောင်းတိုက် နိုင်ငံတော်ဩဝါဒါစရိယ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာသီရိ ဆရာတော်ကြီးထံမှ ကိုးပါးသီလခံယူဆောက်တည်ကာ ဆရာတော်ကြီးများထံ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် အလှူရှင်များက အလှူငွေများနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြပြီး စစ်ကိုင်းမြို့ ဇေယျာညွန့်ကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တသုမနက အသံမစဲမဟာပဋ္ဌာန်းပွဲ အောင်မြင်ကြောင်း အောင်သြဘာပတ္ထနာအား ရွတ်ဖတ်ပူဇော်သည်။

ထို့နောက် စစ်ကိုင်းမြို့ ရွှေဘုန်းရှံသီပရိယတ္တိစာသင်တိုက် ပဓာနနာယက အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ နိုင်ငံတော်သံဃမဟာနာယကဆရာတော် ဘဒ္ဒန္တပဏ္ဍာဝံသ ဆရာတော်ကြီးထံမှ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဧည့်ပရိသတ်များက အနုမောဒနာတရား နာယူကြည်ညိုပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကာ စစ်ကိုင်းမြို့ မြို့မဈေးကြီး ဆရာတော်က ပဋ္ဌာန်းတရားတော်နာကြားရန် လာကြကုန်သော နတ်အပေါင်းအား ပြန်လည်ပို့ဆောင်သော နတ်ပို့ဂါထာတော်ဖြင့် ပို့ဆောင်ပူဇော်ပေးပြီး ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်းကြသည်။

ယင်းနောက် ပင့်သံဃာဆရာတော်ကြီးများနှင့် သံဃာတော်များက မြန်မာနိုင်ငံသူ မြန်မာနိုင်ငံသားတို့ ဘေးရန်ကင်းကွာ စိတ်ချမ်းသာ အေးချမ်းသာယာဝပြောစေရန် ပရိတ်တရားတော်များ ချီးမြှင့်တော်မူကြသည်။

ထို့နောက် မန္တလေးမြို့နှင့် စစ်ကိုင်းတောင်ရိုးရှိကျောင်းတိုက်အသီးသီးတို့မှ ပင့်သံဃာဆရာတော်ကြီးများနှင့် သံဃာတော် ၃၃၃ ပါးတို့အား တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူး၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် မြို့မိမြို့ဖများ၊ အလှူရှင်များက ဆွမ်းဆန်စိမ်းများနှင့် ဝတ္ထုငွေများ လောင်းလှူကြပြီး ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းကြသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## ရမည်းသင်းမြို့နယ် ပျားစီကျေးရွာ၌ ၃၃/၁၁ ကေဗွီ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံသစ် တိုးချဲ့တည်ဆောက်

ရမည်းသင်း ဩဂုတ် ၂၁

ရမည်းသင်းမြို့နယ် ပျားစီကျေးရွာ၌ ၃၃/၁၁ ကေဗွီ ဓာတ်အားခွဲရုံသစ် တိုးချဲ့တည်ဆောက်ခြင်းနှင့် မြို့လှကျေးရွာမှ ပျားစီကျေးရွာသို့ ၃၃/၁၁ ကေဗွီ ဓာတ်အားလိုင်း ၁၁ ဒသမ ၅ မိုင် အသစ်တိုးချဲ့လိုင်းဆွဲခြင်း လုပ်ငန်း များကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် တိုင်းဒေသကြီးဘတ်ဂျက်ဖြင့် ဆောင်ရွက်လျက်ရှိရာ 5.MVA မိန်းထရန်စဖော်မာ တပ်ဆင်ပြီးဖြစ်သည်။

ယနေ့တွင် လုပ်ငန်းများဆောင်ရွက်ထားမှု ၇၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးဖြစ်သည့်အတွက် ရမည်းသင်းမြို့နယ် အနောက်ခြမ်းရှိ



ကျေးရွာပေါင်း ၃၂ ရွာတွင် မကြာမီ လျှပ်စစ်မီးလင်းတော့မည်ဖြစ်ကြောင်း မြို့နယ်လျှပ်စစ်မန်နေဂျာထံမှ သိရသည်။

**တင်ဦး(ရမည်းသင်း)**

## မနက်ဖြန်နံနက်အထိ ခန့်မှန်းချက်

နေပြည်တော် ဩဂုတ် ၂၁

ကချင်ပြည်နယ်တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်းနှင့်အရှေ့ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ **မိုး/ဇလ**

## ပွဲတော်သဘင် နွဲပျော်ဆင်

(ရှစ်ဆယ်ပေါ်တေးထပ်)

❖ **ပန်တျာသီ၊ စံဗှာနီ၊ သံသာကြည်မြ**
**ထံတျာဂီတ အလင်္ကာ၊**
**ဟန်ပါညီလှ အဆင်တန်ဆာရယ်၊**
**အစဉ်အလာ ယဉ်ကျေး။**
**(အမွေအနှစ်တို့၊ အခြေအမြစ်မို့)**
**သွေမပစ်လို့ ထွန်းသစ်နေသည်**
**ရွှန်းမျစ်ဝေ ကမ်းဆက်လို့ပေး။**

❖ **(နေခြည်လင်းလက်၊ ရွှေရည်ဝင်းစက်၊)**
**လေပြည်ညင်းသက်၊ မှုန်းဆင်ကာရယ်**
**ထုံးစဉ်လာ တည်ရေး။**

❖ **ဘုန်းအင်္ဂါ အရည်အသွေးကိုလ**
**အရှည်တွေး ဖော်ထုတ်ပြန်။**
**မက်မပြေ၊ အချက်တွေ၊ အခက်ဝေဖြိုးပါလို့**
**ကျက်သရေတိုး မျိုးဇာတိမာန်။**

❖ **(နိုင်ငံတစ်ဝန်းက၊ ခိုင်သန်လန်းလှ)**
**ပိုင်စံအစွမ်းပြ ဗီဇမှန်သည်**
**ပီသရန် ရည်မျှော်ညွှန်းပါလို့**
**တည်မော်ကွန်း မျိုးဆက်အစဉ်**
**တိုးတက်ဖို့ပင်။**

❖ **(ဆိုသမျှ ရှေးနည်း၊ ချိုမြ အေးပြီး၊)**
**ဆို၊ က၊ ရေး၊ တီး နွဲပျော်ဆင်သည်**
**ပွဲတော်သဘင် စည်လွှန်းသည်တည့်လေး။**

❖ **(အကောင်းစားတွေဖက်၊ အဟောင်းများဖွေဆက်၊)**
**ခေါင်း၊ ခါး၊ ခြေ၊ လက် နည်းများမီသည်**
**စည်းဝါးနရီ ကြည်လွှန်းသည်တည့်လေး။**

❖ **(ဘိုးဘွားသွေးတို့၊ နီးကြားတွေးလို့၊)**
**အမျိုးသားရေးမို့ အင်အားညီသည်**
**ထင်ရှားစည် တည်ထွန်းသည်တည့်လေး။ ။**

**ရေနံ့သာမောင်ကျော်ညွန့်**

## ညောင်တုန်းမြို့နယ်၌ အဘိဓမ္မာ၊ ဝိသုဒ္ဓိမဂ် သင်တန်းဖွင့်ပွဲနှင့် စာအောင်ဆုနှင်းသဘင် အခမ်းအနားကျင်းပ

ညောင်တုန်း ဩဂုတ် ၂၁

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်၌ အဘိဓမ္မာ၊ ဝိသုဒ္ဓိမဂ် သင်တန်းဖွင့်ပွဲနှင့် စာအောင်ဆုနှင်းသဘင်အခမ်းအနားကို ယမန်နေ့မွန်းလွဲ ၁ နာရီက သာသနာလင်္ကာရကျောင်းကြီးကျောင်းတိုက်၌ ကျင်းပသည်။

အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဖွင့်လှစ်၍ မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်က အဖွင့်ဩဝါဒမိန့်ကြားတော်မူပြီး သင်တန်းမှူးဆရာတော် ဘဒ္ဒန္တကုဏ္ဍလသာမိက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်၊ သင်တန်းသားလက်ခံခြင်း၊ သင်တန်းပို့ချမည့်အစီအစဉ်များကို မိန့်ကြားသည်။

ထို့နောက် မြို့နယ်သာသနာရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဦးထွန်းနိုင်က သာသနာရေးဆိုင်ရာ ကိစ္စရပ်များနှင့် သင်တန်းကိစ္စရပ်များကို တင်ပြလျှောက်ထားပြီး စာအောင်ဆုနှင်းသဘင် အခမ်းအနားကို ကျင်းပရာ ၁၃၈၃ခုနှစ် အဘိဓမ္မာ၊ ဝိသုဒ္ဓိမဂ် စာမေးပွဲတွင် နိုင်ငံတော်အဆင့်အောင်မြင်ခဲ့ကြသည့် သင်တန်းသား သင်တန်းသူများအား တာဝန်ရှိသူများက အောင်လက်မှတ်နှင့် ဆုများချီးမြှင့်ကာ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို အောင်မြင်စွာပြီးမြောက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

☆ ကချင်ပြည်နယ်မှ

ကချင်ပြည်နယ်တွင် ဆီထွက်သီးနှံဖြစ်သည့် ဆီမုန်ညှင်း၊ မြေပဲ၊ နှမ်း၊ ပန်းနှမ်းနှင့် နေကြာတို့ကို အဓိကထားစိုက်ပျိုးလျက်ရှိရာ ယခုနှစ်နောက်ပိုင်းတွင် နှစ်အလိုက် ဆီထွက်နှုန်းကောင်းပြီး ကုန်ကျစရိတ် သက်သာသည့် နေကြာသီးနှံကို စိတ်ဝင်စားစွာ တိုးချဲ့ စိုက်ပျိုးလာကြကြောင်း သိရသည်။

ယော်ဆောင်(ပြန်/ဆက်)

## အသိပေးကြေညာချက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁၀-၁၂-၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၃၆၆/၂၀၂၁ ဖြင့် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီကို ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **“တရားမဝင် ကုန်သွယ်မှုသတင်းများ”**နှင့်ပတ်သက်၍ အောက်ဖော်ပြပါ တယ်လီဖုန်း၊ ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာ တို့ကို လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည် -

**ဆက်သွယ်ရန်**

| | | |
|---|---|---|
| အော်တိုတယ်လီဖုန်းနံပါတ် | - | ၀၆၇ ၄၀၉ ၈၈၃ |
| လက်ကိုင်ဖုန်းနံပါတ် | - | ၀၉ ၄၀၄၃၃၉၉၆၉ |
| ဖက်စ်ဖုန်းနံပါတ် | - | ၀၆၇ ၄၀၉ ၈၈၆ |
| အီးမေးလ်လိပ်စာ | - | antiillegaltradeinfo@gmail.com |

## အသိပေးကြေညာချက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁၀-၁၂-၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၃၆၆/၂၀၂၁ ဖြင့် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီကို ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **“ကုန်သွယ်မှု ဆောင်ရွက်ရာတွင် ဌာနဆိုင်ရာအဖွဲ့အစည်းများမှ ငွေကြေးတောင်းခံမှုသတင်းများ”**နှင့် ပတ်သက်၍ အောက်ဖော်ပြပါ တယ်လီဖုန်း၊ ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့ကို လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

**ဆက်သွယ်ရန်**

| | | |
|---|---|---|
| အော်တိုတယ်လီဖုန်းနံပါတ် | - | ၀၆၇ ၄၀၉ ၈၈၁ |
| လက်ကိုင်ဖုန်းနံပါတ် | - | ၀၉ ၆၉၉၆၁၁၁၁၆ |
| ဖက်စ်ဖုန်းနံပါတ် | - | ၀၆၇ ၄၀၉ ၈၈၇ |
| အီးမေးလ်လိပ်စာ | - | antiillegaltradeoffice@gmail.com |


## ၂၀၂၂-၂၀၂၃ ပညာသင်နှစ် အာဟာရဖွံ့ဖြိုးရေးနှင့် ကျောင်းကျန်းမာရေးလှုပ်ရှားမှုများ ခရိုင်အဆင့်အထိမ်းအမှတ် အခမ်းအနားကျင်းပ

**ကော့သောင်း ဩဂုတ် ၂၁**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့တွင် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် အာဟာရဖွံ့ဖြိုးရေးနှင့် ကျောင်းကျန်းမာရေးလှုပ်ရှားမှုများ ခရိုင်အဆင့် အထိမ်းအမှတ် အခမ်းအနားအား အထက(၁) ကော့သောင်း မြတ်ရတနာခန်းမ၌ ယမန်နေ့မွန်းလွဲပိုင်းက ကျင်းပသည်။



**ဦးဆောင်နိုင်မည်ဖြစ်**

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုက လူသားများအားလုံး အသက်ရှင်သန်ရေး၊ ကိုယ်ခန္ဓာဖွံ့ဖြိုးရေးနှင့် ဦးနှောက်အသိဉာဏ် ဖွံ့ဖြိုးရေးအတွက် နေ့စဉ်စားသုံးသည့် အစားအစာများသည် သန့်ရှင်းပြီးအာဟာရဓာတ်များပြည့်ဝရန် လိုကြောင်း၊ မြန်မာနိုင်ငံ၏ အနာဂတ်လူ့စွမ်းအား အရင်းအမြစ်ဖြစ်သည့် ကျောင်းနေအရွယ်ကလေးများ မှစတင်ကာ ကျန်းမာရေးသည် အရေးကြီး၍ ဉာဏ်ရည်ထက်မြက် ကျန်းမာသန်စွမ်းမှုသာ အနာဂတ်နိုင်ငံကို ဦးဆောင်နိုင်မည်ဖြစ်သည့်အတွက် ကျောင်းသားလူငယ်များ၏ ကျန်းမာရေးကို အထူးဂရုပြုပျိုးထောင် စောင့်ရှောက်လျက်ရှိကြောင်း၊ ကျောင်းကျန်းမာရေးလုပ်ငန်းများသည် ကြိုတင်ကာကွယ်ခြင်းနှင့် ကျန်းမာမှုအဆင့်မြှင့်တင်ခြင်း အတွက် အခြေခံကျသည့် လုပ်ငန်းဖြစ်ရာ ကျောင်းသား ကျောင်းသူများ ကျန်းမာရေးနှင့် ညီညွတ်စွာ နေထိုင်ပြုမူ ရွေးချယ်စားသောက်တတ်သည့် အမူအကျင့်ကောင်းများ လေ့ကျင့်ပေးရန် လိုအပ်ကြောင်း၊ ကိုဗစ်ကာလအတွင်း ကျန်းမာရေးဝန်ကြီးဌာနမှ ကျောင်းသား ကျောင်းသူများကို အသက်အရွယ်အလိုက် ကာကွယ်ဆေးများထိုးနှံပေးကာ ပညာရေးဝန်ကြီးဌာနနှင့်လက်တွဲဆောင်ရွက်လျက်ရှိကြောင်း၊ ကျောင်းကျန်းမာရေးလုပ်ငန်းများသည် ရေရှည်အကျိုးသက်ရောက်မှုများစွာရရှိနိုင်သည့်အတွက် ကျောင်းကျန်းမာရေးလုပ်ငန်းများကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာဌာနများ၊ မိဘ၊ ဆရာများနှင့် နီးနွှယ်အဖွဲ့အစည်းများ ညှိနှိုင်းပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း၊ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးမှုအတွက် အခြေခံကျသည့် ကျောင်းသားလူငယ်များ ကျန်းမာသန်စွမ်းအာဟာရဖွံ့ဖြိုးစေရန် အာဟာရစောင့်ရှောက်ရေးနှင့် ကျောင်းကျန်းမာရေးလုပ်ငန်းများကို အားလုံးကလက်တွဲညီညီ ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ အောင်ငွေစံက အာဟာရဖွံ့ဖြိုးရေးနှင့် ကျောင်းကျန်းမာရေးလှုပ်ရှားမှုအကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။

**ကြည့်ရှုအားပေး**

ယင်းနောက် အာဟာရဖွံ့ဖြိုးရေးနှင့် ကျောင်းကျန်းမာရေးလှုပ်ရှားမှု ခရိုင်အဆင့် အထိမ်းအမှတ် အထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့် စာစီစာကုံး၊ ပန်းချီနှင့်ကာတွန်းပြိုင်ပွဲများတွင် ဆုရရှိသူများအား တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများက ဆုများအသီးသီး ပေးအပ်ချီးမြှင့်ကြပြီး မူလတန်းကြိုကလေးများအား ဗီတာမင်အေဆေးလုံး တိုက်ကျွေးကာ ခင်းကျင်းပြသထားရှိသည့် အာဟာရဖွံ့ဖြိုးရေးနှင့် ကျောင်းကျန်းမာရေး လှုပ်ရှားမှုပညာပေးပြခန်းများအား ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ကျပ် ၄၈၆၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် ဩဂုတ် ၂၁**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ် ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများ ဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိက ထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ၂၀၂၂ ခုနှစ် ဩဂုတ် ၂၂ ရက်မှ ၂၈ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ၄၈၆၀ ကျပ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့ပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းနှင့် မသမာသည့် လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အဆိုပါအခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ ဝက်ဘ်ဆိုက် www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

သတင်းစဉ်

## အာဆီယံလူငယ်စကားရည်လုပွဲ ဒုတိယပတ်လည်ပြိုင်ပွဲ ဆက်လက်ကျင်းပ

**နေပြည်တော် ဩဂုတ် ၂၁**

အာဆီယံ လူငယ်စကားရည်လုပွဲ ၂၀၂၂ (ASEAN Youth Debate 2022) ဒုတိယပတ်လည်ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် ကျင်းပရာ မြန်မာနိုင်ငံမှ ပြိုင်ပွဲဝင်လူငယ်ကိုယ်စားလှယ် ခြောက်ဦး Virtual Online စနစ်ဖြင့် ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

အာဆီယံဒေသတွင်း လူငယ်များ အချင်းချင်း ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုရရှိစေရန် ရည်ရွယ်၍ ကမ္ဘောဒီးယားနိုင်ငံ ပညာရေး၊ လူငယ်နှင့်အားကစားဝန်ကြီးဌာနမှ ကြီးမှူး၍ စိန်ခေါ်မှုများကို အတူရင်ဆိုင်ဖြေရှင်းကြစို့ (Addressing Challenges Together: ACT) ဆောင်ပုဒ်ဖြင့် ပထမအကြိမ် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

ယနေ့ ဒုတိယပတ်လည် (Second Elimination Round)ပွဲစဉ်တွင် စင်ကာပူနိုင်ငံအသင်းနှင့် ကမ္ဘောဒီးယားနိုင်ငံ အသင်းတို့သည် “အာဆီယံဒေသအတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် အလုပ်အကိုင်အခွင့်အလမ်းနှင့် ပိုမိုဖန်တီးကြရမည်” ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြန်မာနိုင်ငံအသင်းနှင့် အင်ဒိုနီးရှားနိုင်ငံအသင်းတို့သည် “ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုသည် လူသားများအားလုံးအတွက် အကြီးမားဆုံး ခြိမ်းခြောက်မှုတစ်ခုဖြစ်သည်” ခေါင်းစဉ်ဖြင့်လည်းကောင်း ယှဉ်ပြိုင်ကြသည်။

မြန်မာနိုင်ငံမှ ပြန်ကြားရေးဝန်ကြီးဌာန၊ အလုပ်သမားဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနတို့မှ လူငယ်ကိုယ်စားလှယ် ခြောက်ဦးတို့သည် မြန်မာအဖွဲ့(၂)အဖြစ် အဆိုပြုသည့်ဘက်မှ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

ဩဂုတ် ၄ ရက်နှင့် ၅ ရက်တို့တွင် ကျင်းပခဲ့သည့် ပထမပတ်လည်ပြိုင်ပွဲ ပွဲစဉ်နှင့် ဩဂုတ် ၂၁ ရက်တွင် ကျင်းပသည့် ဒုတိယပတ်လည်ပြိုင်ပွဲ ပွဲစဉ်တို့တွင် အနိုင်ရရှိခဲ့သည့် အသင်းရှစ်သင်းတို့၏ ကွာတားဖိုင်နယ်ပြိုင်ပွဲ ပွဲစဉ်များကို စက်တင်ဘာ ၄ ရက်နှင့် ဆီမီးဖိုင်နယ်ပွဲစဉ်ကို စက်တင်ဘာ ၁၈ ရက်တို့တွင် Virtual Online စနစ်ဖြင့် ဆက်လက်ကျင်းပသွားမည်ဖြစ်ပြီး ဗိုလ်လုပွဲ ပွဲစဉ်ကို အောက်တိုဘာ ၁၂ ရက်နှင့် ဆုချီးမြှင့်ခြင်း အခမ်းအနားကို အောက်တိုဘာ ၁၃ ရက်တို့တွင် ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်မြို့၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**






**၂၀၂၂ ခုနှစ်၊ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့၏ရည်ရွယ်ချက်(၄)ရပ်**

- ❖ လူကုန်ကူးမှု တိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်အဖြစ် သတ်မှတ်၍ နိုင်ငံသားအားလုံး ပူးပေါင်းဆောင်ရွက်ရန်။
- ❖ လူကုန်ကူးမှုဆိုင်ရာအသိပညာများ ပြည်သူလူထုအတွင်း စိမ့်ဝင်ပျံ့နှံ့စေရန်။
- ❖ လူကုန်ကူးခံရသူများအား စာနာနားလည်ခြင်းဖြင့် ကာကွယ်စောင့်ရှောက်နိုင်ရန်။
- ❖ လူကုန်ကူးမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များအားလုံးတွင် ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန်။

## မုဒုံမြို့၌ ကရင်ရိုးရာ ဝါခေါင်လချည်ဖြူဖွဲ့မင်္ဂလာအခမ်းအနား ကျင်းပ



**မုဒုံ ဩဂုတ် ၂၁**

မွန်ပြည်နယ် မုဒုံမြို့နယ်တွင် ပဋ္ဌမအကြိမ်မြောက် ကရင်ရိုးရာဝါခေါင်လချည်ဖြူဖွဲ့ မင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၈ နာရီက မြို့မ(၄)ရပ်ကွက်ရှိ ဂျုံးဂျုံးဂျုတောရကျောင်းစာသင်တိုက်၌ ကျင်းပရာ မွန်ပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီး ဦးခင်မောင်ဦး၊ ပြည်နယ်/မြို့နယ် ကရင်စာပေနှင့် ယဉ်ကျေးမှုအသင်းနှင့် မြို့နယ်အဆင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ချစ်ကြည်ရင်းနှီးမှုရရှိ**

မွန်ပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီးက အဖွင့်အမှာစကားပြောကြားပြီး ကရင်တိုင်းရင်းသားများကိုယ်စား ဦးမြင့်ဆွေက ကရင်တိုင်းရင်းသားများ အချင်းချင်း စည်းလုံးညီညွတ်ချစ်ချစ်ခင်ခင်နေထိုင်သွားကြရန်၊ ကွဲကွာနေသောဆွေမျိုးများ မိသားစုအချင်းချင်း ပြန်လည်တွေ့ဆုံစုစည်းကြစေရန်၊ ကရင်အမျိုးသားအချင်းချင်း ချစ်ကြည်ရင်းနှီးမှုရရှိစေရန်၊ မျိုးဆက်သစ်လူငယ်များအား လူကြီးများထံမှ သွန်သင်ဆုံးမစကား ပြောကြားနိုင်ရန်နှင့် ရိုးရာယဉ်ကျေးမှုဖြစ်သည့် စကား၊ စာပေ၊ အနုပညာ၊ ဝတ်စားဆင်ယင်မှု၊ ရိုးရာဓလေ့များ မပျောက်ကွယ်စေရန် ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ကရင်တိုင်းရင်းသား သက်ကြီးများက ဧည့်သည်တော်များ၊ ကရင်မျိုးဆက်သစ်မောင်မယ်များ၊ ကလေးငယ်များအား ချည်ဖြူဖွဲ့ပေးခြင်း၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးတို့တွင် တိုးတက်ကောင်းမွန်စေရန် လိပ်ပြာဖွဲ့ဆုတောင်းပေးခဲ့ခြင်းနှင့် ကရင်မောင်မယ်များက အောခုအောခေါင် သီချင်းဖြင့် သီဆိုကပြဖျော်ဖြေခဲ့ကြကြောင်း သိရသည်။

**သားငယ် (မုဒုံ)**

## ရွှေကျင်မြို့နယ်၌ ဆန်တစ်ပြည် ကျပ် ၁၆၀၀ နှုန်းဖြင့် ရောင်းချပေး



**ရွှေကျင် ဩဂုတ် ၂၁**

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့က ပြည်သူများ ဈေးနှုန်းချိုသာစွာဖြင့် ဝယ်ယူ စားသုံးနိုင်ရန်အတွက် ဆန်တစ်ပြည်လျှင် ကျပ် ၁၆၀၀ နှုန်းဖြင့် ယနေ့ နံနက်ပိုင်းက မြို့ပေါ် ရပ်ကွက်များအတွင်း လှည့်လည် ရောင်းချပေးလျက်ရှိသည်။

**ရောင်းချ**

ထိုသို့ ရောင်းချပေးရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလှမင်းသူနှင့် ဝန်ထမ်းများက မိဘပြည်သူများအား ဧည့်မထ ဆန်တစ်ပြည်လျှင် ငွေကျပ် ၁၆၀၀ နှုန်းဖြင့် မိမိတို့တတ်နိုင်သမျှ ဝယ်ယူနိုင်ရေးအတွက် မော်တော်ယာဉ်များဖြင့် လှည့်လည်ရောင်းချပေးခဲ့သည်။

ရွှေကျင်မြို့နယ် အတွင်းရှိ ပြည်သူများ ဆန်စားသုံးမှု အခက်အခဲမရှိစေရန် ဆန်အိတ် ၁၀၀ ကို သတ်မှတ်နေ့ရက်အလိုက် ကျန်ရှိနေသည့် မြို့ပေါ်ရပ်ကွက်များသို့ ဆက်လက်ရောင်းချပေးသွားမည် ဖြစ်ကြောင်း သိရသည်။

**ထွန်းထွန်းဇော်(ပြန်/ဆက်)**

## ကျန်းမာရေးနှင့်ညီညွတ်သည့် စားသုံးဆီများ ဈေးနှုန်းချိုသာစွာရောင်းချပေး

**ရန်ကုန် ဩဂုတ်၂၁**

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် လက်ဝဲမင်းဒင်လမ်းတွင် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ အစီအစဉ်ဖြင့် Six Winner BrothersCo.,Ltd. က Mobile Market ဖွင့်လှစ်၍ စားသုံးဆီများကို ယနေ့နံနက်ပိုင်းတွင် ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးခဲ့ကြောင်း သိရသည်။

ယင်းသို့ ရောင်းချရာတွင် တာမွေမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကိုးအောင်နှင့် အဖွဲ့ဝင်များ၊ သက်ဆိုင်ရာတာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးခဲ့ပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြသည်။

**ရောင်းချ**

ထိုသို့ တာမွေမြို့နယ်အတွင်းရှိ ပြည်သူများအား သန့်ရှင်းလတ်ဆတ်ပြီး ကျန်းမာရေးနှင့် ညီညွတ်သည့် စားသုံးဆီများကို Mobile Market ဖွင့်လှစ်၍ သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးရာတွင် စားသုံးဆီတစ်ပိဿာလျှင် ငွေကျပ် ၄၃၀၀ နှုန်းဖြင့် စားသုံးဆီပိဿာချိန်ပေါင်း ၂၀၀ ကျော်ကို ရောင်းချပေးခဲ့ကြောင်း သိရသည်။

**နိုင်လင်းအောင်(တာမွေ)**





## ကျွန်းလှမြို့နယ်၌ မိုးစပါးဧက ၂၉၀၀၀ ကျော် စိုက်ပျိုးပြီးစီး

**ကျွန်းလှ ဩဂုတ် ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးစပါး ဧက ၂၉၄၉၂ ဧက စိုက်ပျိုးရန်လျာထားသော်လည်း ဩဂုတ် ၁၇ ရက်အထိ ဧက ၂၉၅၀၀ စိုက်ပျိုးပြီးဖြစ်ကြောင်း ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

"မိုးစပါးကို ပေါင်ပျိုးစနစ်၊ ရိုးရိုးပျိုးထောင်စနစ်နဲ့ စပါးမျိုးစေ့တိုက်ရိုက်ချနည်းစနစ်တို့နဲ့ စိုက်ပျိုးကြပါတယ်။ အခုလို စိုက်ပျိုးရာမှာ ဒေသနဲ့ကိုက်ညီတဲ့ ရေမင်း ၁၁၀၇၃ ဧက၊ မနောသုခ ၈၁၈၉ ဧက၊ ဆင်းသုခ ၇၃၈၃ ဧက၊ ရွှေသွယ်ရင် ၂၈၅၁ ဧက စုစုပေါင်းဧက ၂၉၅၀၀ စိုက်ပျိုးပြီး ဖြစ်ပါတယ်။ စပါးမျိုးစေ့ ထုတ်ကွက် ဧက ၂၀၀ နဲ့ စံပြကွက်ဧက၂၀ ကိုလည်း စိုက်ပျိုးထားပါတယ်။ တောင်သူတွေအနေနဲ့ ဆက်လက်စိုက်ပျိုးနေပြီး လျာထားချက် ပြည့်မီကျော်လွန်အောင် စိုက်ပျိုးနိုင်မှာ ဖြစ်ပါတယ်" ဟု မြို့နယ် စိုက်ပျိုးရေးဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောသည်။

ယခုနှစ် ကျွန်းလှမြို့နယ်အတွင်း မိုးစပါးစိုက်တောင်သူများအား မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက မျိုးကောင်းမျိုးသန့်ရွေးချယ် စိုက်ပျိုးရန် အသိပညာပေးခြင်း၊ သဘာဝမြေဩဇာနှင့် ပိုးသတ်ပိုးနှင်ဆေး ပြုလုပ်သုံးစွဲနည်းများနှင့် စိုက်ပျိုးနည်းပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကျွန်းလှမြို့နယ်အတွင်းရှိ လယ်ယာမြေများသည် မိုးကောင်းသောက်ဖြစ်သော်လည်း မိုးစပါးအချိန်မီ စိုက်ပျိုးနိုင်ရန်အတွက် ချောင်း၊ မြောင်းနှင့် မြေအောက်ရေတင်ပြီး ပျိုးထောင်စိုက်ပျိုးကြကြောင်း သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၉)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲ အမေး၊ အဖြေများ

**(ယမန်နေ့မှအဆက်)**

**Bullet News ဂျာနယ်မှ ထုတ်ဝေသူ ဦးလှဆွေက** အခြေခံဥပဒေပုဒ်မ ၃၉၈ (ဂ)အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သက်တမ်းမှာ ပြည်ထောင်စုဝန်ကြီးများနှင့် တန်းတူဖြစ်သည်ဟု ကြားသိရကြောင်း၊ သို့သော် အခြေခံဥပဒေပုဒ်မ ၄၀၀ တွင်မူ ဥပဒေကိုလိုအပ်သလိုရေးဆွဲနိုင်သည်ဟု ပါရှိကြောင်း၊ ဥပမာအနေဖြင့် မိမိပြောလိုသည်မှာ ရွေးကောက်ပွဲကော်မရှင်တစ်ခု၏ လက်ထက်တွင် ရွေးကောက်ပွဲကို ကျင်းပပေးခဲ့ပြီး ရွေးကောက်ပွဲအငြင်းပွားမှုခုံရုံးပြုလုပ်သည့်အခါတွင် အခြားရွေးကောက်ပွဲကော်မရှင်တစ်ခု၏ လက်ထက်သို့ ရောက်သွားပြီဖြစ်ကြောင်း၊ ထို့ကြောင့် ယခင်ရွေးကောက်ပွဲကော်မရှင်က ချမှတ်ထားသည့်ဥပဒေများကို နောက်မှတာဝန်ယူဆောင်ရွက်သည့်ရွေးကောက်ပွဲကော်မရှင်က သေသေချာချာမလိုက်နာသည့်ပုံစံမျိုးဖြစ်နေကြောင်း၊ ထို့ကြောင့် ရွေးကောက်ပွဲကော်မရှင်၏ သက်တမ်းကို ရွေးကောက်ပွဲအငြင်းပွားမှုပြီးဆုံးသည်အထိဟု သတ်မှတ်မည်ဆိုပါက ပို၍သင့်လျော်လိမ့်မည်ဟု ထင်မြင်မိကြောင်း၊ ထိုအချိန်တွင် ရွေးကောက်ပွဲကော်မရှင်အသစ်နှင့် အဟောင်းတို့အကြား Over Linking ဖြစ်ကောင်းဖြစ်လိမ့်မည်ဖြစ်ကြောင်း၊ သို့သော် ရွေးကောက်ပွဲကော်မရှင်အဟောင်းသည် ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုကို ဖြေရှင်းရန်အတွက်သာဖြစ်သည်ဟု ဥပဒေကဲ့သို့အာဏာတည်သော အမိန့်တစ်ရပ်ထုတ်ပြန်၍ ဆောင်ရွက်မည်ဆိုပါက အဆင်ပြေနိုင်လိမ့်မည်ဖြစ်ကြောင်း။



မဲရုံတစ်ရုံတွင် မဲမသမာမှုလုပ်သည်ဟု စစ်ဆေးပေါ်ပေါက်ပါက ယင်းကိုပယ်ဖျက်ပြီး ဒုတိယလူက တက်ရမည်ဆိုသည့်အချက်ကို ဥပဒေတွင်လည်း အတိအလင်းပြဋ္ဌာန်းထားကြောင်း၊ သို့သော် ပြီးခဲ့သည့် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် ယခုအချုပ်ထဲရောက်နေသည့် ခုံရုံးအဖွဲ့များကို မိမိကနေရာ ခြောက်နေရာခန့်တွင် မဲမသမာမှုများဖြစ်ပေါ်နေသည်ဟု ပြောခဲ့ကြောင်း၊ သို့သော် ၎င်းတို့က "အဲဒီခြောက်နေရာလောက်က မဲရုံတွေမှာ နိုင်တဲ့မဲတွေအကုန်လုံးကို ဦးလှဆွေကို ပေးလိုက်တယ်ထားဦး၊ ကျန်တဲ့မဲရုံတွေက ရှုံးတဲ့အတွက် ဦးလှဆွေရှုံးတယ်" ဟုပြောကြောင်း၊ မိမိကလည်း ထပ်မံအယူခံဝင်ခဲ့ကြောင်း၊ တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် အမှတ် ၁၀၀ ဖြင့် အောင်မြင်သည့်သူနှင့် အမှတ် ၄၀ ဖြင့်အောင်မြင်သူရှိသည့်အနက် အမှတ် ၁၀၀ ဖြင့် အောင်မြင်သည့်သူက ငါးမှတ်တန် ပုစ္ဆာတစ်ပုဒ်ကို အဖြေခိုးချနေကြောင်း ပြောပြသည်ကို ဆရာက အဲဒီခိုးချတဲ့ ငါးမှတ်ကိုနုတ်လိုက်ဦး ၉၅ မှတ်ကျန်တဲ့အတွက် ဂုဏ်ထူးမထွက်ရင်တောင်မှ အောင်သေးတယ်ဟု ပြောသကဲ့သို့ ဖြစ်နေကြောင်း၊ ထို့ကြောင့် ဦးလှဆွေ မဲရှုံးတယ်ဟု ၎င်းတို့ကပြောခဲ့ကြောင်း၊ မိမိဆိုလိုသည်မှာ ထိုကဲ့သို့ မဲလိမ်ခြင်း၊ မဲခိုးခြင်းကိုတွေ့ရှိရပြီဆိုပါက ထိုသူကိုကျောင်းထုတ်ပစ်ရမည်ဖြစ်ကြောင်း၊ သို့သော် ထိုကဲ့သို့မလုပ်ခဲ့ကြောင်း၊ ယခုလာမည့်ရွေးကောက်ပွဲတွင် ဥပဒေအရ မည်သို့ပင်ဆိုစေကာမူဟုဆို၍ မဲရှုံးခြင်းများကို မဖြစ်ပေါ်စေဘဲ ဥပဒေအရ အမှန်တကယ် မဲလိမ်၊ မဲခိုးခြင်းဖြစ်ပါက မည်ကဲ့သို့ဆောင်ရွက်သွားမည်ကို သိလိုကြောင်း။

အခြားမေးခွန်းတစ်ခုမှာ အခြေခံဥပဒေပုဒ်မ ၃၉၂ အရ မဲပေးခွင့်မရှိသူ ငါးမျိုးရှိသည်ဟု ဖော်ပြထားကြောင်း၊ ထိုသူများအထဲတွင် စိတ်ပေါ့သွပ်သူ၊ လူမွဲအဖြစ်ကြေညာထားသူ၊ ထောင်ကျနေသူ၊ တားမြစ်ခံရသူနှင့် သာသနာ့ဝန်ထမ်းများဟုပါရှိကြောင်း၊ သာသနာ့ဝန်ထမ်းများနှင့် စိတ်ပေါ့သွပ်သူများ၊ ထောင်ကျနေသူများကို တစ်တန်းတည်းထားသကဲ့သို့ဖြစ်နေကြောင်း၊ မိမိတို့မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်သူ ရဟန်းသံဃာ စုစုပေါင်း အင်အား ငါးသိန်းခန့်ရှိသည်ဟု သိရကြောင်း၊ ထိုရဟန်းသံဃာများကို၎င်းတို့အနေဖြင့်ဆန္ဒမဲပေးလိုကပေးနိုင်သည်ဆိုသည့် ဥပဒေတစ်ရပ်ကို အမိန့်တစ်ရပ်အဖြစ် ပြဋ္ဌာန်းပေးမည်ဆိုပါက သံဃာတော်များအနေဖြင့် အမျိုး၊ ဘာသာ၊ သာသနာကိုစောင့်ရှောက်လိုသည့် ပါတီများကို မဲပေးပိုင်ခွင့် ရရှိသွားနိုင်လိမ့်မည်ဟု ယုံကြည်ကြောင်း၊ ထို့ကြောင့် အဆိုပါမေးခွန်းများကို ပြန်လည်ဖြေကြားပေးစေလိုကြောင်း မေးမြန်းသည်။

> **ရွေးကောက်ပွဲခုံအဖွဲ့ ဖွဲ့စည်း၍ ကန့်ကွက်လွှာများကို စစ်ဆေးရာတွင် ၂၀၁၀ ပြည့်နှစ်တွင် ကန့်ကွက်လွှာအမှု ၂၉ မှုသာရှိခဲ့ကြောင်း၊ အဆိုပါအမှုများစစ်ဆေးပြီးစီး၍ ရွေးကောက်ပွဲကော်မရှင်အသစ်ကို ဖွဲ့စည်းရာတွင် စစ်ဆေးပြီးအမှု တစ်မှု၊ ရုပ်သိမ်းသွားသည့်အမှု တစ်မှု ရှိခဲ့သည့်အတွက်ကျန်ရှိသည့်အမှု ၂၇ မှုကို ရွေးကောက်ပွဲကော်မရှင်အသစ်ထံ ထပ်မံလွှဲပြောင်းပေးခဲ့ရကြောင်း၊ အလားတူ ၂၀၁၅ ခုနှစ်တွင် ကန့်ကွက်လွှာအမှု ၄၅ မှုရှိခဲ့ကြောင်း၊ ထိုအမှုများအနက် စစ်ဆေးပြီးစီးသည့်အမှုသုံးမှုရှိခဲ့သည့်အတွက် ရွေးကောက်ပွဲကော်မရှင်အသစ်ထံ အမှု ၄၂ မှုကို လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့်အမှုများကို ရွေးကောက်ပွဲကော်မရှင်အသစ်က ဆက်လက်တာဝန်ယူဆောင်ရွက်ခဲ့ရ**

## ရွေးကောက်ပွဲကော်မရှင်၏ သက်တမ်းမှာ နိုင်ငံတော်သမ္မတ၏ သက်တမ်းနှင့်အတူဖြစ်

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးက** မေးခွန်းသုံးခုအနက် ပထမမေးခွန်းဖြစ်သည့် ရွေးကောက်ပွဲကော်မရှင်၏ သက်တမ်းနှင့်ခုံရုံးများနှင့်စစ်ဆေးသည့်ကိစ္စကို ပြန်လည်ဖြေကြားရမည်ဆိုပါက ဖွဲ့စည်းပုံအခြေခံဥပဒေရွေးကောက်တင်မြှောက်ခြင်းအခန်း ၉ တွင်ပါဝင်ကြောင်း၊ ပုဒ်မ ၃၉၈ (က) တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဖွဲ့စည်းခြင်းပါဝင်ကြောင်း၊ ၎င်းဖွဲ့စည်းပုံမှာ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့်တူသည့်အတွက် ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၂၃၅ (က) တွင်လည်း ပြဋ္ဌာန်းချက်များ ပါဝင်ကြောင်း၊ အဆိုပါပြဋ္ဌာန်းချက်နှင့်အညီ ပြောရမည်ဆိုပါက ရွေးကောက်ပွဲကော်မရှင်၏ သက်တမ်းမှာ နိုင်ငံတော်သမ္မတ၏ သက်တမ်းနှင့်အတူဖြစ်ကြောင်း၊ အလားတူ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေပုဒ်မ ၆ တွင်လည်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏သက်တမ်းမှာ နိုင်ငံတော်သမ္မတ၏ သက်တမ်းနှင့်အတူတူဖြစ်သည်ဟု ပြဋ္ဌာန်းထားကြောင်း၊ သို့သော် နိုင်ငံတော်သမ္မတက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အသစ်ကို ဖွဲ့စည်းခြင်းမပြုမီအချိန်အထိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဟောင်းကသာ ဆက်လက်တာဝန်ထမ်းဆောင်ခွင့်ရှိသည်ဟု ပြဋ္ဌာန်းထားကြောင်း၊ သာမန်အားဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သက်တမ်းမှာ နိုင်ငံတော်သမ္မတ၏သက်တမ်းနှင့်အတူတူပင်ဖြစ်ကြောင်း၊ နိုင်ငံတော်သမ္မတက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အသစ်ကို စတင်ခန့်အပ်သည့်အချိန်အထိ တာဝန်ထမ်းဆောင်ရမည်ဖြစ်ကြောင်း။

ရွေးကောက်ပွဲခုံအဖွဲ့ ဖွဲ့စည်း၍ ကန့်ကွက်လွှာများကို စစ်ဆေးရာတွင် ၂၀၁၀ ပြည့်နှစ်တွင် ကန့်ကွက်လွှာအမှု ၂၉ မှုသာရှိခဲ့ကြောင်း၊ အဆိုပါအမှုများ စစ်ဆေးပြီးစီး၍ ရွေးကောက်ပွဲကော်မရှင်အသစ်ကို ဖွဲ့စည်းရာတွင် စစ်ဆေးပြီးအမှု တစ်မှု၊ ရုပ်သိမ်းသွားသည့်အမှု တစ်မှု ရှိခဲ့သည့်အတွက်ကျန်ရှိသည့်အမှု ၂၇ မှုကို ရွေးကောက်ပွဲကော်မရှင်အသစ်ထံ ထပ်မံလွှဲပြောင်းပေးခဲ့ရကြောင်း၊ အလားတူ ၂၀၁၅ ခုနှစ်တွင် ကန့်ကွက်လွှာအမှု ၄၅ မှုရှိခဲ့ကြောင်း၊ ထိုအမှုများအနက် စစ်ဆေးပြီးစီးသည့် အမှုသုံးမှုရှိခဲ့သည့်အတွက် ရွေးကောက်ပွဲကော်မရှင်အသစ်ထံ အမှု ၄၂ မှုကို လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့်အမှုများကို ရွေးကောက်ပွဲကော်မရှင်အသစ်က ဆက်လက်တာဝန်ယူဆောင်ရွက်ခဲ့ရကြောင်း၊ အထက်ပါလုပ်ငန်းစဉ်များတွင် ခုံရုံးများဖွဲ့စည်းခြင်း၊ ကန့်ကွက်လွှာများနှင့် ပတ်သက်၍ ဆုံးဖြတ်ချက်များချမှတ်ခြင်း၊ အယူခံများ တင်သွင်းခြင်း၊ ပြင်ဆင်မှုများ စစ်ဆေးခြင်း၊ ဆုံးဖြတ်ချက်များ ချမှတ်ခြင်း စသည့်လုပ်ငန်းစဉ်များအတိုင်းဆောင်ရွက်နေကြောင်း၊ ပြီးခဲ့သည့်ရွေးကောက်ပွဲများတွင် တွေ့ကြုံရသည့် အတွေ့အကြုံများအရ အထက်ပါ လုပ်ငန်းစဉ်များမှာ အချိန်ကာလ နှစ်နှစ်ခန့်အထိ ကြာမြင့်သည်ကို တွေ့ရကြောင်း၊ ထို့ကြောင့် ရွေးကောက်ပွဲကော်မရှင်အဟောင်းက နှစ်နှစ်ခန့် ထပ်မံ၍ လုပ်ငန်းများလုပ်ဆောင်နေမည်ဆိုပါက ရွေးကောက်ပွဲကော်မရှင်နှစ်ခု ဖြစ်နေမည်ဖြစ်သောကြောင့် အဆင်မပြေနိုင်ကြောင်း။

ထို့ပြင် အမှုများကိုပြီးပြတ်အောင် ဆောင်ရွက်ရန်အတွက်မှာလည်း လက်တွေ့တွင်မလွယ်ကူကြောင်း၊ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် ကန့်ကွက်လွှာအမှုပေါင်း ၂၈၇ ခုကျော်ရှိခဲ့ကြောင်း၊ ထိုကဲ့သို့ အမှုများ များပြားသောကြောင့် အဆင်ပြေနိုင်သည့် အခြေအနေမရှိကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ကော်မရှင်ဥပဒေ သတ်မှတ်ချက်များအတိုင်းသာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထိုကဲ့သို့ဆောင်ရွက်ရာတွင်လည်း အကောင်းဆုံး၊ အတတ်နိုင်ဆုံး ဥပဒေနှင့်အညီဖြစ်စေရန် ဆောင်ရွက်သွားမည်ဟု ပြောလိုကြောင်း။

ဒုတိယမေးခွန်းဖြစ်သည့် မဲမသမာမှုများနှင့် ပတ်သက်၍ ကန့်ကွက်လွှာများကိုဆုံးဖြတ်သည့်အပိုင်းကို ဖြေကြားရလျှင် မဲမသမာမှုကို ကျူးလွန်ပါက ကျူးလွန်သူကိုပယ်၍ ဒုတိယလူကိုရွေးချယ်ရမည့်သဘောရှိကြောင်း၊ ဥပဒေသဘောတရားအရ ထိုအနေအထားမျိုးဖြစ်ကြောင်း၊ သို့သော် မိမိတို့အနေဖြင့် နောင်ကျင်းပမည့် ရွေးကောက်ပွဲတွင် Closed List PR စနစ်ကို အသုံးပြုမည်ဖြစ်သောကြောင့် ရွေးကောက်ပွဲကန့်ကွက်လွှာများမှာ ပို၍အရေးကြီးကြောင်း၊ ထိုကိစ္စကို ယခင်သတင်းစာရှင်းလင်းပွဲများတွင်လည်း မိမိရှင်းလင်းတင်ပြခဲ့ပြီးဖြစ်ကြောင်း၊ Closed List PR စနစ်မှာ ပါတီကိုသာ မဲပေးရသည့်စနစ်ဖြစ်ကြောင်း၊ ဝင်ရောက်ယှဉ်ပြိုင်မည့် ကိုယ်စားလှယ်များကိုမူ သိခွင့်ရရှိမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကိုယ်စားလှယ်တစ်ဦးသို့မဟုတ် ဝင်ရောက်ယှဉ်ပြိုင်သည့်ပါတီမှာ ကန့်ကွက်ခြင်းခံရပြီး ကန့်ကွက်ချက်များမှာလည်း မှန်ကန်ကြောင်း ဆုံးဖြတ်မည်ဆိုပါက ထိုပါတီတစ်ခုလုံးရရှိသည့် ဆန္ဒမဲများမှာ ပယ်ဖျက်ခြင်းခံရမည်ဖြစ်ကြောင်း၊ ထိုသို့ပယ်ဖျက်ပြီးပါက ထိုပါတီကရရှိခဲ့သည့်ဆန္ဒမဲများကို နုတ်ပယ်၍ ခိုင်လုံမဲများအနက် ပယ်ဖျက်ခံရသည့်ပါတီ၏ ဆန္ဒမဲများကိုနုတ်ပယ်ပြီး ကျန်ရှိသည့်ဆန္ဒမဲများကို ကျန်ရှိသည့်ပါတီများနှင့် တစ်သီးပုဂ္ဂလကိုယ်စားလှယ်များ အချိုးကျရရှိသည့်အတိုင်း ကိုယ်စားလှယ်များ ရရှိနိုင်မည်ဖြစ်ကြောင်း၊ မိမိတင်ပြလိုသည်မှာ ကန့်ကွက်လွှာများဖြစ်ပေါ်လာပြီး မှန်ကန်ကြောင်း စစ်ဆေးတွေ့ရှိပါက မဲဆန္ဒနယ်တစ်ခုလုံးမှ ကိုယ်စားလှယ်များ အားလုံးဆုံးရှုံးသွားမည်ဖြစ်ပြီး ပယ်ဖျက်ခံရမည်ဖြစ်သောကြောင့် PR စနစ်ဖြင့်ကျင်းပမည်ဖြစ်သည့် နောင်လာမည့် ရွေးကောက်ပွဲများတွင် မဲမသမာမှုများနှင့် တရားမဲ့ပြုကျင့်မှုများလုပ်ဆောင်မည်ဆိုပါက များစွာထိခိုက်နစ်နာနိုင်မည်ဖြစ်သည့်အတွက် ထိုကိစ္စများကို သတိပြုရှောင်ရှားကြစေလိုကြောင်း။

တတိယမေးခွန်းဖြစ်သည့် မဲပေးပိုင်ခွင့်နှင့် ပတ်သက်ပါက ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၉၂ (က) တွင် မဲပေးပိုင်ခွင့်မရှိသူများစာရင်းတွင် သာသနာ့ဝန်ထမ်းများဟူ၍ ပါဝင်ကြောင်း၊ အလားတူ သက်ဆိုင်ရာလွှတ်တော် ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၇ တွင်လည်း သာသနာ့ဝန်ထမ်းများသည် မဲပေးပိုင်ခွင့်မရှိဟု ပါဝင်ကြောင်း၊ ထိုကိစ္စမှာ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် သက်ဆိုင်ရာလွှတ်တော် ရွေးကောက်ပွဲဥပဒေတို့တွင် ပါဝင်သည့် ပြဋ္ဌာန်းချက်များဖြစ်သည့်အတွက် ထိုပြဋ္ဌာန်းချက်များနှင့်အညီသာ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မဲပေးပိုင်ခွင့်ရရှိနိုင်မည်မဟုတ်ကြောင်း၊ သို့သော် ထူးခြားချက်အနေဖြင့် ထိုဥပဒေများတွင် သာသနာ့ဝန်ထမ်းနှင့် ပတ်သက်သည့် အဓိပ္ပာယ်ဖွင့်ဆိုချက်လည်း ပါဝင်ကြောင်း၊ ဗုဒ္ဓဘာသာ၊ ခရစ်ယာန်၊ ဟိန္ဒူ စသည့်ဘာသာများ ပါဝင်ကြောင်း၊ ထိုအထဲတွင် ဟိန္ဒူဘာသာဆိုပါက ပို၍ပြည့်စုံစေရန် အကျုံးဝင်သည့်စာရင်းများကို ပြည့်ပြည့်စုံစုံ ဖြည့်စွက်ထားကြောင်း၊ အစ္စလာမ်ဘာသာဆိုလျှင် မပါဝင်ကြောင်း၊ သာသနာ့ဝန်ထမ်းများကို ပြည့်ပြည့်စုံစုံဖြစ်စေရန် ထပ်မံထည့်သွင်းထားကြောင်း၊ သာသနာ့ဝန်ထမ်းများအားလုံးမှာ မဲပေးခွင့်ရရှိမည်မဟုတ်ကြောင်း ပြန်လည်ဖြေကြားသည်။

စာမျက်နှာ ၁၁ သို့ ★

★ စာမျက်နှာ ၁၀ မှ

**NP News သတင်းဌာနမှ အယ်ဒီတာချုပ် ဦးကျော်မျိုးမင်းက** ကျင်းပပြီးစီးခဲ့သည့် ရွေးကောက်ပွဲ သုံးကြိမ်တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် အနည်းဆုံးတစ်နှစ်ခန့် ကြိုတင်၍ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် အစည်းအဝေးများပြုလုပ်၍ တိုင်ပင်ခြင်းများဆောင်ရွက်ခဲ့



သည်ဟု သိရကြောင်း၊ မဲစာရင်းပေးမည့် စာရွက်များကို ပုံနှိပ်သည့်လုပ်ငန်းများအတွက်လည်း ကြိုတင်ပြင်ဆင်ရသည်ဟု သိရကြောင်း၊ ယခုအချိန်တွင် ကြိုတင်ပြင်ဆင်မှုများ စတင်လုပ်ဆောင်နေခြင်း ရှိ၊ မရှိ သိလိုကြောင်း၊ အကယ်၍ လုပ်ငန်းများစတင်ရခြင်း မရှိသေးပါကလည်း ၂၀၂၃ ခုနှစ်တွင်ကျင်းပမည်ဟုဆိုသည့် ရွေးကောက်ပွဲအတွက် အချိန်ကာလမှာ Limit ဖြစ်နေသည်ကို တွေ့ရကြောင်း၊ မည်သည့်အတွက်ကြောင့် လုပ်ငန်းများစတင်ခြင်း မရှိသေးသည်ကို သိလိုကြောင်း၊ ယခုလက်ရှိ မိမိတို့နိုင်ငံတွင် နိုင်ငံရေးပါတီ ၉၀ ကျော်ရှိသည့်အနက် အချို့သောပါတီများမှာ ပါတီဝင်အရေအတွက် အနည်းငယ်ဖြင့် ပါတီထူထောင်၍ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်နေကြသည်ကို တွေ့ရကြောင်း၊ ထိုကိစ္စများနှင့်ပတ်သက်၍ ပါတီဝင်အရေအတွက်ကို ကန့်သတ်သွားမည်ဆိုသည့် သတင်းများကိုလည်း ကြားနေရကြောင်း၊ အကယ်၍ ကန့်သတ်ရန် အစီအစဉ်ရှိပါက ပါတီဝင်အရေအတွက် မည်မျှရှိလျှင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရှိမည်၊ သတ်မှတ်ထားသည့် ပါတီဝင်အရေအတွက် မပြည့်မီပါက ဝင်ရောက်ယှဉ်ပြိုင်ခွင့်မရှိဟုဆိုသည့် ကန့်သတ်ချက်မျိုး ရှိ၊ မရှိ သိလိုကြောင်း မေးမြန်းသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးက** ယခု မေးခွန်းကိုမေးမြန်းသည့်အတွက် ကျေးဇူးတင်ကြောင်း၊ ရွေးကောက်ပွဲပြင်ဆင်မှု အပိုင်းနှင့်ပတ်သက်သည့် မေးခွန်းဖြစ်ကြောင်း၊ သတင်းထောက်ကြီးမေးမြန်းခဲ့သကဲ့သို့ ၂၀၁၀၊ ၂၀၁၅၊ ၂၀၂၀ ပြည့်နှစ်တို့တွင် ကျင်းပခဲ့သည့် ရွေးကောက်ပွဲများကို လွှတ်တော်သက်တမ်းများအလိုက် ပုံမှန် Circulation အရ ဆောင်ရွက်ရသည့် ရွေးကောက်ပွဲများဖြစ်ကြောင်း၊ အဆိုပါရွေးကောက်ပွဲများအတွက် လုပ်ငန်းစဉ်များကို ဆောင်ရွက်ရာတွင် ရွေးကောက်ပွဲအကြိုကာလ ပြင်ဆင်ခြင်းလုပ်ငန်းများ၊ ရွေးကောက်ပွဲကာလ၊ ရွေးကောက်ပွဲအလွန်ကာလ လုပ်ငန်းစဉ်များဟူ၍ ရှိကြောင်း၊ အဆိုပါလုပ်ငန်းစဉ်များအတိုင်း Timeline များ၊ Schedule များဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ သို့သော် ယခုကျင်းပမည့်ရွေးကောက်ပွဲမှာမူ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီး ကျင်းပရမည့် ရွေးကောက်ပွဲဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် မည်သို့ပင်ဖြစ်စေကာမူ သတ်မှတ်ချက်၊ ပြဋ္ဌာန်းချက်များနှင့်အညီ ရွေးကောက်ပွဲကျင်းပနိုင်ရန်အတွက် ဆောင်ရွက်လျက်ရှိကြောင်း၊ ရွေးကောက်ပွဲကျင်းပရာတွင် အရေးကြီးသည့်အချက်များမှာ ဥပဒေမူဘောင်များ၊ ဥပဒေများ၊ နည်းဥပဒေများဖြစ်ကြောင်း၊ ထိုကိစ္စများကို ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အနေဖြင့် လိုအပ်သလိုပြင်ဆင်ပြဋ္ဌာန်းနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ အချို့ကိစ္စများကိုပြင်ဆင်ဆောင်ရွက်ပြီးဖြစ်သော်လည်း အချို့ကိစ္စများမှာမူ ဆောင်ရွက်ဆဲဖြစ်ကြောင်း၊ အခြားတစ်ခုမှာ အရေးကြီးကိစ္စတစ်ခုဖြစ်သည့် Civic and Voter Education ကိစ္စများကိုလည်း ဆောင်ရွက်ထားကြောင်း၊ ယခုလတ်တလောတွင် ဥပဒေပြဋ္ဌာန်းရခြင်း မရှိသေးသောကြောင့်ဖြစ်ကြောင်း၊ ဥပဒေပြဋ္ဌာန်းပြီးစီးပါက တစ်ပြိုင်နက်တည်း ဥပဒေနှင့်အတူ Follow Up လုပ်မည်ဖြစ်ကြောင်း။

## အရေးအကြီးဆုံးကိစ္စတစ်ခုမှာ မဲစာရင်းဖြစ်

အရေးအကြီးဆုံးကိစ္စတစ်ခုမှာ မဲစာရင်းဖြစ်ကြောင်း၊ ထိုမဲစာရင်းကိစ္စကိုလည်း မိမိမကြာခဏတင်ပြခဲ့ကြောင်း၊ မဲစာရင်းများပြုစုရာတွင် ပြည့်စုံမှန်ကန်သည့် မဲစာရင်းများရရှိနိုင်ရန်အတွက် အလေးထား၍ဆောင်ရွက်နေကြောင်း၊ ထိုကိစ္စဆောင်ရွက်နေသည်မှာ အချိန်အတော်ကြာပြီဖြစ်ကြောင်း၊ အရေးကြီးကိစ္စဖြစ်သည့်အတွက် အချိန်ယူ၍ ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ ယခုလက်ရှိတွင် အတော်ခရီးရောက်နေပြီဖြစ်ကြောင်း၊ Up-Date လုပ်၍ ဆက်လက်ဆောင်ရွက်ရမည့်အပိုင်းသာ ကျန်တော့ကြောင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက (အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီက ရွေးကောက်ပွဲ)ကို ခြောက်လအတွင်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့ရွေးကောက်ပွဲကော်မရှင်အနေဖြင့် ခြောက်လအတွင်း ရွေးကောက်ပွဲများကျင်းပနိုင်ရန်အတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားကြောင်း၊ ဆောင်ရွက်ရမည့် အနေအထားသို့ရောက်ရှိပါက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် သတ်မှတ်ချက်နှင့်အညီ ရွေးကောက်ပွဲကို ကျင်းပပေးသွားမည်ဖြစ်ကြောင်း၊ ပါတီများနှင့်ပတ်သက်ပါက နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေကို အသစ်ပြဋ္ဌာန်းနိုင်ရေး ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း၊ ပါတီများအနေဖြင့် အဆင့်အတန်းနှင့် အရည်အသွေးပိုမိုမြင့်မားသည့် ပါတီများဖြစ်စေရန်အတွက် ပါတီဝင်အင်အားနှင့် ပါတီရန်ပုံငွေအင်အား တောင့်တောင့်တင်းတင်းရှိရန် လိုအပ်မည်ဖြစ်ကြောင်း၊ ပါတီရုံးခန်းများလည်း စနစ်တကျရှိရန် လိုအပ်မည်ဖြစ်ကြောင်း၊ ထို့ပြင် ရွေးကောက်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်နိုင်မည့် ကိုယ်စားလှယ်လောင်းအရေအတွက် ပိုမိုများပြားလာမည့် သဘောသဘာဝရှိကြောင်း၊ ထိုအချက်အလက်များကို ကြိုတင်မြော်တွေး၍ ဥပဒေထဲတွင် ထည့်သွင်းပြဋ္ဌာန်းထားကြောင်း၊ အတည်ပြုပြဋ္ဌာန်းပြီးပါက အချိန်နှင့်တစ်ပြေးညီ တင်ပြသွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

**Myanmar National Post မှ အယ်ဒီတာချုပ် နောင်တော်လေးက** မိမိမေးလိုသည့်အကြောင်းအရာ



နှင့်ပတ်သက်၍ UEC ၏ Website တွင်လည်း ဖော်ပြထားကြောင်း၊ နိုင်ငံရေးပါတီများက ၎င်းတို့၏ နိုင်ငံရေးသဘောထားနှင့် ရပ်တည်ချက်၊ လုပ်ငန်းစဉ်များကို ဖွဲ့စည်းပုံများရေးဆွဲထားသည်ကို တွေ့ရကြောင်း၊ နိုင်ငံရေးပါတီများအနေဖြင့် ၎င်းတို့ရေးဆွဲထားသည့် လုပ်ငန်းစဉ်များနှင့် မူဝါဒများကို လိုက်နာရန် ပျက်ကွက်ပါက UEC အနေဖြင့် မည်ကဲ့သို့သော အရေးယူဆောင်ရွက်မှုများ လုပ်ဆောင်နိုင်မည်ကို သိလိုကြောင်း၊ NLD ပါတီတစ်ခုတည်းသာမကဘဲ နိုင်ငံရေးပါတီများအားလုံးကို စစ်ဆေးတွေ့ရှိချက်များအပေါ် UEC အနေဖြင့် မည်ကဲ့သို့အရေးယူဆောင်ရွက်ထားသည်ကိုသိလိုကြောင်း မေးမြန်းသည်။

## နိုင်ငံရေးပါတီ ၉၂ ပါတီရှိသည့်အနက် ၈၅ ပါတီကို စစ်ဆေးပြီး

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးက** သတင်းထောက်ကြီးမေးမြန်းခဲ့သကဲ့သို့ UEC အနေဖြင့် ၂၀၂၂ ခုနှစ် ဩဂုတ်လ တတိယအပတ်မှစတင်၍ နိုင်ငံရေးပါတီများကို စစ်ဆေးခဲ့ကြောင်း၊ အချိန်ကာလတစ်နှစ်ခန့် ရှိပြီဖြစ်ကြောင်း၊ ထိုကာလအတွင်း တည်ဆဲနိုင်ငံရေးပါတီ ၉၂ ပါတီရှိသည့်အနက် ၈၅ ပါတီကို စစ်ဆေးပြီးဖြစ်ကြောင်း၊ ကျန်ရှိနေသည့် နိုင်ငံရေးပါတီ ခုနစ်ပါတီကိုလည်း စစ်ဆေးနိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း၊ ပျက်ကွက်သည့်ပါတီများကို ယာယီတစ်နှစ် ရပ်ဆိုင်းခဲ့ခြင်းများလည်းရှိကြောင်း၊ ကျန်ရှိနေသည့်ပါတီများကိုလည်း အခြေအနေအပေါ်မူတည်၍သတ်မှတ်ချက်နှင့်အညီ အစစ်ဆေးခံနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံရေးပါတီများတွင် ပါတီဖွဲ့စည်းပုံ စည်းမျဉ်းစည်းကမ်းများ ရှိကြောင်း၊ ထိုစည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်မှုမရှိခြင်း၊ ပျက်ကွက်ခြင်းတို့ကို ကျူးလွန်ပါက မည်ကဲ့သို့အရေးယူသွားမည်ကို မေးမြန်းလိုသည်ဟုထင်ကြောင်း၊ နိုင်ငံရေးပါတီများနှင့်ပတ်သက်ပြီး ပြဋ္ဌာန်းထားသည့်ဥပဒေမှာ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေသာဖြစ်ကြောင်း၊ ထိုဥပဒေတွင် ပါဝင်သည့် ပြဋ္ဌာန်းချက်များကို ဆောင်ရွက်ရန် ပျက်ကွက်ပါက UEC အနေဖြင့် အချိန်ကာလတစ်ခုသတ်မှတ်၍ ပျက်ကွက်ချက်ကို သတ်မှတ်ထားသည့်ကာလအတွင်းဆောင်ရွက်ရန် အသိပေးမည်ဖြစ်ကြောင်း၊ သို့သော် လိုက်နာဆောင်ရွက်ခြင်းမရှိပါက ယာယီရပ်ဆိုင်းမည်ဖြစ်ကြောင်း၊ ထပ်မံ၍ လိုက်နာဆောင်ရွက်ခြင်း မရှိသေးပါက အပြီးအပိုင်ပယ်ဖျက်ခြင်းများလည်းရှိကြောင်း၊ စည်းမျဉ်းစည်းကမ်းများကို လိုက်နာဆောင်ရွက်ခြင်း မရှိသောကြောင့်ဖြစ်ကြောင်း။

အလားတူ ပါတီများရပ်တည်ပိုင်ခွင့်မရှိသည့် ကိစ္စများမှာ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၀၇၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၁၂(က) နှင့် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေ ၁၅ တို့တွင် ပါဝင်ကြောင်း၊ သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများကို ဖောက်ဖျက်ကျူးလွန်သည်ဟု တိတိကျကျစစ်ဆေးတွေ့ရှိပါက ထိုပါတီမှာ ရပ်တည်ပိုင်ခွင့်ရရှိတော့မည် မဟုတ်ကြောင်း၊ နိုင်ငံရေးပါတီများကို မှတ်ပုံတင်ပိုင်ခွင့်ပေးနိုင်သည့် အဖွဲ့အစည်းဖြစ်သည့် UEC က ထိုပါတီကို ပယ်ဖျက်ရမည်ဟု ပြဋ္ဌာန်းထားကြောင်း၊ နိုင်ငံရေးပါတီတစ်ခုအနေဖြင့် ၎င်း၏ရပ်တည်ပိုင်ခွင့်မရှိသည့် အချက်နှင့် ငြိစွန်းပါက ပါတီဖျက်သိမ်းခံရမည်ဖြစ်ကြောင်း၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေတွင် ပါဝင်သကဲ့သို့ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၀၇ နှင့် ၄၀၈ တို့တွင်လည်း ပါဝင်ကြောင်း၊ အခြားတစ်ခုမှာ ပုဒ်မ ၂၃ အရ သတ်မှတ်ထားသည့် ညွှန်ကြားချက်များနှင့်အမိန့်များကို ထုတ်ပြန်ထားသည့်အတိုင်း လိုက်နာဆောင်ရွက်ခြင်းမရှိပါက ပုဒ်မ ၂၄ (က)၊ (ခ)၊ (ဂ)၊ (ဃ) တို့နှင့်အညီ ဆက်လက်အရေးယူ ဆောင်ရွက်၍ရကြောင်း၊ မိမိတို့အနေဖြင့် ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်သည်ဟု ပြောလိုကြောင်း ဖြေကြားသည်။

**Myanmar National Post မှ အယ်ဒီတာချုပ် နောင်တော်လေးက** အစောပိုင်းတွင် ဆရာပြောကြားခဲ့သည့် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေမှာ ရာခိုင်နှုန်းမည်မျှရေးဆွဲပြီးဖြစ်သည်ကို သိလိုကြောင်း မေးမြန်းသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးက** အသစ်ရေးဆွဲနေသည့် ဥပဒေပြုရေးလုပ်ငန်းစဉ်တွင် Concern အဖွဲ့အစည်းဖြစ်သည့် မိမိတို့က ဥပဒေကို Initiate လုပ်၍ မူကြမ်းများကို ရေးဆွဲကြောင်း၊ ထို့နောက် ဥပဒေရေးရာဝန်ကြီးဌာနတွင် ထိုဥပဒေများနှင့်ပတ်သက်၍ စိစစ်ခြင်းများ ဆောင်ရွက်ကြောင်း၊ ပြီးမှသာဥပဒေပြုနိုင်သည့် Authority ဖြစ်သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့တင်ပြကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့်လည်း ဥပဒေပြုရေးလုပ်ငန်းစဉ်များအတိုင်း စိစစ်ခြင်းများကို အဆင့်ဆင့်ဆောင်ရွက်ပြီးမှသာ ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ အတည်ပြုပြဋ္ဌာန်းပြီးစီးပါက အမြန်ဆုံး အသိပေးထုတ်ပြန်သွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

**NHP သတင်းဌာနမှ အယ်ဒီတာချုပ် ဦးဝင်းဦးက** မိမိအနေဖြင့် ဒီမိုကရေစီခေတ်ပြောင်းကာလတွင် တပ်မတော်အစိုးရက ကျင်းပပေးခဲ့သည့် ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲ၊ USDP အစိုးရကကျင်းပပေးသည့်



၂၀၁၅ ခုနှစ် ရွေးကောက်ပွဲနှင့် NLD အစိုးရက ကျင်းပပေးခဲ့သည့် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတို့ကို သတင်းယူရင်း ဖြတ်သန်းခဲ့ကြောင်း၊ မိမိ၏ တွေ့ရှိချက်များကို ပြောရမည်ဆိုပါက တပ်မတော်အစိုးရက ကျင်းပပေးခဲ့သည့် ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲနှင့် USDP အစိုးရက ကျင်းပပေးသည့် ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲတို့တွင် မိမိတို့လို သတင်းမီဒီယာသမားများအတွက် လွတ်လပ်စွာသတင်းရယူခွင့် ရရှိခဲ့ကြောင်း၊ NLD အစိုးရက ကျင်းပပေးခဲ့သည့် ၂၀၂၀ ပြည့်နှစ် NLD လက်ထက်ပြုလုပ်ပေးသည့် ရွေးကောက်ပွဲတွင် မိမိတို့တွင် ကန့်သတ်မှုများ အများအပြားရှိခဲ့ပြီး သတင်းရယူခွင့် လွတ်လပ်ခွင့် မရှိခဲ့ပါကြောင်း၊ အဆင့်အမျိုးမျိုးဖြတ်သန်းခဲ့ရပါကြောင်း၊ ပြီးခဲ့သည့် သတင်းစာရှင်းလင်းပွဲတွင် ဗိုလ်ချုပ်ဇော်မင်းထွန်းက သတင်းသမားများကို မေးသည့်အတွက် မိမိဖြေခဲ့ပါကြောင်း၊ မိမိမေးလိုသည်မှာ UEC အနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကပြုလုပ်မည့် လာမည့်ရွေးကောက်ပွဲတွင် သတင်းမီဒီယာများကို ရွေးကောက်ပွဲသတင်းကို မည်မျှအထိ သတင်းလွတ်လပ်ခွင့်၊ သတင်းရယူသည့်နေရာတွင် လွတ်လပ်စွာရယူခွင့်ပြုပေးနိုင်မည်၊ ကန့်သတ်မှုများလည်း NLD အစိုးရက လုပ်သကဲ့သို့ ကန့်သတ်မှုများ လုပ်သွားမည်ကို သိလိုပါကြောင်း မေးမြန်းသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးက** ရွေးကောက်ပွဲသည် လွတ်လပ်ပြီး တရားမျှတသည့် စာမျက်နှာ ၁၂ သို့ ☆

✰ စာမျက်နှာ ၁၁ မှ

ရွေးကောက်ပွဲ၊ အများယုံကြည်သည့်ရွေးကောက်ပွဲ၊ ပွင့်လင်းမြင်သာသည့်ရွေးကောက်ပွဲဖြစ်ရန်အတွက် မီဒီယာများကို သတင်းယူခွင့်ပြုရမည်ဖြစ်ပါကြောင်း၊ ခွင့်ပြုမည်လည်းဖြစ်ပါကြောင်း၊ မီဒီယာများ သတင်းယူခွင့် စနစ်တကျဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ မီဒီယာများသည် လွတ်လပ်စွာ သတင်းရယူခွင့်ရှိသကဲ့သို့ မဲပေးသည့် မဲဆန္ဒရှင်၊ မဲရုံတွင် တာဝန်ထမ်းဆောင်နေသည့်သူများ၏ ဆောင်ရွက်ချက်များကို မထိခိုက်ရန်လည်းလိုပါကြောင်း၊ လွတ်လပ်စွာ ဆန္ဒမဲပြုခွင့်ကိုလည်း နှောင့်ယှက်မှုပြု၍မရပါကြောင်း၊ ယင်းသို့ လိုအပ်ချက်များနှင့် အဆင်ပြေစေမည့်အနေအထားကို မိမိတို့ခွင့်ပြုနိုင်မည်ဖြစ်ကြောင်း၊ ထိုကဲ့သို့ပြုလုပ်ရာတွင် ပြည်တွင်း/ပြည်ပ မီဒီယာများလည်းရှိကြောင်း၊ ပြည်တွင်းမီဒီယာများ အနေဖြင့် သတင်းရယူမည့် ကော်မရှင်အဖွဲ့ခွဲများသို့ လျှောက်ထားပြီး မီဒီယာအသိအမှတ်ပြုမှုကတ် ရယူရမည်ဖြစ်ကြောင်း၊ စည်းကမ်းချက်များနှင့်အညီ သက်ဆိုင်ရာနှင့်ဆက်သွယ်ပြီး ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံတကာမီဒီယာများလည်း ပြန်ကြားရေးနှင့် ဆက်သွယ်ပြီး စိစစ်မှုခံယူကာ အသိအမှတ်ပြုကတ်ပြုလုပ်ပြီး သတ်မှတ်ချက်နှင့်အညီ ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် သတင်းယူခွင့်ပြုမည်ဖြစ်ကြောင်းနှင့် စည်းမျဉ်းစည်းကမ်းနှင့်အညီ မီဒီယာလွတ်လပ်ခွင့်လည်းရှိသကဲ့သို့ မဲဆန္ဒရှင်နှင့် မဲရုံဝန်ထမ်းများ လုံခြုံရေးထိခိုက်မှုမရှိအောင် စီမံဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

ဆက်လက်၍ **NHP သတင်းဌာနမှ ဦးဝင်းဦး**က ပြည်တွင်း/ပြည်ပ လေ့လာစောင့်ကြည့်သူများကို UEC အနေဖြင့် မည်ကဲ့သို့ message ပေးလိုသည်ကို သိလိုပါကြောင်း မေးမြန်းသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး**က ပြည်တွင်း/ပြည်ပရွေးကောက်ပွဲ လေ့လာသူများ (Observer) အပိုင်းကို ယခင်ရွေးကောက်ပွဲများတွင်လည်း ခွင့်ပြုခဲ့ပါကြောင်း၊ လာမည့်ရွေးကောက်ပွဲတွင်လည်း စနစ်တကျ ခွင့်ပြုပေးရန် အစီအစဉ်ရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

**General Life သတင်းဌာနမှ အယ်ဒီတာ ဦးအောင်ထူးထက်**က ရွေးကောက်ပွဲတစ်ခုတွင် ရွေးကောက်ပွဲအသိပညာပေး လုပ်ငန်းများကို ရွေးကောက်ပွဲကော်မရှင်က လုပ်ပေးသွားပါကြောင်း၊ ရွေးကောက်ပွဲကော်မရှင်က အသိပညာပေးလုပ်ငန်းများလုပ်သည့်အခါတွင် နိုင်ငံပိုင်သတင်းစာ၊ နိုင်ငံပိုင်ရုပ်သံမီဒီယာများမှတစ်ဆင့် လုပ်ပါကြောင်း၊ မြေပြင်တွင် သတင်းစာနှင့်ဝေးနေသည့် လူတန်းစားများရှိကြောင်း၊ TV ကပေးသည့် message ကို



မကြည့်ဘဲ ကိုရီးယားကားများကိုသာ ကြည့်နေသည့် လူတန်းစားများလည်းရှိကြောင်း၊ အကုန်လုံးကို မလွှမ်းခြုံနိုင်သည်ကို တွေ့ရပါကြောင်း၊ ရွေးကောက်ပွဲပညာပေးနှင့်ပတ်သက်ပြီး ပိုမိုကောင်းမွန်သည့် ပညာပေးလုပ်ငန်းစဉ်ကို ယခုအချိန်တွင် မည်ကဲ့သို့ ဆက်လက်ဆောင်ရွက်သွားမည်ကို သိလိုပါကြောင်း မေးမြန်းသည်။

**နောင်ကျင်းပမည့် ရွေးကောက်ပွဲသည်**
**PR စနစ်ဖြင့်ကျင်းပမည်**

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး**က ပြည်သူလူထုနှင့် မဲဆန္ဒရှင်အသိပညာပေးခြင်း Civic and Voter Education သည် အရေးကြီးပါကြောင်း၊ နောင်ကျင်းပမည့် ရွေးကောက်ပွဲသည် PR စနစ်ဖြင့် ကျင်းပမည်ဖြစ်သည့်အတွက် ရွေးကောက်ပွဲနှင့်ပတ်သက်သည့် ဆောင်ရွက်ရမည်များကို ပိုမိုအသိပညာပေးရန်လိုပါကြောင်း၊ ထို့ကြောင့် မဲဆန္ဒရှင်နှင့် ပြည်သူလူထုကို အသိပညာပေးနိုင်ရန်အတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်မှုများလည်း ရှိကြောင်း၊ သတင်းထောက်ကြီးပြောသကဲ့သို့ State Media များသည် မိမိတို့အတွက် အဆင်အပြေဆုံးနှင့် အလွယ်ကူဆုံးဆောင်ရွက်နိုင်သည့်ကိစ္စဖြစ်ပြီး ပျံ့နှံ့မှု ကောင်းပါကြောင်း၊ State Media များဖြစ်သည့် TV၊ သတင်းစာ၊ ရေဒီယိုများမှလည်း ပုံမှန်ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ ယခုအခါ တချို့သတင်းစာများတွင် ဆောင်းပါးများထည့်ပြီး ဆောင်ရွက်နေပါကြောင်း၊ အလားတူ ကော်မရှင်အဖွဲ့ခွဲများ ဖွဲ့စည်းထားသည့် ပြည်ထောင်စုနယ်မြေ၊ တိုင်း / ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်/ကျေးများကိုလည်း Civic and Voter Education စပြီး လုပ်နေပါကြောင်း၊ ထိုကဲ့သို့လုပ်နေသည့်အဖွဲ့များက ၎င်းတို့နယ်မြေအလိုက် ဆောင်ရွက်ခြင်းတစ်ပိုင်းရှိပါကြောင်း၊ ယင်းနည်းဖြင့် တစ်ခုလုပ်မည်ဖြစ်ပါကြောင်း၊ အလားတူ ပါတီများက ယင်းတို့ပါတီအလိုက် ဆောင်ရွက်ခြင်းများရှိကြောင်း၊ ကိုယ်စားလှယ်လောင်းများကလည်း ယခင်ကတည်းကတိုင် သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်ပါကြောင်း၊ အလားတူ Neutral ဖြစ်သည့် CSO အဖွဲ့များ၊ တစ်ခြားနည်းဖြစ်သည့် ပျံ့နှံ့မှုအားကောင်းသည့် မီဒီယာကတစ်ဆင့် လုပ်ဆောင်ခြင်းသည် ပိုပြီးထိရောက်နိုင်ခြင်းကြောင့် နည်းမျိုးစုံဖြင့် ရွေးကောက်ပွဲအသိပညာပေး လုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ယင်းကဲ့သို့ ဆောင်ရွက်ရာတွင် ဥပဒေ/ နည်းဥပဒေ အတည်ပြုပြဋ္ဌာန်းပြီးပါက အသင့်စီစဉ်ထားသည့်အတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

**General Life သတင်းဌာနမှ ဦးအောင်ထူးထက်**က ယခင်ရွေးကောက်ပွဲများတွင် မြေပြင်သတင်းရယူခြင်း၊ ရွေးကောက်ပွဲအကြိုကာလသတင်းရယူခြင်းများ ဆောင်ရွက်ခဲ့ပါကြောင်း၊ Observer များအပိုင်းနှင့် သက်ဆိုင်ရာနယ်မြေအလိုက် ခရိုင်၊ မြို့နယ်၊ ရပ်/ကျေးအဆင့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၏ အသိပညာပေးလုပ်ငန်းစဉ်တွင် အခြေခံတကျမဟုတ်ဘဲ ပညာပေးလမ်းစဉ် လွဲချော်နေခြင်းများကို တွေ့ရပါကြောင်း၊ ဆိုလိုခြင်းမှာ မဲဆန္ဒရှင်က မဲကိုမည်သို့ထည့်ရမည့်အဆင့်ကို ကျော်လွန်ပြီး ၎င်းတို့အားပေးလိုသည့် ပါတီတစ်ခုခုကိုထည့်ရန် ဆိုသည်မျိုး ပကတိမြေပြင်အခြေအနေတွင်တွေ့ရပါကြောင်း၊ ယင်းနှင့်ပတ်သက်ပြီး ရွေးကောက်ပွဲကော်မရှင်အနေဖြင့် ဥပဒေ/နည်းဥပဒေတစ်ခုခုဖြင့် ထိန်းသိမ်း ကြပ်မတ်ဆောင်ရွက်ရန်၊ အကယ်၍ ယခုအချိန်တွင် ပေါ်ပေါက်ခဲ့ပါက မည်သို့ထိန်းသိမ်းကြပ်မတ် ဆောင်ရွက်သွားရန် ရှိ၊ မရှိ သိလိုပါကြောင်း မေးမြန်းသည်။

**အသိပညာပေးခြင်းလုပ်ငန်း၊**
**မဲဆွယ်စည်းရုံးခြင်းလုပ်ငန်း**

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး**က အပိုင်းနှစ်ပိုင်းရှိပြီး တစ်ပိုင်းမှာ Civic and Voter Education မဲဆန္ဒရှင်အသိပညာပေးခြင်းလုပ်ငန်း၊ ဒုတိယတစ်ခုမှာ မဲဆွယ်စည်းရုံးခြင်းလုပ်ငန်းဖြစ်ပါကြောင်း၊ ကာလတစ်ခုရောက်ပါက မဲဆွယ်စည်းရုံးခွင့်ပေးရခြင်းများရှိကြောင်း၊ မဲဆွယ်စည်းရုံးခြင်းကာလတွင် မိမိပါတီ၊ မိမိကိုယ်စားလှယ်ကိုပေးရန်ကိစ္စ၊ စည်းရုံးဟောပြောခြင်းများကို မြေပြင်တွင် ဆောင်ရွက်ရပါကြောင်း၊ ထိုသို့ဆောင်ရွက်သည့် ကာလတစ်ခုတည်းတွင် သတင်းထောက်ကြီးပြောသည့် ကိစ္စမျိုးရှိနိုင်ကြောင်း၊ မဲဆွယ်စည်းရုံးခြင်း ဆောင်ရွက်မည့်ပုဂ္ဂိုလ်များသည် သတ်မှတ်ထားသည့် မဲဆွယ်စည်းရုံးခြင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းနှင့်အတူ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ Civic and Voter Education ပေးသည့်သူများသည် သမာသမတ်ရှိရှိပေးရမည်ဖြစ်ပါကြောင်း၊ Civic and Voter Education ပေးရင်း မဲဆွယ်စည်းရုံးသလို ဖြစ်၍မရပါကြောင်း၊ ထို့ကြောင့် ယင်းလုပ်ငန်းစဉ်ကို ဆောင်ရွက်ရာတွင် စနစ်တကျဖြစ်အောင် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

**People News Agency မှ ဦးကျော်စိုးဦး**က နိုင်ငံရေးပါတီမှတ်ပုံတင်ခြင်း၊ အသစ်ရေးဆွဲထားခြင်းနှင့်ပတ်သက်ပြီး ရှေ့တွင်ရှင်းပြခဲ့သည်ကို ကြားသိခဲ့ရပါကြောင်း၊ ဥပဒေအသစ်များ၊ နိုင်ငံရေး



ပါတီများ မှတ်ပုံတင်ခြင်းဆိုင်ရာများနှင့်ပတ်သက်ပြီး တရားဝင်နိုင်ငံရေးပါတီများနှင့် တွေ့ဆုံရန် အစီအစဉ်၊ ယင်းတို့၏ အကြံဉာဏ်ကို နားထောင်သွားရန် ရှိ၊ မရှိ သိလိုပါကြောင်း မေးမြန်းသည်။

**အချိုးကျ ကိုယ်စားပြုစနစ်**
**ကျင့်သုံးနိုင်ရေး**

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး**က နိုင်ငံရေးပါတီများနှင့် တွေ့ဆုံခြင်းကို ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ၊ မေလ၊ နိုဝင်ဘာလနှင့် ဒီဇင်ဘာလများတွင် စုစုပေါင်း လေးကြိမ်တွေ့ဆုံပြီးဖြစ်ပါကြောင်း၊ နိုင်ငံရေးပါတီအများစု တက်ရောက်ပါကြောင်း၊ ယခင်ရွေးကောက်ပွဲများတွင် ဖြစ်ပေါ်ခဲ့သည်များကိုသုံးသပ်ပြီး လာမည့်ရွေးကောက်ပွဲ မည်ကဲ့သို့ ကောင်းအောင်လုပ်မည်ဆိုသည်က တစ်ပိုင်း၊ မြန်မာနိုင်ငံနှင့်သင့်တော်သည့် အချိုးကျ ကိုယ်စားပြုစနစ်ကျင့်သုံးနိုင်ရေးတို့ကို ဆွေးနွေးနိုင်ခဲ့ပါကြောင်း၊ အလားတူ ဥပဒေ/နည်းဥပဒေများ ပြဋ္ဌာန်းပြီးသည့်အချိန်၊ အခြားအကြောင်းကိစ္စများ ပေါ်ပေါက်လာသည့်အခါတွင် ပေါ်ပေါက်လာသည့် အပေါ်မူတည်ပြီး နိုင်ငံရေးပါတီများနှင့် မိမိတို့ ကော်မရှင် တွေ့ဆုံသွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

(ဆက်လက်ဖော်ပြပါမည်)

# မြန်မာထွက်ကုန် ဆီးသီးမှထွက်ရှိသော ဆီးဆန်များ တရုတ်နိုင်ငံ၏ ဝယ်လိုအားကြောင့် ဈေးနှုန်းများမြင့်တက်

**မန္တလေး ဩဂုတ် ၂၁**

ယခုရက်ပိုင်းအတွင်း မန္တလေး ဈေးကွက်အတွင်း၌ မြန်မာထွက်ကုန် ဆီးသီးမှထွက်ရှိသော ဆီးဆန်များ တရုတ်နိုင်ငံ၏ ဝယ်လိုအားကောင်းမွန်မှုကြောင့် ဈေးနှုန်းများမြင့်တက်နေကြောင်း မန္တလေးမြို့ရှိ ကုန်သည်များထံမှ သိရသည်။

**ဈေးကောင်းရရှိ**

မြန်မာထွက်ကုန် ဆီးသီးများမှာ ဆီးချိုသီး၊ ဆီးချဉ်သီးနှင့် ထိုင်ဝမ်ဆီးသီးဟူ၍ သုံးမျိုးရှိကြောင်း၊ ယခုဆီးဆန်များကို ဆီးချဉ်သီးမှသာ ကြိတ်ခွဲပြီးထုတ်လုပ်ရရှိကြောင်း၊ ထိုဆီးဆန်များသည် ပေါ်ဦးပေါ်ဖျား မတ်လအတွင်းက တစ်ပိဿာလျှင် ငွေကျပ် ၁၈၀၀၀ ဈေးသာ ရရှိခဲ့ရာမှ ယခုဩဂုတ်လတတိယပတ်တွင် ဆီးဆန်တစ်ပိဿာလျှင် ငွေကျပ် ၉၀၀၀၀ အထိ စံချိန်တင်မြင့်တက်ကာ ဈေးကောင်းရရှိနေကြောင်း မန္တလေးမြို့မှ စိုးဝင်းမြင့်ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်က ပြောသည်။

" ယခုနှစ် ဆီးသီးရာသီမှာ ဆီးသီးမှ ကြိတ်ခွဲထုတ်လုပ်လိုက်တဲ့ ဆီးဆန်တွေဟာ တရုတ်ပြည်ဝယ်လိုအားကြောင့် စံချိန်တင်မြင့်တက်နေတယ်။ ဆီးဆန်က မြန်မာပြည်ဈေးကွက်အတွင်းမှာ အသုံးဝင်မှု အသုံးချမှုရှိတယ်လို့ မတွေ့ရပါဘူး။ ဒီဆီးဆန်တွေကို တရုတ်ပြည်ဈေးကွက်မှာ ဆေးဝါးထုတ်လုပ်တယ်လို့ ကြားသိရပါတယ်။ ဒါကြောင့် တစ်ကြိမ်တစ်ခါမှ မကြုံဖူးတဲ့ ဈေးများနဲ့ ရရှိနေပါတယ်။ ဈေးကွက်မှာ ကုလားပဲတစ်တင်းကို ငွေကျပ် ဖ၀၀၀၀၊ နှမ်းတစ်တင်းကို ငွေကျပ် ၈၀၀၀၀ ဈေးရှိပေမယ့် ဆီးဆန်တစ်ပိဿာကို ငွေကျပ် ၉၀၀၀၀ ဖြစ်နေတာကြောင့် မြန်မာထွက်ကုန်ထဲမှာ ထိပ်တန်းရောက်နေတဲ့ ပို့ကုန်ပစ္စည်းတစ်ခုအနေနဲ့ ရောက်ရှိလာပါတယ်။ ခုလိုဈေးကောင်းရတဲ့အပြင် အသေးစားစက်မှုလုပ်ငန်းတွေလည်း လည်ပတ်နေရတဲ့အတွက် လုပ်သားတွေလည်း အလုပ်အကိုင်တွေ ရရှိကြပါတယ်။ ဒီလိုဈေးကောင်းနေတာကြောင့် ဆီးချဉ်သီးပင်ဟာ အလေ့ကျပေါက်တာကနေ အခင်းပြတ်စိုက်ကြဖို့ အကြံပြုပြောချင်ပါတယ်" ဟု ၎င်းက ပြောသည်။

**ကြိတ်ခွဲမှုများပြုလုပ်**

အဆိုပါ ဆီးချဉ်သီးသည် နွေဦးရာသီမှ စပေါ်လေ့ရှိရာ တစ်နှစ်မှတစ်ခါသာ ပေါ်သည့် သီးနှံဖြစ်ကြောင်း၊ ယင်းဆီးချဉ်ပင်သည် သဲဆန်သောမြေများနှင့် ပူအိုက်



သောရာသီကို ကြိုက်နှစ်သက်ပြီး မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် အများဆုံးတွေ့မြင်ရကြောင်း၊ ရေနံချောင်း၊ ချောက်၊ မလိုင်၊ တောင်သာ၊ မိတ္ထီလာ စသည့်မြို့များရှိ ဆီးခွဲစက်အသီးသီးတွင် ကြိတ်ခွဲမှုများပြုလုပ်ကြကြောင်း သိရသည်။

**မောင်အေးချမ်း**

# ဂျပန်နိုင်ငံဝန်ကြီးချုပ် ဖူမီယိုကီရှီဒါ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရ



**တိုကျို ဩဂုတ် ၂၁**

ဂျပန်နိုင်ငံဝန်ကြီးချုပ် ဖူမီယိုကီရှီဒါသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံခဲ့ရကြောင်း ဂျပန်နိုင်ငံအစိုးရက ဩဂုတ် ၂၁ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။

ဂျပန်နိုင်ငံအစိုးရအဖွဲ့ အတွင်းဝန်ရုံး၏ ပြောကြားချက်အရ ဂျပန်နိုင်ငံဝန်ကြီးချုပ် ကီရှီဒါသည် ဩဂုတ် ၂၀ ရက် ညနေပိုင်းတွင် အဖျားအနည်းငယ်တက်လာပြီး ချောင်းဆိုးခြင်းကဲ့သို့သော လက္ခဏာများ ပေါ်ပေါက်လာခဲ့ကြောင်း သိရသည်။

ဩဂုတ် ၂၁ ရက်တွင် PCR စမ်းသပ်မှုရလဒ်အရ ဂျပန်နိုင်ငံဝန်ကြီးချုပ် ကီရှီဒါသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံခဲ့ရခြင်းဖြစ်ကြောင်း ဂျပန်နိုင်ငံအစိုးရက အတည်ပြုပြောကြားခဲ့ခြင်းဖြစ်သည်။

ဂျပန်နိုင်ငံဝန်ကြီးချုပ် ကီရှီဒါသည် ၎င်း၏မိသားစုနှင့်အတူ သီတင်းပတ်တစ်ပတ်ကြာ နွေရာသီအားလပ်ရက်များကို ဖြတ်သန်းခဲ့ပြီးနောက် ဩဂုတ် ၁၅ ရက်တွင် ၎င်း၏ မူလလုပ်ငန်းတာဝန်များကို ပြန်လည်ထမ်းဆောင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဂျပန်ဝန်ကြီးချုပ် ကီရှီဒါသည် ၎င်း၏ တရားဝင်နေအိမ်၌ ပြန်လည်ကျန်းမာလာပြီဖြစ်သဖြင့် မူလတာဝန်များကို ဆက်လက်ထမ်းဆောင်နေပြီဖြစ်သော်လည်း လာမည့်သီတင်းပတ်အတွင်း တူနီးရှားနိုင်ငံသို့ သွားရောက်ရန် စီစဉ်ထားသည့်ခရီးစဉ်ကို ဖျက်သိမ်းခဲ့ကြောင်း ဂျပန်နိုင်ငံ၏ အများပြည်သူပိုင်ရုပ်သံလိုင်းတစ်ခုဖြစ်သည့် အင်န်အိတ်ချ်ကေသတင်းဌာနက သတင်းထုတ်ပြန်ခဲ့သည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အလင်းသစ်**

# ကမ္ဘောဒီးယားနိုင်ငံက ယခုနှစ် ပထမ ခုနစ်လတာကာလအတွင်း နိုင်ငံတကာ ခရီးသွား ၇၄၀၀၀၀ ကျော်ကို ဆွဲဆောင်နိုင်ခဲ့



**ဖနောင်ပင် ဩဂုတ် ၂၁**

ကမ္ဘောဒီးယားနိုင်ငံက ၂၀၂၂ ခုနှစ် ပထမ ခုနစ်လအတွင်း နိုင်ငံတကာခရီးသွား ၇၄၀၀၀၀ ကျော်ကို ဆွဲဆောင်ခဲ့ပြီး အဆိုပါအရေအတွက်သည် ယမန်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၅၆ ရာခိုင်နှုန်း တိုးတက်မှုရှိလာကြောင်း ကမ္ဘောဒီးယား ခရီးသွားလာရေးဝန်ကြီးဌာနက ယနေ့ သတင်းထုတ်ပြန်သည်။

နိုင်ငံအတွင်း လူမှုစီးပွားလုပ်ငန်းအားလုံးကို ပြန်လည်ဖွင့်လှစ်လိုက်သည့်အတွက် မြို့တော်ဖနောင်ပင်ရှိ ယဉ်ကျေးမှုဆိုင်ရာဒေသဖြစ်သည့် Siem Reap နှင့် Preah Sihanouk ကမ်းရိုးတန်းဒေသရှိ အဓိက ခရီးသွားနေရာအချို့၌ ကမ္ဘာလှည့်ခရီးသွားအများအပြားလာရောက်ကြောင်း ခရီးသွားလာရေးဝန်ကြီး သွမ်ခွန်က ပြောကြားခဲ့သည်။

ယခုနှစ် ဇန်နဝါရီလမှ ဇူလိုင်လအတွင်း အိမ်နီးချင်း ဗီယက်နမ်နိုင်ငံမှ လာရောက်သူ အများဆုံးဖြစ်ပြီး ထိုင်းနှင့် တရုတ်နိုင်ငံတို့က ဒုတိယအများဆုံးဖြစ်သည်။

၂၀၂၂ ခုနှစ်အတွင်း နိုင်ငံတကာ ခရီးသွား တစ်သန်းကျော်လာရောက်ရန် ကမ္ဘောဒီးယားနိုင်ငံက မျှော်မှန်းထားသည်။ အဆိုပါ မျှော်မှန်း အရေအတွက်သည် ၂၀၂၁ ခုနှစ်အတွင်း လာရောက်သည့် ခရီးသွားအရေအတွက်ထက် ၂၀၀၀၀၀ သာ ပိုမိုများပြားကြောင်း သိရသည်။

ထို့ပြင် ၂၀၂၃ ခုနှစ်တွင် နိုင်ငံတကာခရီးသွား နှစ်သန်းကျော်လာရောက်ရန် မျှော်မှန်းထားကြောင်းနှင့် ၂၀၂၆ ခုနှစ်နှင့် ၂၀၂၇ ခုနှစ်အတွင်းတွင် ကိုဗစ်-၁၉ရောဂါ ကူးစက်မှုမတိုင်မီကာလက အရေအတွက်ကို ပြည့်မီသွားမည်ဖြစ်ကြောင်း ကမ္ဘောဒီးယား ခရီးသွားလာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ပါရှိသည်။

ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု မဖြစ်ပွားမီကာလက ကမ္ဘောဒီးယားနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသည် အရေအတွက် ၆ ဒသမ ၆ သန်း လာရောက်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၄ ဒသမ ၉၂ ဘီလီယံ ဝင်ငွေရရှိခဲ့ကြောင်း သိရသည်။

ခရီးသွား လုပ်ငန်းသည် ကမ္ဘောဒီးယားနိုင်ငံ၏ စီးပွားရေးကို ထောက်ပံ့ပေးသည့် မဏ္ဍိုင်လေးခုအနက် တစ်ခုအပါအဝင်ဖြစ်သည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အောင်ကျော်ကျော်**

# မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၇၉၈ ဦး ထပ်မံတွေ့ရှိ

**ကွာလာလမ်ပူ ဩဂုတ် ၂၁**

မလေးရှားနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၇၉၈ ဦး ထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ ရောဂါကူးစက်ခံရသူပေါင်း ၄၇၅၅၂၈၈ ဦးရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ယနေ့ သတင်းထုတ်ပြန်သည်။

**ဒေသတွင်းကူးစက်ခံရသူများဖြစ်**

ရောဂါကူးစက်ခံရသူများအနက် ငါးဦးသည် နိုင်ငံရပ်ခြားမှ ပြန်လည်ရောက်ရှိလာသူများဖြစ်ပြီး ကျန် ၂၇၉၃ ဦးသည် ဒေသတွင်း ကူးစက်ခံရသူများဖြစ်သည်။

ထို့ပြင် လွန်ခဲ့သော ၂၄ နာရီအတွင်း ခြောက်ဦး ထပ်မံသေဆုံးသည့်အတွက် အဆိုပါ ရောဂါကူးစက်မှုကြောင့် သေဆုံးသူပေါင်း ၃၆၁၃၆ ဦးရှိကြောင်း သိရသည်။

သို့သော် လူနာ ၄၆၆၉ ဦးရောဂါမှ ပြန်လည်ကျန်းမာလာခဲ့သည့်အတွက် ကျန်းမာရေးပြန်လည်ကောင်းမွန်လာသူပေါင်း ၄၆၇၈၂၆၂ ဦး ရှိကြောင်း သိရသည်။

**ရောဂါပြင်းထန်စွာခံစားနေရ**

လက်ရှိတွင် ပိုးတွေ့ဆဲလူနာ ၄၀၈၉၀ ရှိပြီး ယင်းတို့အနက် ၆၅ ဦးသည် ရောဂါပြင်းထန်စွာခံစားနေရပြီး ၃၉ ဦးသည် အသက်ရှူအထောက်အကူပြုကိရိယာများ တပ်ဆင်ထားရသည်။

လက်ရှိအချိန်အထိ ပြည်သူ ၈၆ ရာခိုင်နှုန်းအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အနည်းဆုံး တစ်ကြိမ်ထိုးနှံပေးပြီးဖြစ်သည်။ ၈၄ ဒသမ ၂ ရာခိုင်နှုန်းသည် ကာကွယ်ဆေး အပြည့်အဝထိုးနှံမှုခံယူပြီးဖြစ်ပြီး ၄၉ ဒသမ ၆ ရာခိုင်နှုန်းသည် ကာကွယ်ဆေးထပ်ဆောင်း ထိုးနှံမှုခံယူပြီးဖြစ်ကြောင်း သိရသည်။ ထို့ပြင် ၁ ဒသမ ၃ ရာခိုင်နှုန်းသည် ကာကွယ်ဆေး ဒုတိယအကြိမ် ထပ်ဆောင်းထိုးနှံမှုခံယူပြီးဖြစ်သည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အောင်ကျော်ကျော်**

# သီရိလင်္ကာနိုင်ငံ၌ ယခုနှစ် ပထမရှစ်လအတွင်း သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ ငါးသောင်းနီးပါးရှိ

**ကိုလံဘို ဩဂုတ် ၂၁**

သီရိလင်္ကာနိုင်ငံ၌ ယခုနှစ် ပထမရှစ်လအတွင်း သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူပေါင်း ၅၀၀၀၀ နီးပါးရှိကြောင်း သီရိလင်္ကာနိုင်ငံ အမျိုးသားသွေးလွန်တုပ်ကွေးရောဂါထိန်းချုပ်ရေးဌာနက ယနေ့တွင် ပြောကြားသည်။

သီရိလင်္ကာနိုင်ငံသား ၄၉၉၄၁ ဦးသည် လွန်ခဲ့သည့်ရှစ်လအတွင်းက သွေးလွန်တုပ်ကွေးရောဂါ ကုသမှုခံယူရန်အတွက် ဆေးရုံများသို့ ရောက်ရှိလာခဲ့ကြောင်း သီရိလင်္ကာနိုင်ငံ အမျိုးသားသွေးလွန်တုပ်ကွေးရောဂါထိန်းချုပ်ရေးဌာန၏ ပြောကြားချက်ကို ကိုးကား၍ ဒေသတွင်းမီဒီယာများက ဩဂုတ် ၂၁ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။

အဆိုပါသွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူများ၏ ထက်ဝက်သည် ကိုလံဘို၊ ဂမ်ပါဟာနှင့် ကာလူတာရာခရိုင်များဖြင့် ဖွဲ့စည်းထားသည့် အနောက်ပိုင်းပြည်နယ်မှဖြစ်ကြောင်း သိရသည်။ အဆိုပါ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူများအနက် ကိုလံဘိုမှ ၁၂၇၅၄ ဦး၊ ဂမ်ပါဟာမှ ၇၄၉၆ ဦးနှင့် ကာလူတာရာမှ ၄၇၃၁ ဦးဖြစ်ကြောင်း ကိုလံဘိုမြူနီစီပယ်ကောင်စီ ဆေးဘက်ဆိုင်ရာအကြီးအကဲ ရူဝန်ဝီဂျီမူနီက သတင်းထောက်များအား ပြောကြားခဲ့သည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အလင်းသစ်**

# အိန္ဒိယနိုင်ငံ၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် သေဆုံးသူ ၃၈ ဦးအထိရှိလာ

**နယူးဒေလီ ဩဂုတ် ၂၁**

အိန္ဒိယနိုင်ငံ မြောက်ပိုင်းနှင့် အရှေ့ပိုင်းတွင် ပြီးခဲ့သည့်နှစ်ရက်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုများမှတစ်ဆင့် ဖြစ်ပွားသည့် ရုတ်တရက်ရေကြီးမှုနှင့် မြေပြိုမှုများကြောင့် သေဆုံးသူ ၃၈ ဦးအထိ ရှိလာခဲ့ကြောင်း အိန္ဒိယဒေသတွင်းမီဒီယာများက ဩဂုတ် ၂၁ ရက်တွင် သတင်းထုတ်ပြန်သည်။



သေဆုံးသူများအနက် ၂၂ ဦးသည် ဟီမာချယ်ပရာဒေ့ရှ်ပြည်နယ်၏ တောင်ကုန်းဒေသများမှဖြစ်ပြီး ဩဒိရှာပြည်နယ် မြောက်ပိုင်းမှ ခြောက်ဦး၊ ဥတ္တရာခန်းနှင့် ဂျာဟာခန်ပြည်နယ်တို့မှာ လေးဦးစီနှင့် အိန္ဒိယက သိမ်းပိုက်ထားသော ကက်ရှ်မီးယားဒေသမှ နှစ်ဦးတို့ဖြစ်ကြောင်း သိရသည်။

**သေဆုံးသူအရေအတွက်**
**မြင့်တက်လာမည်ကို စိုးရိမ်**

ဟီမာချယ်ပရာဒေ့ရှ် ပြည်နယ်၌ နေအိမ်များပျက်စီးမှုနှင့် မြေပြိုမှုများဖြစ်ပွားခဲ့သဖြင့် ခြောက်ဦးပျောက်ဆုံးကာ ၁၂ ဦး ဒဏ်ရာရရှိနေခြင်းကြောင့် အဆိုပါပြည်နယ်၏ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် သေဆုံးသူအရေအတွက် မြင့်တက်လာမည်ကို စိုးရိမ်လျက်ရှိကြောင်း သိရသည်။

ယင်းပြည်နယ်၌ သေဆုံးသူများအနက် ရှစ်ဦးသည် မိသားစုတစ်စုတည်းမှဖြစ်ကြောင်း သိရသည်။ ဥတ္တရာခန်းပြည်နယ်၏ သတင်းထုတ်ပြန်ချက်အရ ယင်းပြည်နယ်အတွင်း မြေပြိုမှုများဖြစ်ပွားခဲ့ခြင်းကြောင့် လမ်းပေါင်း ၂၃၅ လမ်းကို ပိတ်ထားခဲ့ရကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အလင်းသစ်**

# တရားမဝင်သွယ်တန်းထားသော ဖိုက်ဘာကေဘယ်ကြိုးများနှင့် ဝိုင်ဖိုင်ကြိုးများ ဖယ်ရှားရှင်းလင်း

ရန်ကုန် ဩဂုတ် ၂၁

ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းပိုင် ဓာတ်အားလိုင်းတိုင်များပေါ်တွင် တရားမဝင်သွယ်တန်းထားသော ဖိုက်ဘာကေဘယ်ကြိုးများနှင့် ဝိုင်ဖိုင်ကြိုးများကို ၂၀၂၁ ခုနှစ် နိုဝင်ဘာ ၃၀ ရက် နောက်ဆုံးထား၍ မိမိအစီအစဉ်ဖြင့် ဖယ်ရှားရန် ကြေညာထားပြီး ဖြစ်သည်။

သို့ရာတွင် လိုက်နာဆောင်ရွက်မှုမရှိဘဲ တရားမဝင် ဆက်လက်သွယ်တန်းထားသော ဖိုက်ဘာကေဘယ်ကြိုးများနှင့် ဝိုင်ဖိုင်ကြိုးများကို စစ်ဆေးဖော်ထုတ်ဖယ်ရှားရှင်းလင်းခြင်းများ ဆောင်ရွက်လျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းတစ်လျှောက်ရှိ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းပိုင် ဓာတ်အားလိုင်းတိုင်များပေါ်တွင် တရားမဝင်သွယ်တန်းထားသော ဖိုက်ဘာကေဘယ်ကြိုးများနှင့် ဝိုင်ဖိုင်ကြိုးများ ဖယ်ရှားရှင်းလင်းခြင်းကို ဩဂုတ် ၂၀ ရက်တွင် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း အနောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ် လျှပ်စစ်မန်နေဂျာရုံးမှ ဝန်ထမ်းများနှင့် တရားဝင်ခွင့်ပြုထားသော ဆက်သွယ်ရေးကုမ္ပဏီများမှ ဝန်ထမ်းများဖြင့် ဆောင်ရွက်ခဲ့ကြကြောင်း ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ သိရသည်။



သတင်းစဉ်

# မြို့နယ်အချို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

နေပြည်တော် ဩဂုတ် ၂၁

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၂၀ ရက် နံနက် ၁၁ နာရီခွဲတွင် ကော့ကရိတ်မြို့နယ် ရေကျော်ကြီးကျေးရွာအုပ်စု တံတားကျိုးကျေးရွာရှိ ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် ကိုမောင် မောင်းနှင်ပြီး ကျော်ဇင်အောင်နှင့် ရဲဝင်းပိုင်(ခ)ရဲကြီးတို့ လိုက်ပါလာသည့် Sunlong အမျိုးအစား ခရီးသည်တင်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ Ammonium Nitrate ကီလို ၁၀၀၀ သိမ်းဆည်းရမိပြီး စစ်ဆေးပေါ်ပေါက်ချက်အရ မွန်းလွဲ ၁၂ နာရီမိနစ် ၂၀ တွင် မြဝတီမြို့ အမှတ်(၅)ရပ်ကွက် အမှတ်(၂) ချစ်ကြည်ရေးတံတားလမ်းတွင် ကျော်မျိုးမင်း (ခ) ဖိုးကျော် (ခ) ကျော်ကြီး မောင်းနှင်လာသည့် Canter အမျိုးအစား ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်မှ Ammonium Nitrate ကီလို ၂၀၀၀ ကိုလည်းကောင်း၊ ထို့ပြင် ယင်းနေ့ မွန်းလွဲ ၁၂ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကျိုင်းတုံမြို့နယ် ကတ်ဖကျေးရွာအုပ်စု ဟွေဆိုင်းကျေးရွာအနီးတွင် ရာချို့အား မသင်္ကာဖွယ်တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၉၂၀၀ ကိုလည်းကောင်း၊ အလားတူ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၁၉ ရက် ညနေ ၆ နာရီတွင် တာချီလိတ်မြို့ ဆန်ဆိုင်း(က)ရပ်ကွက်ရှိ စိုင်းအောင်ခမ်း(ခ)အောင်ခမ်း၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ စိုင်းအောင်ခမ်း(ခ)အိုက်လုံ၊ စိုင်းရီကျောက်(ခ)ထစ်၊ စိုင်းရီတစ်(ခ)အားဖာ တို့လေးဦးအား တွေ့ရှိရပြီး ကက်တမင်း ၂၄ ကီလို၊ အက်တက်စီဆေးမှုန့်သုည ဒသမ ၂ ကီလို၊ စိတ်ပြောင်းဆေးဝါးများ ရောစပ်ထားသောအမှုန့်(Happy Water) သုည ဒသမ ၄၂၃ ကီလို၊ ၉ မမ(ဘလိုင်း)ကျည် ၃၃ တောင့်၊ ၉ မမကျည် ၂၇ တောင့်၊ ကဖင်း ၂၅၀ ကီလိုနှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိခဲ့ကြောင်း၊ အလားတူ ယင်းနေ့ ည ၉ နာရီတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့နယ် မိုင်းဖုန်း(က) ကျေးရွာအုပ်စု ဝမ်နားကျေးရွာနေ စိုင်းရှုန်၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ အိုက်စ် နှစ်ကီလို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ဩဂုတ် ၂၀ ရက် ညနေ ၅ နာရီတွင် မူးယစ်ဆေးဝါးများ ရောင်းချပေးသူ စိုင်းရှုန်ခမ်း(ခ)အိုက်ပျန်းအား တာချီလိတ်မြို့နယ် မိုင်းဖုန်း(က)ကျေးရွာအုပ်စု ဝမ်နားကျေးရွာရှိ ၎င်း၏နေအိမ်၌ ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား



ကိုမောင်၊ ကျော်ဇင်အောင်၊ ရဲဝင်းပိုင်(ခ)ရဲကြီးနှင့် ကျော်မျိုးမင်း(ခ)ဖိုးကျော်(ခ)ကျော်ကြီးတို့အားသိမ်းဆည်းရမိသည့် Ammonium Nitrate များနှင့်အတူ တွေ့ရစဉ်။

# တရားမဝင် စားသောက်ကုန်ပစ္စည်း၊ အလှကုန်ပစ္စည်း၊ လူသုံးကုန်ပစ္စည်း၊ ဆောက်လုပ်ရေးသုံးပစ္စည်း၊ လုပ်ငန်းသုံးပစ္စည်း၊ ထိန်းချုပ်ဓာတုပစ္စည်းနှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် ဩဂုတ် ၂၁

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၂၀ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် (၁၆)မိုင် ကျောက်ချောစစ်ဆေးရေးစခန်း တာဝန်ကျ စစ်ဆေးရေးအဖွဲ့က ကင်းလှည့်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပြင်ဦးလွင်–မန္တလေးလမ်း မိုင်တိုင်အမှတ် (၂၁)မိုင် (၅)ဖာလုံတွင် တရားဝင် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် Compound Multi – gas Detector, Model BH–4 စက် ၁၀ လုံး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀)ကို လည်းကောင်း။

ထို့အတူ ဩဂုတ် ၂၀ ရက်တွင် ကရင်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ကော့ကရိတ် (တံတားကျိုး) စုပေါင်းစစ်ဆေးရေးစခန်း၌ တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြဝတီမြို့မှ ရန်ကုန်မြို့သို့ သွားရောက်မည့် ခရီးသည်တင် မှန်လုံယာဉ် တစ်စီးပေါ်၌ တရားမဝင် တင်သွင်းလာသော ထိန်းချုပ်ဓာတုပစ္စည်းများဖြစ်သည့် အမိုနီယမ်နိုက်ထရိတ် အိတ် ၄၀(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၀၀၀)၊ တရားဝင် စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်း မရှိသည့် စားသောက်ကုန်ပစ္စည်းမျိုးစုံနှင့် အလှကုန်ပစ္စည်းများ(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၇၀၅၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Sunlong Express ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀၀)ကို လည်းကောင်း၊ သံလွင်တံတား စုပေါင်းစစ်ဆေးရေးဂိတ်၌ တာဝန်ကျစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တရားဝင် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၅၀၀၀၀)ကို လည်းကောင်း စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၉၉၇၅၅၀၀၀)ကို လည်းကောင်း။

အလားတူ ဩဂုတ် ၂၁ ရက်တွင် ကရင်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ကော့ကရိတ် (တံတားကျိုး)စုပေါင်းစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြဝတီမြို့မှ ရန်ကုန်မြို့သို့ သွားရောက်မည့် ကုန်တင်ယာဉ် တစ်စီးပေါ်၌ သွင်းကုန်ကြေညာလွှာ(ID)တွင် ကြေညာထားခြင်းမရှိသည့် ကြွေပြားချပ်ဖာ ၃၂၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၆၀၀၀၀)နှင့် စားသောက်ကုန်ပစ္စည်းများ(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀)ကို လည်းကောင်း၊ မြဝတီ–သဃ်္ဃန်းညီနောင်သွားလမ်းပေါ်တွင် ပူးပေါင်းစစ်ဆေးရေးအဖွဲ့က ရှောင်တခင်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကုန်တင်ယာဉ် တစ်စီးပေါ်တွင် တရားဝင် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းများ(ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၄၀၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် ကုန်တင်ယာဉ် တစ်စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀)ကို လည်းကောင်း စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၄၀၆၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဩဂုတ် ၂၀ ရက်နှင့် ၂၁ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၁ မှု(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၅၈၁၅၀၀၀)ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၂-၈-၂၀၂၂ တနင်္လာနေ့

**MRTV HD**

- ၀၆:၀၀ ပေဋ္ဌာသုတ်၊ ရတနသုတ်၊ တောဖျက်သုတ် အန္တရာယ်ကင်းပရိတ်တရားတော်
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၃၅ စမ်းမီးငြိမ်းချိန်တန်ပါပြီ
- ၀၉:၁၀ စိုက်ပျိုးရေးရာအဖြေရှာ
- ၁၀:၀၀ သတင်းထဲကသတင်း
- ၁၀:၃၀ ရာဇဝင်ထဲကသမိုင်းအနုပညာ
- ၁၁:၃၀ ဘဝနှင့်အနုပညာ
- ၁၂:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'အမှန်တရားရဲ့လျှို့ဝှက်ချက်' (အပိုင်း–၁၁၅+၁၁၆)(ဇာတ်သိမ်းပိုင်း)
- ၁၃:၄၀ MRTV National News
- ၁၆:၃၅ ကျန်းမာရေးအတွက်တိုင်းရင်းဆေးပညာ
- ၁၇:၀၀ သတင်းသမားပြောတဲ့သတင်းစကား
- ၁၇:၄၀ This Week's Special Interest
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၅ သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
- ၁၉:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ချစ်ပန်းရနံ့လွင့်ပျံ့အမုန်း' (အပိုင်း–၄)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
- ၂၁:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'အချစ်ဆိုသည်မှာ' (အပိုင်း–၁၃)

**mitv**

- 07:01 Evergreen Classic: Dhamma Settkyar (Nan Sandi)
- 07:11 Tahbuhla Dam & Oakkan Chaungtha
- 07:23 Tray Art Products
- 07:34 Chef Life: Ce'drіc Davoine (French Chef)
- 08:01 Sitagu International Buddhist Academy (Part-1)
- 08:26 Myanmar Traditional Snacks: Myanmar Doughnut
- 08:30 A Memorable Visit to Alaungdaw Kathapa National Park
- 09:01 News
- 09:27 Global Partnership for Brighter Future: Albania Pavilion at Expo 2020 Dubai
- 09:33 Palm-leaf Inscriptions and Parabaiks from Inlay Region
- 09:43 The Listening Eye
- 10:01 Myanmar Masterclass: Artist Maung Aye

**MRTV NRC**

- အရှေ့ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀) ဖားပုတောင်ပေါ်မှလှပသောမြင်ကွင်းတစ်ခွင်
- ချင်း (လိုင်ဇိုး) (၀၇:၀၀ မှ ၀၈:၀၀) ချင်းရိုးရာခေါင်းဆောင်းပြုလုပ်နည်း
- ချင်း (ချိုး) (၀၈:၀၀ မှ ၀၉:၀၀) မုန်လာဥနီ၏ဆေးဖက်ဝင်အစွမ်းထက်မှုများ
- မွန် (၀၉:၀၀ မှ ၁၁:၀၀) ရာမညမြေမှအလှတရားများ(အပိုင်း–၂)
- ရခိုင် (၁၁:၀၀ မှ ၁၃:၀၀) သျှစ်သောင်းပုထိုးတော်ကြီး
- ရှမ်း (၁၃:၀၀ မှ ၁၅:၀၀) ပေပေါင်း(၈၀၀၀)ကျော်မြင့်တဲ့မဲနယ်တောင်တန်းမှ တောင်ဇလပ်ပန်းများရှိရာဆီသို့
- ဝ (၁၅:၀၀ မှ ၁၇:၀၀) မြေအိုးပြုလုပ်နည်း
- ကချင် (၁၇:၀၀ မှ ၁၉:၀၀) လချိဒ်ရိုးရာဝတ်စုံဝတ်ဆင်ပုံ
- ကယား (၁၉:၀၀ မှ ၂၁:၀၀) ဗုဒ္ဓတစ်ထောင်အကောက်တောင်
- ပအိုဝ်း (၂၁:၀၀ မှ ၂၂:၀၀) ဝိုးအစပ်ချက်နှင့်သခွတ်ပွင့်သုပ်
- အနောက်ပိုးကရင် (၂၂:၀၀ မှ ၂၃:၀၀) ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ(အပိုင်း–၂)

**MRTV NEWS**

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၉:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၃:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၄:၀၀ MRTV National News
- ၁၅:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၇:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၁:၀၀ ပြည်တွင်းသတင်း (LIVE)

**MRTV PARLIAMENT**

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'ပကောင်းဆိုင်းဝါး'
- ၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
- ၁၀:၃၀ ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း–၇)
- ၁၁:၀၀ တရားရုံးက ဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေး စနစ်
- ၁၁:၃၀ အတွေးအမြင် (အပိုင်း–၇)

**MRTV FARMERS'**

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
- ၀၆:၀၂ တောင်သူလယ်သမားရေးရာသတင်း
- ၀၆:၄၅ ရတနာတန်းဝင်ရွှေကျွန်းပင်
- ၀၇:၅၅ စပါးအထွက်တိုးစေဖို့သိပ္ပံနည်းကျစိုက်ပျိုးနည်းဆိုင်ရာအလေ့အကျင့်ကောင်း(၁၄)ချက်
- ၀၈:၂၅ ပြူးပန်းဝေဆာတောင်သူ့စိုက်ခင်းမှာ
- ၀၉:၂၀ အကောင်းဆုံးမြေပဲမျိုးနဲ့ဒေသကိုအလှခြယ်မယ်
- ၀၉:၄၅ သဘာဝဝန်းကျင်မပျက်စိုက်ပျိုးရေး

**MRTV SPORTS**

- ၀၆:၀၀ အဖွင့်
- ၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
- ၀၇:၀၀ Sports News
- ၀၇:၃၀ Soccer View/ Sports Diary
- ၀၇:၄၅ အားကစားလောကထဲက သူတို့အကြောင်း
- ၀၈:၀၀ ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
- ၂၀:၀၀ ပြည်တွင်းသတင်း

Education Channel ကို နေ့စဉ်နံနက်(၉:၀၀)နာရီမှ တစ်ကြိမ်လျှင်(၅)နာရီ (၆)ကြိမ်နှုန်း(၂၅)နာရီထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# မန္တလေးမြို့၌ အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ PDF အမည်ခံ အကြမ်းဖက်အဖွဲ့များအား ငွေကြေးထောက်ပံ့ပေးနေသူများကို ဖမ်းဆီးရမိ

နေပြည်တော် ဩဂုတ် ၂၁

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ PDF အမည်ခံအကြမ်းဖက်အဖွဲ့များ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် နိုင်ငံ့ဝန်ထမ်းများအပါအဝင် အပြစ်မဲ့ပြည်သူများအား အဓိကပစ်မှတ်ထား၍ လုပ်ကြံသတ်ဖြတ်ခြင်း၊ အများပြည်သူပိုင် အဆောက်အအုံများအား မီးရှို့ခြင်း၊ ဖောက်ခွဲဖျက်ဆီးခြင်း စသည့်အကြမ်းဖက်လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။ ထိုသို့သော အကြမ်းဖက်လုပ်ငန်းများတွင် ကိုယ်တိုင်ပါဝင်ကျူးလွန်ခြင်း၊ အားပေးကူညီခြင်းနှင့် ငွေကြေးထောက်ပံ့ပေးခြင်းများ ပြုလုပ်ခဲ့လျှင် တည်ဆဲဥပဒေများအရ ထိရောက်စွာ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်းများ၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရမည်ဖြစ်ကြောင်း နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

၂၀၂၂ ခုနှစ် ဩဂုတ် ၁၇ ရက် နံနက်ပိုင်းတွင် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များအား ငွေကြေးထောက်ပံ့ပေးနေသည့် မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် ရဲမွန်တောင်ရပ်ကွက်နေ မွန်သူအောင်အား အကြမ်းဖက်မှုများကို မလိုလားသည့် ပြည်သူများ၏ သတင်းပေးပို့ချက်အရ ၎င်း၏နေအိမ်၌ ဖမ်းဆီးရမိခဲ့သည်။



တရားခံ မွန်သူအောင်



တရားခံ ကျော်သူရ

တရားခံ မွန်သူအောင်၏ ထွက်ဆိုချက်အရ ၎င်းသည် မြန်မာသူရကျောက်မျက်ကုမ္ပဏီ၌ ယာဉ်မောင်းအဖြစ် လုပ်ကိုင်လျက်ရှိပြီး မြန်မာသူရကျောက်မျက်ကုမ္ပဏီပိုင်ရှင် ကျော်သူရသည် PDF အမည်ခံအကြမ်းဖက်အဖွဲ့များအား ငွေကြေးအမြောက်အမြားထောက်ပံ့ကူညီပေးလျက်ရှိကြောင်း ဖော်ထုတ်သိရှိရသဖြင့် ဩဂုတ် ၁၇ ရက် မွန်းလွဲပိုင်းတွင် ကျော်သူရအား ချမ်းအေးသာစံမြို့နယ် ဇေယျာသီရိလမ်းသွယ် ၃၄ လမ်းနှင့် ၃၅ လမ်းကြား ၈၈ လမ်းနှင့် ၈၉ လမ်းကြားရှိ ၎င်း၏နေအိမ်၌ ထပ်မံဖမ်းဆီးရမိခဲ့ပြီး ဖားကန့်မြို့နယ် နမ္မဖြစ်ကျေးရွာရှိ မြန်မာသူရကျောက်မျက် ကုမ္ပဏီခြံဝင်းအတွင်းရှိ နေအိမ်အိပ်ခန်းအတွင်းမှ Sigsauer ပစ္စတို တစ်လက်၊ ၎င်းကျည် ၁၂ တောင့်၊ ကျည်အိမ်နှစ်ခုတို့ကို သိမ်းဆည်းရမိခဲ့သည်။

တရားခံ မွန်သူအောင်နှင့် ကျော်သူရတို့၏ ထွက်ဆိုချက်များအရ ဆူပူဆန္ဒပြလှုပ်ရှားသူများ၊ CDM ဝန်ထမ်းများနှင့် အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ PDF အမည်ခံအကြမ်းဖက်အဖွဲ့များအား အောက်ပါအတိုင်း ထောက်ပံ့ကူညီမှုများ ဆောင်ရွက်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်-

- ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး အတွင်းရှိ PDF အမည်ခံအကြမ်းဖက်အဖွဲ့များအား ငွေကြေးထောက်ပံ့ပေးမှု ၃၅ ကြိမ် ငွေကျပ် ၁၉၄၇ သိန်း၊ Alphard ကားတစ်စီး၊ အမေရိကန်ဒေါ်လာ ၁၀၀၀၀ နှင့် တရုတ်ယွမ် ၁၉၀၀၀။
- ကျောက်မျက်လုပ်ငန်းရှင်များ ကိုယ်စားပြု၍ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ PDF အမည်ခံအကြမ်းဖက်အဖွဲ့များအား ငွေကြေးထောက်ပံ့ပေးမှု ၃ ကြိမ် ငွေကျပ် ၁၃၃ သိန်း။
- လူမှုကွန်ရက်မှတစ်ဆင့် မဟုတ်မမှန် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းတို့ကို လုပ်ဆောင်၍ ဆူပူဆန္ဒပြမှုများနှင့် အကြမ်းဖက်မှုများ ဖြစ်ပေါ်လာစေရန် ရည်ရွယ်၍ တရားခံပြေး **အိပန်ဆယ်လို (ခ) အိမ့်ပိုးဥ**အား ငွေကြေးထောက်ပံ့ပေးမှု ၇ ကြိမ် ငွေကျပ်သိန်း ၃၉၀၀။
- မန္တလေးတိုင်းဒေသကြီးအတွင်းရှိ CDM ဝန်ထမ်းများအား ထောက်ပံ့ပေးမှု ၃ ကြိမ် ငွေကျပ်သိန်း ၁၂၀။
- မန္တလေးမြို့အတွင်း အကြမ်းဖက်ဆူပူဆန္ဒပြသူများအား ငွေကျပ်သိန်း ၅၀။

မြန်မာသူရကျောက်မျက်ကုမ္ပဏီပိုင်ရှင် တရားခံ ကျော်သူရသည် ဆူပူဆန္ဒပြလှုပ်ရှားသူများ၊ CDM ဝန်ထမ်းများနှင့် အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ PDF အမည်ခံအကြမ်းဖက်အဖွဲ့များအား စုစုပေါင်း ငွေကျပ် သိန်း ၆၁၅၀၊ Alphard ကားတစ်စီး၊ အမေရိကန်ဒေါ်လာ ၁၀၀၀၀၊ တရုတ်ယွမ် ငွေ ၁၉၀၀၀ တို့ကို ထောက်ပံ့ကူညီခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

သို့ဖြစ်ပါ၍ တရားခံ ကျော်သူရနှင့် မွန်သူအောင်တို့သည် အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ PDF အမည်ခံအကြမ်းဖက်အဖွဲ့များ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များအား ငွေကြေးအဓိက ထောက်ပံ့ပေးနေသူဖြစ်ကြောင်း ဖော်ထုတ်သိရှိရသဖြင့် တည်ဆဲဥပဒေများအရ ထိရောက်စွာ ဆက်လက်အရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ ပြစ်မှုနှင့်သက်ဆိုင်သော နေအိမ်၊ ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများအား ၂၀၂၂ ခုနှစ် ဩဂုတ် ၁၈ ရက်မှ ၂၀ ရက်အထိ အောက်ပါအတိုင်း နိုင်ငံဘဏ္ဍာအဖြစ် ချိတ်ပိတ်သိမ်းဆည်းခဲ့ကြောင်း သိရှိရသည်-

စာမျက်နှာ ၁၆ သို့ ○



ဖားကန့်မြို့နယ် နမ္မဖြစ်ကျေးရွာရှိ ကျော်သူရပိုင်ဆိုင်သော မြန်မာသူရကျောက်မျက်ကုမ္ပဏီခြံဝင်းအတွင်းရှိ နေအိမ်အိပ်ခန်းအတွင်းမှ သိမ်းဆည်းရမိခဲ့သည့် လက်နက်/ခဲယမ်းများ၏ မှတ်တမ်းဓာတ်ပုံ။



၂၀၂၂ ခုနှစ် ဩဂုတ် ၁၈ ရက်တွင် ချမ်းအေးသာစံမြို့နယ် ကန်ကောက်ရပ်ကွက်ရှိ ကျော်သူရ၏ နေအိမ်မှ သိမ်းဆည်းရမိသည့် မော်တော်ယာဉ်များ မှတ်တမ်းဓာတ်ပုံ။



၂၀၂၂ ခုနှစ် ဩဂုတ် ၁၈ ရက်တွင် ချမ်းအေးသာစံမြို့နယ် ကန်ကောက်ရပ်ကွက်ရှိ ကျော်သူရ၏ နေအိမ်အား ချိပ်ပိတ်သိမ်းဆည်းခဲ့မှု မှတ်တမ်းဓာတ်ပုံ။



၂၀၂၂ ခုနှစ် ဩဂုတ် ၁၈ ရက်တွင် ချမ်းအေးသာစံမြို့နယ် ကန်ကောက်ရပ်ကွက်ရှိ ကျော်သူရ၏ နေအိမ်အား ချိပ်ပိတ်သိမ်းဆည်းခဲ့မှု မှတ်တမ်းဓာတ်ပုံ။



၂၀၂၂ ခုနှစ် ဩဂုတ် ၁၈ ရက်တွင် ချမ်းအေးသာစံမြို့နယ် ပြည်ကြီးပျော်ဘွယ် အနောက်ရပ်ကွက်ရှိ မြန်မာသူရကျောက်မျက်ကုမ္ပဏီ အလုပ်ရုံအား ချိပ်ပိတ်သိမ်းဆည်းခဲ့မှု မှတ်တမ်းဓာတ်ပုံ။



၂၀၂၂ ခုနှစ် ဩဂုတ် ၁၈ ရက်တွင် ချမ်းအေးသာစံမြို့နယ် ကန်ကောက်ရပ်ကွက်ရှိ ကျော်သူရ၏ နေအိမ်မှ သိမ်းဆည်းရမိသည့် မော်တော်ယာဉ်များ မှတ်တမ်းဓာတ်ပုံ။

○ စာမျက်နှာ ၁၅ မှ

- ၂၀၂၂ ခုနှစ် ဩဂုတ်လ ၁၈ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ရပ်ကွက်၊ ၃၃ လမ်းနှင့် ၅၂ လမ်းထောင့်ရှိမြန်မာသူရကျောက်မျက်ကုမ္ပဏီနှင့် နေအိမ်ခြံဝင်းအတွင်းရှိ အဆောက်အအုံလေးလုံး၊မော်တော်ယာဉ်မျိုးစုံ ငါးစီး။
- ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးပျော်ဘွယ် အနောက်ရပ်ကွက်၊ ၈၈(ဘီ)လမ်း၊ ၃၄ လမ်းနှင့် ၃၅ လမ်းကြားရှိ အဆောက်အအုံ သုံးလုံး၊ မော်တော်ယာဉ်မျိုးစုံ နှစ်စီး၊ မီးစက်နှစ်လုံး၊ ကျောက်စိမ်းဖြတ်သားမျိုးစုံ တန် ၈၀ ခန့်။
- ၂၀၂၂ ခုနှစ် ဩဂုတ်လ ၁၉ ရက်တွင် နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ် ဥတ္တရသီရိရပ်ကွက်၊ စစ်ကိုင်းလမ်းနှင့် သဇင်(၆) လမ်းထောင့်ရှိခြံဝင်းနှင့် အဆောက်အအုံ တစ်လုံး။
- ဒက္ခိဏသီရိမြို့နယ် ကြာပင်အုပ်စု ကျောက်မျက်ကွက်သစ်၊ လုံးခင်းလမ်းရှိ ခြံဝင်းနှင့် အဆောက်အအုံနှစ်လုံး။
- ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ ရွှေအိုက်ရပ်ကွက်၊ ရွှေလမ်းမကြီးဘေး၊ A လမ်း နှင့် B လမ်းကြားရှိ ခြံဝင်းနှင့် အဆောက်အအုံ တစ်လုံး။
- ဖားကန့်မြို့နယ်၊ နမ္မဖြစ်ကျေးရွာရှိ မြန်မာသူရကျောက်မျက်ကုမ္ပဏီ ခြံဝင်းအတွင်း၌ အဆောက်အအုံမျိုးစုံ ၁၈ လုံး၊ ကျောက်စိမ်းဖြတ်သားနှင့် အရိုင်းတုံး မျိုးစုံ ၁၉၃ တန်၊ မီးခံသေတ္တာ နှစ်လုံး၊ Mitsubishi အမျိုးအစား ပစ္စည်းတင် မော်တော်ယာဉ်တစ်စီး။
- ၂၀၂၂ ခုနှစ် ဩဂုတ်လ ၂၀ ရက်တွင် ကချင်ပြည်နယ် ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စု စပေ့ါကျေးရွာရှိ ၁၀ ဧကကျယ်ဝန်းသည့် ကုမ္ပဏီလုပ်ကွက်နှင့် အဆောက်အအုံမျိုးစုံ ခုနစ်လုံး၊ ကျောက်ဖောက်စက် လေးလုံး၊ ကျောက်ဖြတ်စက်အကြီး လေးလုံး၊ ကျောက်ဖြတ်သား တန် ၃၀၊ မြေသယ်ယာဉ် မျိုးစုံ ၁၄ စီး၊ ရေသယ်ယာဉ် နှစ်စီး၊ ဘက်ဟိုးယာဉ် ငါးစီး။
- သို့ဖြစ်၍ မြန်မာသူရကျောက်မျက်ကုမ္ပဏီ ပိုင်ရှင် တရားခံကျော်သူရ ပိုင်ဆိုင်သည့် နေအိမ်၊ ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့မပြောင်းနိုင်သောပစ္စည်းများ စုစုပေါင်း ကာလတန်ဖိုးငွေကျပ် သိန်းပေါင်း ၁၁၈၄၄၉ ခန့်အား နိုင်ငံဘဏ္ဍာအဖြစ် ချိပ်ပိတ်သိမ်းဆည်းခဲ့ကြောင်း။

တရားခံများ၏ ထွက်ဆိုချက်အရ အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ PDF အမည်ခံ အကြမ်းဖက်အဖွဲ့များအား ငွေကြေးထောက်ပံ့မှုများလုပ်ဆောင်ခဲ့သည့် ဖမ်းဆီးရမိတရားခံ ကျော်သူရအပြင် ကျောက်မျက်လုပ်ငန်းလုပ်ကိုင်လျက်ရှိသည့် အခြားစီးပွားရေးလုပ်ငန်းရှင်များသည်လည်း အလားတူထောက်ပံ့ကူညီမှုများဆောင်ရွက်ပေးလျက်ရှိကြောင်း ဖော်ထုတ်သိရှိရသဖြင့် ကွင်းဆက်တရားခံများအား ဆက်လက်ဖော်ထုတ်ဖမ်းဆီး၍ တည်ဆဲဥပဒေများအရ ထိရောက်ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် အကြမ်းဖက်မှုဆောင်ရွက်နေသူများအား ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကာကွယ်တိုက်ဖျက်ကြရန်နှင့် ပြစ်မှုကျူးလွန်ရာတွင် ပါဝင်ပတ်သက်သူများ၊ နောက်ကွယ်မှ ငွေကြေးထောက်ပံ့ပေးလျက်ရှိသော ဆက်စပ်တရားခံများအား အမြန်ဆုံးဖမ်းဆီးရမိရေးအတွက် ၎င်းတို့ ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှု သတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေးတိုင်ကြားနိုင်ပါကြောင်း၊ သတင်းပေးသူနှင့် ဖမ်းဆီးပေးသူများအား ထိုက်တန်စွာ လျှို့ဝှက်၍ ဆုငွေများချီးမြှင့်ပေးလျက်ရှိကြောင်းနှင့် မြို့ရွာများ အမြန်ဆုံး အေးချမ်းတည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင် ကြိုးပမ်းဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံထားကြောင်း သိရသည်။

**သတင်းစဉ်**



၂၀၂၂ ခုနှစ် ဩဂုတ်လ ၁၈ ရက်တွင် ချမ်းအေးသာစံမြို့နယ် ပြည်ကြီးပျော်ဘွယ် အနောက်ရပ်ကွက်ရှိ မြန်မာသူရကျောက်မျက်ကုမ္ပဏီ အလုပ်ရုံအား ချိပ်ပိတ်သိမ်းဆည်းခဲ့မှု မှတ်တမ်းဓာတ်ပုံ။



၂၀၂၂ ခုနှစ် ဩဂုတ် ၁၈ ရက်တွင် ချမ်းအေးသာစံမြို့နယ် ပြည်ကြီးပျော်ဘွယ် အနောက်ရပ်ကွက်ရှိ မြန်မာသူရကျောက်မျက်ကုမ္ပဏီ အလုပ်ရုံမှ သိမ်းဆည်းရမိသည့် ယာဉ်၏ မှတ်တမ်းဓာတ်ပုံ။





၂၀၂၂ ခုနှစ် ဩဂုတ် ၁၈ ရက်တွင် ချမ်းအေးသာစံမြို့နယ် ပြည်ကြီးပျော်ဘွယ် အနောက်ရပ်ကွက်ရှိ မြန်မာသူရကျောက်မျက်ကုမ္ပဏီအလုပ်ရုံမှသိမ်းဆည်းရမိသည့် ကျောက်စိမ်းဖြတ်သားမျိုးစုံ တန် ၈၀ ခန့်၏ မှတ်တမ်းဓာတ်ပုံ။



၂၀၂၂ ခုနှစ် ဩဂုတ်လ ၁၉ ရက်တွင် ဥတ္တရသီရိမြို့နယ် ဥတ္တရသီရိရပ်ကွက် စစ်ကိုင်းလမ်းနှင့် သဇင်(၆)လမ်းထောင့်ရှိ ကျော်သူရ ပိုင်ဆိုင်သော အိမ်အမှတ်(၅၀၄၆)အား ချိပ်ပိတ်သိမ်းဆည်းခဲ့သည့် မှတ်တမ်းဓာတ်ပုံ။





၂၀၂၂ ခုနှစ် ဩဂုတ် ၁၉ ရက်တွင် ဖားကန့်မြို့နယ် နမ္မဖြစ်ကျေးရွာရှိ ကျော်သူရပိုင်ဆိုင်သော မြန်မာသူရကျောက်မျက်ကုမ္ပဏီဝင်းအတွင်းရှိ အဆောက်အအုံများ ချိပ်ပိတ်သိမ်းဆည်းခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



၂၀၂၂ ခုနှစ် ဩဂုတ် ၁၉ ရက်တွင် ဒက္ခိဏသီရိမြို့နယ် ကြာပင်အုပ်စု ကျောက်မျက်ကွက်သစ် လုံးခင်းလမ်းရှိ ကျော်သူရပိုင်ဆိုင်သော မြန်မာသူရကျောက်မျက်ကုမ္ပဏီရုံးအား ချိပ်ပိတ်သိမ်းဆည်းခဲ့သည့်မှတ်တမ်းဓာတ်ပုံ။





၂၀၂၂ ခုနှစ် ဩဂုတ် ၁၉ ရက်တွင် ဖားကန့်မြို့နယ် နမ္မဖြစ်ကျေးရွာရှိ ကျော်သူရပိုင်ဆိုင်သော မြန်မာသူရကျောက်မျက်ကုမ္ပဏီဝင်းအတွင်းမှ သိမ်းဆည်းရမိခဲ့သည့် ကျောက်စိမ်းဖြတ်သားများနှင့် ကျောက်စိမ်းအရိုင်းတုံးများ မှတ်တမ်းဓာတ်ပုံ။





၂၀၂၂ ခုနှစ် ဩဂုတ် ၂၀ ရက်တွင် ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စု စပေ့ါကျေးရွာရှိ မြန်မာသူရကျောက်မျက်ကုမ္ပဏီလုပ်ကွက်မှ သိမ်းဆည်းရမိသည့် စက်ယန္တရားများမှတ်တမ်းဓာတ်ပုံ။



၂၀၂၂ ခုနှစ် ဩဂုတ် ၁၉ ရက်တွင် မြစ်ကြီးနားမြို့ ရွှေအိုက်ရပ်ကွက် ရွှေလမ်းမကြီးဘေး A လမ်းနှင့် B လမ်းကြားရှိ ကျော်သူရပိုင်ဆိုင်သော နေအိမ်အား ချိပ်ပိတ်သိမ်းဆည်းခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



၂၀၂၂ ခုနှစ် ဩဂုတ် ၁၉ ရက်တွင် ဒက္ခိဏသီရိမြို့နယ်ကြာပင်အုပ်စု ကျောက်မျက်ကွက်သစ် လုံးခင်းလမ်းရှိ ကျော်သူရပိုင်ဆိုင်သော မြန်မာသူရကျောက်မျက်ကုမ္ပဏီရုံးအတွင်းရှိ ဂိုဒေါင်မှ သိမ်းဆည်းရမိသည့်ကျောက်စိမ်းဖြတ်သားများ မှတ်တမ်းဓာတ်ပုံ။





၂၀၂၂ ခုနှစ် ဩဂုတ် ၂၀ ရက်တွင် ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စု စပေ့ါကျေးရွာရှိ မြန်မာသူရကျောက်မျက်ကုမ္ပဏီလုပ်ကွက်အတွင်း ချိပ်ပိတ်သိမ်းဆည်းခဲ့သည့်အဆောက်အအုံများ မှတ်တမ်းဓာတ်ပုံ။

# ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၂-၈-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၄၀၀ | ၂၄၅၀ | ၂၄၄၅ | ၂၄၁၀ | ၂၄၄၅ | ၂၄၇၀ | ၂၄၅၅ | ၂၄၃၅ | ၂၅၂၅ | ၂၅၄၅ | ၂၄၄၀ | ၂၄၅၀ | ၂၄၈၅ | ၂၄၈၅ | ၂၄၈၅ | ၂၇၀၅ | ၂၉၃၀ |
| 95 Ron | ၂၄၉၀ | ၂၅၃၅ | ၂၅၃၅ | ၂၄၉၅ | ၂၅၃၅ | ၂၅၅၅ | ၂၅၄၀ | ၂၅၂၀ | ၂၆၁၅ | ၂၆၃၀ | ၂၅၂၅ | ၂၅၄၅ | ၂၅၇၀ | ၂၅၇၀ | ၂၅၇၅ | ၂၇၉၀ | ၂၉၉၅ |
| HSD (500 ppm) | ၂၈၂၀ | ၂၈၆၅ | ၂၈၆၀ | ၂၈၂၅ | ၂၈၆၅ | ၂၈၈၅ | ၂၈၈၀ | ၂၈၅၀ | ၂၉၆၅ | ၂၉၆၀ | ၂၈၅၅ | ၂၈၆၅ | ၂၉၀၀ | ၂၉၀၀ | ၂၉၀၅ | ၃၁၂၀ | ၃၃၆၅ |
| HSD (50 ppm) | ၂၈၉၅ | ၂၉၄၅ | ၂၉၄၀ | ၂၉၀၅ | ၂၉၄၀ | ၂၉၆၅ | ၂၉၆၀ | ၂၉၃၀ | ၃၀၄၀ | ၃၀၃၅ | ၂၉၃၅ | ၂၉၄၅ | ၂၉၈၀ | ၂၉၈၀ | ၂၉၈၀ | ၃၂၀၀ | ၃၄၀၀ |
| HSD (10 ppm) | ၂၈၉၅ | ၂၉၄၅ | ၂၉၄၀ | ၂၉၀၅ | ၂၉၄၀ | ၂၉၆၅ | ၂၉၆၀ | ၂၉၃၀ | ၃၀၄၀ | ၃၀၃၅ | ၂၉၃၅ | ၂၉၄၅ | ၂၉၈၀ | ၂၉၈၀ | ၂၉၈၀ | ၃၂၀၀ | ၃၄၀၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၂၉၂ | ၂၃၇၁ |
| 95 Ron | ၂၃၇၆ | ၂၄၅၈ |
| HSD (500 ppm) | ၂၆၉၇ | ၂၇၈၀ |
| HSD (50 ppm) | ၂၇၇၁ | ၂၈၅၆ |
| HSD (10 ppm) | ၂၇၇၁ | ၂၈၅၆ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**


**■ ကျောဖုံးမှ**

တာဝါတိုင်အမှတ် ၁၇၃ တို့အား KKO (ခွဲထွက်)အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများသည် ဩဂုတ် ၂၀ ရက် ည ၁၁ နာရီခန့်တွင် မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့ကြောင်း၊ ထိုသို့ မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးခဲ့မှုကြောင့် တာဝါတိုင်အမှတ် ၁၇၂ တွင် အောက်ခြေတိုင် တစ်တိုင် ပျက်စီးခဲ့ပြီး တာဝါတိုင်အမှတ် ၁၇၃ သည် မြေပြင်တွင်လဲကျပျက်စီးခဲ့ကာ ကရင်ပြည်နယ် ကျုံဒိုးမြို့၊ ကော့ကရိတ်မြို့၊ မြဝတီမြို့နှင့် ကြာအင်းဆိပ်ကြီးမြို့များတွင် ဓာတ်အားပြတ်တောက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ KKO (ခွဲထွက်)အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများ၏ မိုင်းထောင်ဖောက်ခွဲမှုကြောင့် ပျက်စီးလျက်ရှိသော တာဝါတိုင်များကို ပြန်လည်ပြုပြင်နိုင်ရေး သက်ဆိုင်ရာဌာနက စီစဉ်ဆောင်ရွက်လျက်ရှိကြောင်းနှင့် လုံခြုံရေး တပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**




ဓာတ်အားတာဝါတိုင် မိုင်းခွဲခံရသည့်ဖြစ်စဉ် နေရာပြမြေပုံ။



မိုင်းထောင်ဖောက်ခွဲခံရသည့် တာဝါတိုင်အမှတ် ၁၇၂ ၏ ပျက်စီးမှုမှတ်တမ်းဓာတ်ပုံ။

**✻ CDM မှ**

ထိုသို့ သဘောထားထုတ်ပြန်ပြီးနောက်ပိုင်းတွင် နိုင်ငံတော်၏ လူသားအရင်းအမြစ်များ မလိုလားအပ်ဘဲ ဆုံးရှုံးမှုမရှိစေရေးအတွက် တာဝန်မှကင်းကွာနေသော အခြေခံပညာရေးဝန်ထမ်းများကို ပြန်လည်ဖိတ်ခေါ်ရာတွင် ၃၁၅၆ ဦး၊ ရေးဖွင့်ထားသည့်အမှုများကို ပိတ်သိမ်းရန် ဆက်သွယ်လာသူ ၁၀၀၉ ဦး၊ PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်သူများအနက်မှ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများကို ပြန်လည်ဖိတ်ခေါ်ရာတွင် ၂၃၁ ဦး ပြန်လည်ဝင်ရောက်လာပြီးဖြစ်သည်။ အဆိုပါ ပြန်လည်ဝင်ရောက်လာသူများကို စနစ်တကျ လက်ခံပေးခြင်း၊ မိဘရပ်ထံ ပြန်လည်အပ်နှံခြင်းများ ဆောင်ရွက်ပေးလျက်ရှိခြင်းတို့ကြောင့် ယခုအခါတွင် ပြန်လည်ဝင်ရောက်လာသူများနှင့် ပြန်လည်ဝင်ရောက်လိုသူများ များပြားလျက်ရှိသည်ကို တွေ့ရှိရသည်။ သို့ဖြစ်ပါ၍ နိုင်ငံတော်အစိုးရအနေဖြင့်လည်း ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လိုသူများကို ကျယ်ကျယ်ပြန့်ပြန့် ပိုမိုလက်ခံဆက်သွယ်ဆောင်ရွက်နိုင်ရေး လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ ကျယ်ကျယ်ပြန့်ပြန့် ပိုမိုလက်ခံနိုင်ရေး လုပ်ဆောင်ပေးလျက်ရှိရာ နိုင်ငံတော်အစိုးရအနေဖြင့် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများကို နယ်စပ်ဒေသအသီးသီးတွင် ကြိုဆိုလက်ခံရေးစခန်းများ ဖွင့်လှစ်လက်ခံသကဲ့သို့ နီးစပ်ရာမြို့နယ်များရှိ မြို့နယ်ကြက်ခြေနီအသင်း၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်လူမှုဝန်ထမ်းရုံးနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တရားဝင်အသိအမှတ်ပြုထားသည့် လူမှုကယ်ဆယ်ရေးအသင်းအဖွဲ့အသီးသီးတို့သို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်းနှင့် ယင်းသို့ သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းများနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# တဲကြီးကုန်း၊ မဲဒီး၊ ဘစ်အမ်မှသည် ဖောင်းလောင်ဆီသို့ (၂)

**မောင်အောင်**

ကျွန်တော်တို့အဖွဲ့ မဲဒီးကျေးရွာ စပါးစိုက်ခင်းသို့ရောက်ရှိသည့်အခါ ၉ နာရီခွဲနေပြီ။ တောင်သူဦးကြီး ၅၀ ခန့် စုရုံးရောက်ရှိနေကြသည်။ ကားများကို ကားလမ်းမကြီးဘေးတွင်ထားခဲ့ပြီး စနစ်ကျလယ်ယာမြေအတွင်းရှိ ကုန်ထုတ်လမ်းမှ မဏ္ဍပ်လေးထိုးထားသည့်နေရာသို့ ကျွန်တော်တို့အဖွဲ့ လာခဲ့ကြသည်။ မဲဒီးကျေးရွာမှာ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ တည်ရှိသည်။ ပြီးခဲ့သည့်တစ်ပတ်ကလည်း မဲဒီးကျေးရွာစပါးခင်းတစ်ခင်းတွင် ထွန်၊ ထယ်မလိုဘဲ စပါးတိုက်ရိုက်အစေ့ချ စိုက်ပျိုးနည်းကို လယ်သမားကြီးများအား ကျွန်တော်တို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စက်မှုလယ်ယာဦးစီးဌာနက လက်တွေ့ပြသခဲ့သည်။ တောင်သူဦးကြီးများ စိတ်ဝင်တစား ကြည့်ခဲ့ကြသည်။ လယ်ကွက်အတွင်း ရေမရှိသော်လည်း အခြောက်ကြောင်းဆွဲပြီး မျိုးစေ့ချခြင်းဖြစ်၍ အချိန်ကုန်သက်သာသည်။ ပေါင်းလိုက်ရ အဆင်ပြေမည်။ ကောက်ကွက်ပြည့်၍ အထွက်နှုန်းကောင်းမည်။ ယခုလည်း ကောက်စိုက်စက်ဖြင့် စိုက်ပြမည်ဖြစ်၍ တောင်သူများ စိတ်ဝင်စားနေကြခြင်းဖြစ်သည်။




ဘစ်အမ်ပျိုးပင်နှင့် မျိုးစေ့ပြခန်းအား ကြည့်ရှုလေ့လာ။

"ဦးကြီးတို့နေပါဗျ။ ကျွန်တော် အဲဒီကို မလာတော့ဘူး။ ဒီကောက်စိုက်စက်ကို အနီးကပ်ကြည့်ချင်လို့ ဒီမှာပဲနေပါ့မယ်"

ကျွန်တော်တို့အဖွဲ့ ရောက်လာသဖြင့် လေးတိုင်စင်မဏ္ဍပ်အတွင်းမှ တောင်သူဦးကြီးများ ထွက်လာ၍ ကျွန်တော်က ဟန့်တားလိုက်ခြင်းဖြစ်သည်။

"တဲကြီးကုန်း မြေသြဇာကြဲပက်ပွဲမှာ တောင်သူမကြီးတွေ မေးခွန်းမေးနေတာ ဖြေနေရလို့ နည်းနည်းနောက်ကျသွားတာ ခွင့်လွှတ်ပါ။ နေတောင် နည်းနည်းပူလာပြီ"

"ကျွန်တော်တို့အဖို့ ဒီလောက် နေကလေးက အေးအေးဆေးဆေးပါ။ အဘကိုသာ နေပူမှာစိုးတာပါ"

ကျွန်တော်တို့ မြန်မာလူမျိုးတို့၏ ချစ်စရာဓလေ့ပါ။ တစ်ဦးနှင့်တစ်ဦး အပြန်အလှန် လေးစားချစ်ကြည်မှုပင် ဖြစ်ပါသည်။

"ကဲ ဒီစပါးပျိုးပင် ပျိုးထောင်တာတော့ ဦးကြီးတို့ကို ကျွန်တော်တို့ ရှင်းလည်းပြ၊ လက်တွေ့လည်း ပြပြီးသားပါ။ ဒီစိုက်ခင်းရှင် ဦးကြင်စိန်က ဆင်းသုခ စပါးမျိုး စိုက်ချင်တယ်ဆိုတာကြောင့် ဆင်းသုခစပါးမျိုးပဲ ပျိုးထားတာပါ။ ဒါနဲ့ ဦးလေးကြင်စိန် ပျိုးသက် ဘယ်လောက်ရှိသွားပြီလဲ"

တိုင်းစိုက်ပျိုးရေးဦးစီးမှူးက စပါးပျိုးဗန်းကိုကိုင်၍ ရှင်းပြရင်း စပါးစိုက်ခင်းပိုင်ရှင် ဦးကြင်စိန်ကို မေးလိုက်ခြင်းဖြစ်သည်။

"အရင်လ ၂၃ ရက်နေ့ကစပြီး ပျိုးတာဆိုတော့ ဒီနေ့ပျိုးသက် ၁၄ ရက်ပြည့်ပြီ ဆရာရေ"

"ဟုတ်ပါပြီ။ စပါးကို ကျွန်တော်တို့ ကောက်စိုက်စက်နဲ့ စိုက်မယ်ဆိုရင် ပျိုးသက် ၁၄ ရက်ကနေ ၁၆ ရက်ကြား စိုက်ရင် အကောင်းဆုံးပါပဲ။ တစ်ရက်၊ နှစ်ရက် ကျော်သွားရင်ရပေမယ့် ပျိုးသက်ရက် ၂၀ ထက်ကျော်ရင် မကောင်းပါဘူး။ ကျွန်တော်တို့ ဒီကောက်စိုက်စက်နဲ့ စိုက်ရင် တန်းကြား ရှစ်လက်မနဲ့ ပင်ကြား ခြောက်လက်မရှိပြီး တစ်ဧကကို ကောက်ကွက် တစ်သိန်းနှစ်သောင်းရှိမှာ ဖြစ်တာကြောင့် စပါးအထွက်နှုန်းလည်း ကောင်းမယ်။ တန်းကြား ရှစ်လက်မ ဖြစ်တာကြောင့် ပေါင်းလိုက်ရတာ၊ တမန်းနှိုးရတာ လွယ်ကူတဲ့အပြင် စပါးပင်ကြား လေဝင်လေထွက်လည်း ကောင်းတာကြောင့် အထွက်နှုန်းကောင်းမှာ သေချာပါတယ်"

နေပြည်တော်တိုင်း စက်မှုလယ်ယာဦးစီးမှူးကလည်း ကောက်စိုက်စက်ဖြင့် စိုက်ပျိုးမှု၏ ကောင်းခြင်းငါးဖြာကို ရှင်းပြနေသဖြင့် သူ့စကားကို စိတ်ဝင်တစားနားထောင်သူက နားထောင်နေပြီး ကောက်စိုက်စက်မှ အတန်းလိုက်စိုက်သွားသည်ကို စိတ်ဝင်တစား ကြည့်သူက ကြည့်နေကြသည်။

"ခင်ဗျားတို့ ဒီကောက်စိုက်စက်နဲ့ စိုက်ရင် တစ်ဧကကို ဘယ်လောက်ကြာမလဲ။ တစ်နေ့ ဘယ်နှဧကပြီးမှာလဲ"

ခမောက်ဆောင်းထားသည့်ဦးကြီးက ကောက်စိုက်စက်၏စွမ်းရည်ကို အချိန်ဖြင့် နှိုင်းဆနေပုံရသည်။

"ဒီကောက်စိုက်စက်နဲ့ စိုက်ရင် တစ်ဧကကို တစ်နာရီသာသာ ကြာပါတယ်ခင်ဗျ။ တစ်ရက်ကို အလုပ်ချိန် ရှစ်နာရီမှာ ခြောက်ဧကတော့ ပြီးအောင် စိုက်ပေးနိုင်ပါတယ်"

"အေး ဒါဆိုရင်တော့ ဟန်ကျသကွ။ လူနဲ့ဆိုရင် တစ်ဧကကို ၁၀ ယောက် စိုက်တာတောင် တစ်မွန်းတည့်မှပြီးတာ။ ဖိုးကြင်စိန် ကောက်စိုက်စက်ခ တစ်ဧက ဘယ်လောက်ပေးရသလဲ"

ခမောက်ဆောင်းဦးကြီးက စက်၏စွမ်းရည်ကို တွက်ချက်ပြီး စက်ခကို မေးလိုက်ခြင်းဖြစ်သည်။

"ကျွန်တော်တို့ကောက်စိုက်စက်ခက တစ်ဧက ကျပ် ၃၆၀၀၀ ပါခင်ဗျာ။ စက်သုံးဆီ ဈေးနှုန်းကျတာနဲ့အမျှ တောင်သူဦးကြီးတွေ စိုက်စရိတ်သက်သာအောင် လျှော့ပေးဖို့၊ ညှိနှိုင်းပေးဖို့ ရှိပါတယ်။ လောလောဆယ်တော့ ဒီနှုန်းအတိုင်းပဲ ဆောင်ရွက်ပေးပါတယ် ခင်ဗျ"

စက်မှုလယ်ယာဦးစီးဌာန ပျဉ်းမနား ထွန်စက်စခန်းမှူးက ဝင်ရောက်ဖြေကြားပေးခြင်းဖြစ်သည်။

"အေး...ကောက်စိုက်စက်ခကလည်း ကောက်စိုက်သမတွေ စိုက်တာနဲ့စာရင် သက်သာတယ်။ ကောက်စိုက်သမတွေ တစ်ယောက် ကျပ် ၅၀၀၀ နဲ့ ၁၀ ယောက်ပေးရတာ တစ်ဧကအတွက် ကျပ်၅၀၀၀၀ ကျနေပြီလေ။ ကောက်စိုက်စက်က တန်းကြားပင်ကြားလည်းညီ၊ ကောက်ကွက်လည်းပြည့်၊ ကောက်စိုက်ခလည်း သက်သာတော့ ငါတော့ ကြိုက်သွားပြီဟေ့။ စက်လိုချင်ရင် ဘယ်လိုဆက်သွယ်ရမလဲသာပြော။ ဖုန်းဘယ်ကိုဆက်ရမလဲ ပြောထားဦး"

"ကျွန်တော်တို့ စက်မှုလယ်ယာဦးစီးဌာနက လူမှုကွန်ရက်စာမျက်နှာ ဖေ့စ်ဘွတ်မှာ တင်ထားတာရှိပါတယ်။ ကျွန်တော်တို့ ဖုန်းနံပါတ်တွေကိုလည်း ရွာက အုပ်ကြီးတွေဆီမှာ ပေးထားပါတယ်ခင်ဗျ။ ဦးကြီးတို့ တိုက်ရိုက်ဆက်ချင်ရင်လည်း ဒါကျွန်တော့် ဖုန်းနံပါတ် ကတ်ပြားလေးပါဗျ။ အချိန်မရွေးဆက်လို့ရပါတယ်"

မြို့နယ်ထွန်စက်စခန်းမှူးက သူ့ဖုန်းနံပါတ်မှတ်ထားသည့် ကတ်ပြားလေးကို အနီးရှိ ဦးကြီးများအား ဝေပေးလိုက်သည်။

"ဒီမှာအဘ။ ကျွန်တော့်လယ်က အခုအချိန်အထိ ရေကောင်းကောင်းမရလို့ ဘာမှမလုပ်ရသေးဘူး။ ဟောဒီမှာ ကျွန်တော် ဓာတ်ပုံရိုက်ပြီးယူခဲ့တယ်။ သူများလယ်တွေ ထွန်ယက်ပြီးလို့ စိုက်နေကြပြီ။ ကျွန်တော့်လယ်က ဒီလို ဖြစ်နေတာ။ ဆည်ရေသောက်ပေမယ့် မြောင်းဖျားဖြစ်နေတာကြောင့် အခုအချိန်အထိ ရေမရောက်သေးတာ"

နောက်နားမှ တောင်သူဦးကြီး တစ်ယောက်က လူအုပ်ရှေ့သို့ တိုးလာပြီး သူ့ဖုန်းထဲမှ ဓာတ်ပုံကို ကျွန်တော့်အား ပြ၍ ပြောလိုက်ခြင်းဖြစ်သည်။ ကျွန်တော်က သူပြလာသည့် ဖုန်းမှ ဓာတ်ပုံကို ကြည့်လိုက်သည့်အခါ လယ်ကွက်မှာ တကယ်ပင် ခြောက်သွေ့နေသည်။

ကျွန်တော်က ကျွန်တော့်အဖွဲ့တွင် ပါလာသည့် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်ကို မေးဆတ်၍ ပုံကိုပြလိုက်သည်။

"ဒီဦးကြီးလယ်က ငလိုက်ဆည်ရေသောက် မြောင်းမကြီး၊ လက်တံ(၅) မြောင်း၊ လက်တံခွဲ(၉)(ဒီအို-၄)ဘက် ဟုတ်တယ်မဟုတ်လား။ မင်းတို့ ရေ ဘယ်တော့စပြီးပေးမလဲ"

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က ဦးကြီးအမေးကို ဖြေရင်း သူ့လက်အောက်မှ ယင်းမြောင်းဘက် တာဝန်ကျသည့် လက်ထောက်အင်ဂျင်နီယာအား မေးလိုက်ခြင်းဖြစ်သည်။

"ကျွန်တော်တို့ ဒီနေ့မနက် စပြီး ရေပေးထားတယ်။ မြောင်းဖျားဖြစ်တာရယ်၊ လယ်ကြားမြောင်းတွေက ချုံနွယ်တွေနဲ့ ပိတ်နေတာရယ်ကြောင့် ရေမရောက်သေးတာနေမှာ၊ အဲဒီချုံတွေ၊ မြက်တွေရှင်းလိုက်ရင်တော့ ညနေလောက်တော့ ရေရောက်နိုင်ပါတယ်"

လက်ထောက် အင်ဂျင်နီယာက ပြန်ဖြေလိုက်ခြင်း ဖြစ်သည်။

"ကဲ ဦးကြီးရေ ခင်ဗျားကြားတဲ့အတိုင်းပဲ။ ရေကတော့ လွှတ်လိုက်ပြီ။ ဒါပေမဲ့ ပြီးခဲ့တဲ့လက မိုးခေါင်တာရယ်၊ လယ်ကြားမြောင်းတွေက ချုံတွေ၊ မြက်တွေနဲ့ပိတ်ပြီး ရေစီးရေလာမကောင်းတာရယ်ကြောင့် ဒီမနက် အဲဒီဘက်ကို လွှတ်ပေးပေမယ့် ခင်ဗျားလယ်ကွက်ထဲ ရေမရောက်သေးတာ။ ညနေကျရင် ရောက်၊ မရောက် ကျွန်တော့်ဆီ သတင်းပို့ပါ။ ကျွန်တော်တို့ ဖြစ်အောင်လုပ်ပေးပါ့မယ်"

ကျွန်တော့်စကားကြောင့် ရေလိုနေသည့် တောင်သူဦးကြီး ကျေနပ်သွားပုံရသည်။ မျက်နှာက ပြုံးရွှင်သွားသည်။ ကျွန်တော် အပတ်စဉ် ခရီးထွက်၍ တောင်သူဦးကြီးများနှင့် တွေ့ဆုံနေခြင်းက သည်ရည်ရွယ်ချက်က အဓိကဖြစ်ပါသည်။ သူတို့၏ လိုအပ်ချက်ကို ယခုလို ကြားနာခွင့်ရလို၊ **စာမျက်နှာ ၁၉ သို့** ✻

> **"ကျွန်မတို့ကရတဲ့ မြေပေါ်မှာ သီးပင်စားပင်တွေကို မြေအနေအထားအလိုက် စိုက်ပျိုးပြသထားတာပါ။ အဓိကကတော့ ဒီအနီးအနားရွာတွေမှာနေတဲ့ ရွာသူရွာသားတွေလည်း အလုပ်ရစေချင်တယ်။ စိုက်ပျိုးနည်းတွေ သိစေချင်တယ်။ တောင်ကုန်းပေါ်မှာ ရေမရလို့ဆိုပြီး ဘာမှမစိုက်တော့ မြေအလဟဿဖြစ်တာပေါ့။ ကျွန်မတို့ မြန်မာပြည်ကို ၁၉၉၅ ခုနှစ်ကတည်းက ရောက်တာ။ ရောက်စတုန်းက ပြင်ဦးလွင်ပိုးစာခြံမှာ ပိုးစာပင်စိုက်တာ။ ကော်ဖီတို့ ဘာတို့လည်းစိုက်တယ်။ သုံးနှစ်လောက်ကြာတော့ ဒီပျဉ်းမနားဘက်ရောက်လာတော့ ဒီက ရာသီဥတုလည်းကောင်းတယ်။ ဒါကြောင့် ဒီမှာ မြေလွတ်မြေလပ် လျှောက်ပြီး သရက်၊ ပိန္နဲ၊ ကျွဲကော၊ ဒူးရင်း၊ သြဇာ၊ အုန်းချိုမွှေး၊ လောင်ဂန် စိုက်ကြည့်တယ်။ ဒီကမြေအများကြီးကောင်းတယ်။ ဘာစိုက်စိုက်ဖြစ်တယ်"**

❃ စာမျက်နှာ ၁၈ မှ
ဖြည့်ဆည်းပေးလို၍ တောင်သူများနှင့် အပတ်စဉ်တွေ့နိုင်ရန် ခရီးထွက်လာခြင်းကိုက ကျွန်တော်၏အဓိကရည်ရွယ်ချက်နှင့် ဆန္ဒပါ။

**ဘစ်အမ်**

ဘစ်အမ်စိုက်ပျိုးခင်းက အမြန်လမ်းဘေး ၂၀၁ မိုင်၌ တည်ရှိသည်။ ဈေးကွက်ဝင် ရာသီသီးနှံများဖြစ်သည့် အစေ့ထုတ်ပြောင်း၊ နေကြာ၊ ပဲပုပ်၊ ပီလောပီနံ၊ ကျွဲကောသီး၊ ထောပတ်သီး၊ နဂါးမောက်သီး၊ မျိုးစေ့များ၊ ပျိုးပင်များ၊ ပန်းအလှပင်များ ရောင်းချသည့်ဆိုင်ဖြစ်သည်။ အမြန်လမ်း ၁၉၅ မိုင်၏ အနောက်ဘက်တွင်ကား ဧက ၁၀၀ ခန့်ကို ဘစ်အမ်အဖွဲ့က ကျွဲကောသီး၊ ထောပတ်သီး၊ လောင်ဂန်သီးနှင့် ထိုင်းအုန်းချိုပင်များကို တောင်ကုန်းတောင်ကြောများတွင် မြေအနိမ့်အမြင့်အလိုက် စိုက်ပျိုးထားသည်။

“ကျွန်မတို့က ရတဲ့မြေပေါ်မှာ သီးပင်စားပင်တွေကို မြေအနေအထားအလိုက် စိုက်ပျိုးပြသထားတာပါ။ အဓိကကတော့ ဒီအနီးအနားရွာတွေမှာနေတဲ့ ရွာသူရွာသားတွေလည်း အလုပ်ရစေချင်တယ်။ စိုက်ပျိုးနည်းတွေ သိစေချင်တယ်။ တောင်ကုန်းပေါ်မှာ ရေမရလို့ဆိုပြီး ဘာမှမစိုက်တော့ မြေအလဟဿဖြစ်တာပေါ့။ ကျွန်မတို့ မြန်မာပြည်ကို ၁၉၉၅ ခုနှစ်ကတည်းက ရောက်တာ။ ရောက်စတုန်းက ပြင်ဦးလွင် ပိုးစာခြံမှာ ပိုးစာပင်စိုက်တာ။ ကော်ဖီတို့ ဘာတို့လည်း စိုက်တယ်။ သုံးနှစ်လောက်ကြာတော့ ဒီပျဉ်းမနားဘက်ရောက်လာတော့ ဒီက ရာသီဥတုလည်းကောင်းတယ်။ ဒါကြောင့် ဒီမှာ မြေလွတ်မြေလပ်လျှောက်ပြီး သရက်၊ ပိန္နဲ၊ ကျွဲကော၊ ဒူးရင်း၊ ဩဇာ၊ အုန်းချိုမွှေး၊ လောင်ဂန် စိုက်ကြည့်တယ်။ ဒီကမြေအများကြီးကောင်းတယ်။ ဘာစိုက်စိုက်ဖြစ်တယ်။ ဆရာအခုမြင်တဲ့အတိုင်း တောင်ပေါ်နဲ့ တောင်စောင်းတွေမှာ စိုက်တာ။ အဲဒီချိုင့်တွေမှာ ရေစုထားပြီး အပေါ်ကို ရေတင်၊ အပင်တွေကို ရေပိုက်နဲ့ အစက်ချစနစ်(Drip System)နဲ့ ရေပေးတယ်။ ဒီစနစ်က ရေအလေအလွင့်သက်သာတဲ့ အပြင် အပင်ကိုလည်း လုံလုံလောက်လောက်ပေးနိုင်တဲ့အတွက် အကျိုးရှိပါတယ်။ ဒီရေပိုက်ကလည်း စနစ်တကျသုံးရင် ၁၀ နှစ်၊ ၁၅ နှစ်တော့ သုံးလို့ရတယ်”

ထိုင်းနိုင်ငံသူ ဒေါ်စုနန္ဒာက သူတို့ခြံကိုလိုက်၍ပြသရင်း ကျွန်တော့်ကို ရှင်းပြနေခြင်းဖြစ်သည်။

“ခြံမှာ အလုပ်သမား ဘယ်နှယောက်ရှိသလဲ”

“ရွာသား ၅၀ လောက် မိုးရော နွေပါ အလုပ်ပေးထားတယ်”

“အေးကောင်းတယ်။ အကျိုးအမြတ်ရော ဘယ်လိုလဲ”

“ဟာ အဘကလည်း အကျိုးအမြတ်ရှိလို့ ထိုင်းနိုင်ငံတောင် မပြန်နိုင်ဘဲ ဒီမှာဆက်ပြီးလုပ်နေတာပေါ့”

ကျွန်တော်တို့အဖွဲ့ထဲမှ ကိုခင်ဇော်က ဖြတ်၍ပြောလိုက်ပြီး ဒေါ်စုနန္ဒာဘက်သို့ လှည့်၍မေးလိုက်သည်။

“ဟုတ်တယ်မဟုတ်လား အစ်မကြီး”


ဖောင်းလောင်ရေလှောင်တမံအား တွေ့ရစဉ်။

> ❛ ဖောင်းလောင်ရေလှောင်တမံသည် နေပြည်တော် ဥတ္တရသီရိမြို့နယ် မီးလောင်ကုန်းကျေးရွာအနီး၌ တည်ရှိပြီး ဖောင်းလောင်ချောင်းပေါ်တွင် အလျား ၉၂၅ ပေ၊ အမြင့် ၆၅ ပေနှင့် ရေလှောင်ပမာဏ ၁၂၂၅၇ ဧက သိုလှောင်နိုင်သည့် မြေသားတမံအမျိုးအစားဖြစ်သည်။ ဆည်ရေသောက်ဧရိယာ ဧက ၄၀၀ ခန့် ရေပေးဝေနိုင်ရန်တည်ဆောက်ခဲ့ခြင်းဖြစ် ❜

ဒေါ်စုနန္ဒာ ဘာမှမပြော။ ပြုံး၍သာနေသည်။

“ကျွန်မတို့က ဒူးရင်း၊ မင်းကွတ်၊ ပိန္နဲနဲ့ ကျွဲကောမျိုးတွေ ယိုးဒယားက ယူလာပြီး စိုက်တာ။ ဒီမှာ မြေကောင်းတော့ မဖြစ်တာဆို ဘာမှမရှိဘူး။ အားလုံးဖြစ်တယ်။ ကောင်းလည်း ကောင်းတယ်။ ဒီလောင်ဂန်သီး စားကြည့်လေ၊ ဘယ်လောက်ချိုသလဲ”

ဒေါ်စုနန္ဒာက အပင်မှ ဆွတ်လာသည့် လောင်ဂန်သီးခိုင် ကျွန်တော့်ကို လှမ်းပြီးပေးလာသည်။ ကျွန်တော် အသီးတစ်လုံးဖြုတ်၍ အခွံခွာပြီး စားကြည့်သည်။ အတော်လေးချိုသည်။ မြန်မာ့မြေ၊ မြန်မာ့ရေကို ထိုင်းအမျိုးသားများပင် တန်ဖိုးထား၍ စိုက်ပျိုးနေကြပြီ။ ကျွန်တော်တို့နိုင်ငံသားတွေ တန်ဖိုးထား အလုပ်လုပ်ကြရန်သာ လိုပါသည်။

**တစ်နှစ်လျှင် နှစ်လခန့်**

ကျွန်တော်တို့အဖွဲ့ ဘစ်အမ်၏ ၂၀၁ မိုင် စိုက်ပျိုးခင်းအရောင်းဆိုင်သို့ ရောက်သည့်အခါ ဘစ်အမ်ကုမ္ပဏီပိုင်ရှင် ဦးမင်္ဂလာက ဆီးကြိုသည်။ ဦးမင်္ဂလာရော ဒေါ်စုနန္ဒာပါ ထိုင်းအမျိုးသား၊ အမျိုးသမီးများဖြစ်သော်လည်း မြန်မာ့ရေ၊ မြန်မာ့မြေပေါ်တွင် သူတို့ပျော်နေကြသည်။ တစ်နှစ်လျှင် နှစ်လခန့်သာ အရောင်းအဝယ်ကိစ္စဖြင့် ထိုင်းသို့ ပြန်သည်ပြောသည်။ ကျန်သည့် ၁၀ လ မြန်မာနိုင်ငံတွင်သာ နေကြသည်။

“ဒီမှာသီးနှံလေးမျိုး ကျွန်တော် များများစိုက်ချင်တယ်။ တောင်သူတွေ ဝင်ငွေကောင်းစေချင်လို့ပါ။ ပြောင်းဖူးကတော့ အားလုံးလည်း အတော်လေး စိုက်နေကြပြီ။ အကျိုးအမြတ်လည်း ရတယ်ဆိုတာသိနေကြပြီ။ နှစ်သီးစိုက်လို့ရတယ်။ မိုးမှာဆို မေ၊ ဇွန်မှာ စိုက်ပြီး အပင်သက်က ရက် ၁၀၀- ၁၂၀ ရက်၊ နိုဝင်ဘာ၊ ဒီဇင်ဘာမှာ သိမ်းရတယ်။ ဆောင်းမှာစိုက်ရတဲ့ ပြောင်းကတော့ အောက်တိုဘာ၊ နိုဝင်ဘာမှာ စိုက်ရပြီ၊ မတ်လ၊ ဧပြီလဆို သိမ်းရပြီ။ တစ်ဧကကို ပိဿာ ၂၀၀၀- ၂၅၀၀ ရပါတယ်။ ပြန်ရောင်းရင် ပြောင်းဖူးစေ့ တစ်ပိဿာကို ကျပ် ၅၀၀ ကနေ ၁၀၀၀ အထိ ဈေးရတာကြောင့် ပြောင်းဖူးတစ်ဧက စိုက်ရင် ကျပ် သိန်း၂၀-၂၅ သိန်းဆိုတာ အနည်းဆုံးပဲ”

ဦးမင်္ဂလာက ပြောင်းဖူးစိုက်ပျိုးမှု၏ အကျိုးကျေးဇူးကို ပြောနေခြင်း ဖြစ်ပါသည်။

“ကျွန်တော်ကတော့ ပဲပုပ်စိုက်စေချင်တယ်။ ပဲပုပ်က ကျွန်တော်တို့ အားလုံးသိတဲ့အတိုင်း ဆီထွက်တဲ့အပြင် တိရစ္ဆာန်အစာ၊ လူစာအဖြစ် သုံးနိုင်တယ်။ ပဲပုပ်မှာ မိုးစိုက်နဲ့ ဆောင်းစိုက် နှစ်မျိုးရှိတယ်။ မိုးစိုက်ကတော့ ပြောင်းဖူးလိုပဲ။ ဩဂုတ်လ၊ စက်တင်ဘာလမှာ စိုက်ပြီး နိုဝင်ဘာလ၊ ဒီဇင်ဘာလမှာ သိမ်းရမယ်။ ဆောင်းစိုက်ကတော့ အောက်တိုဘာလ၊ နိုဝင်ဘာလမှာစိုက်ပြီး မတ်လ၊ ဧပြီလမှာသိမ်းလို့ရပြီ။ ပဲပုပ်စိုက်ရင်တစ်ဧကကို ပိဿာ ၈၀၀-၁၀၀၀ ထွက်ပြီး တစ်ပိဿာကို ကျပ် ၁၅၀၀ ကနေ ၂၀၀၀ အထိ ဈေးပေါက်တာကြောင့် ပဲပုပ်တစ်ဧက စိုက်ရင် ကျပ် ၁၅ သိန်းနဲ့ သိန်း ၂၀ ကြား ရနိုင်တယ်။

နောက်နှစ်မျိုးကတော့ နေကြာနဲ့ ပီလောပီနံပဲ။ နေကြာစိုက်ရင်လည်း တစ်ဧကကို ပိဿာ ၃၀၀ ကနေ ၃၅၀ လောက်ရမယ်။ နေကြာကလည်း တစ်ပိဿာကို ကျပ် ၁၅၀၀ ကနေ ၂၀၀၀ ဈေးဝန်းကျင်ရှိတယ်။ ခင်ဗျားတို့ မစိုက်တတ်ရင်၊ မစိုက်ချင်ရင် ကျွန်တော်တို့ လိုက်ပြီးစိုက်ပေးမယ်။ စိုက်ခ၊ လုပ်အားခပဲ ကျွန်တော်တို့ယူမယ်။ ခင်ဗျားတို့မြေတွေ နှမြောလွန်းလို့ပါ”

ကျွန်တော်တို့ မြန်မာ့မြေကို နှမြောသော ဦးမင်္ဂလာသည် အသက် (၇၈) နှစ်ခန့်ရှိပြီ။ သို့သော် ဦးမင်္ဂလာ မလျှော့။ မြန်မာ့မြေပေါ်တွင် သီးနှံအမျိုးမျိုး စိုက်ပျိုးပြီး ကုန်ထုတ်လုပ်ငန်းများ လုပ်နေသည်။ ကမ္ဘာ့ပြည်သူများအတွက် လိုအပ်သည့်စားနပ်ရိက္ခာကို သူစွမ်းသမျှ ဖြည့်ဆည်းပေးနေသည်။ လေးစားအားကျစရာပါ။

ဘစ်အမ်မှ ဖောင်းလောင်ဆည်သို့ အသွားလမ်းတွင် ကျွန်တော် စဉ်းစားနေမိသည်။ ကျွန်တော်တို့ဆီက လူငယ်တွေ ကိုယ့်မိဘလက်ငုတ်လက်ရင်း လယ်တွေ ယာတွေကိုပစ်ပြီး ထိုင်းတို့၊ မလေးရှားတို့မှာ သူများခိုင်းသည့်အလုပ်ကို အောက်ကျခံပြီး သွားလုပ်နေကြသည်။ လူငယ်တွေ မျိုးဆက်သစ်တွေ မလုပ်သည့် ကျွန်တော်တို့လယ်တွေယာတွေကို ဦးမင်္ဂလာတို့၊ ဒေါ်စုနန္ဒာတို့ လာလုပ်ပြီး စီးပွားဖြစ်ထွန်းနေကြသည်။ ဒါတွေကို ကျွန်တော်တို့ လူငယ်တွေ သတိမူစေချင်ပါသည်။

“ကျွန်တော်တို့ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနအနေနဲ့ မြန်မာတစ်နိုင်ငံလုံးမှာ ရေလှောင်တမံ ၂၄၅ ခု၊ ရေလွှဲဆည် ၁၄၄ ခု၊ ကန် ၇၂ ကန်၊ ရေတံခါး ၁၉၉ ခုနဲ့ မြစ်ရေတင်လုပ်ငန်း ၂၁၀၊ စုစုပေါင်း ရေအားအဆောက်အအုံ ၈၇၀ ရှိပြီး ရေပေးဝေနိုင်တဲ့ စိစစ်ဧကပေါင်း ၃၁ သိန်းခန့်ရှိပါတယ်။ ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းမှာတော့ ရေလှောင်တမံ ၁၂ ခု၊ ရေလွှဲဆည် ၁၂ ခု၊ ကန်ရှစ်ကန်နဲ့ ရေဘေးကာကွယ်ရေးတာငါးခု စုစုပေါင်း ရေအားအဆောက်အအုံ ၃၇ ခုရှိပါတယ်။ ရေပေးဝေနိုင်တဲ့ စိစစ်ဧကပေါင်း ၉၈၃၁၂ ဧကနဲ့ ရေဘေးကာကွယ်ရေး ဧရိယာ ၁၂၅၁၇ ဧက ရှိပါတယ်”

ဖောင်းလောင် ရေလှောင်တမံ ရှင်းလင်းဆောင်တွင် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်ဇော်က မြေပုံကားချပ်များဖြင့် ကျွန်တော်တို့အဖွဲ့ကို ရှင်းပြနေခြင်းဖြစ်သည်။ ဖောင်းလောင် ရေလှောင်တမံသည် နေပြည်တော် ဥတ္တရသီရိမြို့နယ် မီးလောင်ကုန်းကျေးရွာအနီး၌ တည်ရှိပြီး ဖောင်းလောင်ချောင်းပေါ်တွင် အလျား ၉၂၅ ပေ၊ အမြင့် ၆၅ ပေနှင့် ရေလှောင်ပမာဏ ၁၂၂၅၇ ဧက သိုလှောင်နိုင်သည့် မြေသားတမံအမျိုးအစား ဖြစ်သည်။ ဆည်ရေသောက်ဧရိယာ ဧက ၄၀၀ ခန့် ရေပေးဝေနိုင်ရန် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

“ဒီနှစ် ၂၀၂၁-၂၀၂၂ ခုနှစ်မှာ မိုးစပါး ၆၉၁၆၁ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး နွေစပါး ၂၅၈၃၈ ဧကနဲ့ နွေသီးနှံဧက ၃၂၇၀ စုစုပေါင်း ၉၉၁၀၈ ဧက စိုက်ပျိုးဖို့ လျာထားရာမှာ နွေစပါး ၂၇၇၉၇ ဧကနဲ့ နွေသီးနှံ ၂၃၅၈ ဧက စုစုပေါင်း ၃၀၁၅၅ ဧက စိုက်ပျိုးပြီးစီးပြီး ဖြစ်ပါတယ်။ ပြီးခဲ့တဲ့နှစ်ကစပြီး ရာသီဥတု ထူးကဲစွာပြောင်းလဲလာကာ မိုးရွာသွန်းမှုနည်းတာကြောင့် ဆည်ရေရဲ့ ရေပေးဝေမှုကဏ္ဍဟာ အထူးအရေးပါလာပြီး ရေသုံးစွဲမှုကို စနစ်တကျ သုံးစွဲအောင် ပညာပေးဆောင်ရွက်မှုတွေ လုပ်လာရပါတယ်။ အထူးသဖြင့် ရေသုံးစွဲသူများအဖွဲ့ (Water User Group- WUG)နဲ့ ရေသုံးစွဲသူများအသင်း(Water User Association-WUA)တွေ ဖွဲ့စည်းပြီး ရေကိုစနစ်တကျ သုံးစွဲဖို့နဲ့ ရေပေးမြောင်းတွေ၊ လက်တံမြောင်းတွေမှာ ချုံနွယ်တွေ ရှင်းလင်းဖို့နဲ့ ရေယိုပေါက်တွေမရှိအောင် တားဆီးကြဖို့ ကျွန်တော်တို့ ဆည်မြောင်းဝန်ထမ်းတွေက ရေသုံးစွဲတဲ့ တောင်သူလယ်သမားတွေနဲ့ ပူးပေါင်းဆောင်ရွက်နေပါတယ်”

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က ကျွန်တော်တို့အား ရှင်းပြနေစဉ်မှာပင် သူ့ခါးတွင် ချိတ်ထားသည့် ဖုန်းမြည်လာ၍ ကျွန်တော်က ပြောရန်ခေါင်းညိတ်၍ ခွင့်ပြုလိုက်သည်။

“အဘ စောစောတုန်းက မဲဒီးရွာမှာ သူ့လယ်ရေမရလို့ပြောတဲ့ ကိုကျော်ငြိမ်းဖုန်းဆက်လာတာ။ အခုတင် သူ့လယ်ထဲ ရေရောက်လာလို့ ဖုန်းပြန်ပြီး ဆက်လိုက်တာတဲ့။ အဘကိုလည်း သတင်းပို့လိုက်ပါတဲ့။ ဗိုက်ဘာမှာလည်း ဓာတ်ပုံပို့ထားပါတယ်တဲ့”

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်၏ မျက်နှာဝိုင်းဝိုင်းကြီးက ဝမ်းသာပြုံးဖြင့် ရွှင်မြူးနေပါသည်။ သူ၏အပြုံးနှင့် ဝမ်းသာစိတ်က ကျွန်တော့်ကိုလည်း ကူးစက်လာပြီး ဝမ်းသာကြည်နူးစေပါသည်။

ရုံးပိတ်ရက် စနေနေ့။ ကျွန်တော်တို့ အပင်ပန်းခံ၍ ထွက်လာခဲ့သည့် **“တဲကြီးကုန်း၊ မဲဒီး၊ ဘစ်အမ်မှသည် ဖောင်းလောင်ဆီသို့”** ခရီးစဉ်သည် ကျွန်တော်တို့ တောင်သူတွေ ပြုံးပျော်နိုင်အောင် စွမ်းဆောင်နိုင်ခဲ့သည်မဟုတ်ပါလား။ ။

ပုံပြင်

# ခင်နှင်းဖြူ

မင်းယုဝေ

တစ်ခုသော ဆောင်းဥတုတွင် မိဖုရားကြီးတစ်ပါးသည် နန်းတော်ပြတင်းတစ်ခုအနီးတွင်ထိုင်လျက် အပ်ချုပ်၍နေလေ၏။ ပြတင်းပေါင်မှာ နက်ပြောင်သောသစ်သားဖြင့် ပြုလုပ်ထားလေသည်။ အပြင်ဘက်တွင်ကား ဖြူဖွေးသောနှင်းပြင်ကြီးသည် မျက်စိတစ်ဆုံးတည်ရှိလေသည်။

မိဖုရားကြီးသည် အပ်ချုပ်ရင်း ထိုနှင်းပြင်ကြီးကို တစ်ချက်မျှငေးမောကြည့်ရှုမိသည်တွင် အပ်သည် သူ့လက်ချောင်းကလေးအတွင်းသို့ စူးဝင်သွားလေတော့၏။ ဤတွင် နီရဲသော သွေးစက်သုံးစက်သည် ဖြူဆွတ်သော နှင်းပြင်ပေါ်သို့ ကျရောက်သွားလေ၏။

နက်မှောင်သော ပြတင်းပေါင်အတွင်း ဖြူဖွေးသော နှင်းပြင်ပေါ်ရှိ နီရဲသော သွေးသုံးပေါက်ကို မြင်ရသည်မှာ လှပလွန်းလှသည်။ ဤတွင် မိဖုရားကြီးက.. ။

“မကြာမီ ငါသည်သမီးကလေးမွေးဖွားလာပါက ထိုသမီးကလေးသည် ထိုနှင်းပြင်ကဲ့သို့ ဖြူဖွေးသောအသားအရေရှိပါမူ ကောင်းလေစွ။ သမီး၏ ပါးပြင်နှင့် နှုတ်ခမ်းတို့မှာ သွေးပေါက်ကဲ့သို့ နီမြန်းသော် ကောင်းလေစွ၊ သမီးတော်၏ ဆံပင်များမှာ သစ်သားရောင်ကဲ့သို့ နက်ပြောင်သော် ကောင်းလေစွ” ဟု တောင့်တမိ၏။

မကြာမီ သူ၏တောင့်တချက်သည် ပြည့်စုံလေတော့သည်။ သူသည် သမီးကလေးမွေးဖွားလာရာ ထိုသမီးကလေးသည် အသက်အရွယ်ကြီးလာလေ ပိုမိုလှပလေဖြစ်လာ၏။ သမီးတော်ကလေး၏ အသားအရေမှာ နှင်းပြင်ကဲ့သို့ပင် ဖြူဖွေးစင်ကြယ်လှ၏။ ပါးနှင့်နှုတ်ခမ်းတို့မှာ သွေးရောင်လျှမ်းကာ နီမြန်းကြကုန်၏။ နူးညံ့သောဆံပင်တို့မှာကား နန်းတော်ပြတင်းပေါင်မှ သစ်သားရောင်ကဲ့သို့ပင် နက်ပြောင်ချောမွေ့လျက် ရှိကုန်၏။ နန်းတော်သူ၊ နန်းတော်သားအားလုံးတို့သည် မင်းသမီးကလေးကို ‘ခင်နှင်းဖြူ’ဟု ချစ်စနိုးခေါ်ဝေါ်ကြကုန်၏။

သို့ရာတွင် မိဖုရားကြီးသည် မကြာမီပင်သေဆုံးသွားလေ၏။ ဘုရင်ကြီးလည်း နောက်ထပ်မိဖုရားအသစ်တင်မြှောက်ပြန်လေ၏။ ထိုမိဖုရားကား အလွန်ပင်ချောမောလှပလေသည်။ သို့ရာတွင် မာန်မာနအလွန်ကြီးလေသည်။ ဤကမ္ဘာပေါ်တွင်သူ့ထက်ပိုမိုလှပသူဟူ၍ မရှိစေလို၊ သူသာလျှင်အလှဆုံးဖြစ်စေလို၏။ သူ့တွင် ထူးဆန်းသော မှန်တစ်ချပ်ရှိလေသည်။ သူသည် ထိုမှန်အား ဤကမ္ဘာပေါ်ရှိ မိန်းမအပေါင်းတွင် မည်သူအချောဆုံးဖြစ်သည်ကို မေးလေ့ရှိ၏။ ထိုမှန်ကလည်း မိဖုရားသာလျှင် အချောဆုံးဖြစ်ကြောင်း ပြန်ကြားလေ့ရှိသည်။

ထိုအချိန်ဝယ် ခင်နှင်းဖြူကလေးသည် တစ်နေ့ထက်တစ်နေ့ ပိုမိုလှပလာလေတော့၏။ ခုနစ်နှစ်အရွယ်သို့ ရောက်ရှိလာသောအခါ အစွမ်းကုန်ပွင့်သောပန်းကဲ့သို့ သူ့အလှသည် တုပမရနိုင်အောင် ဖြစ်လာလေတော့၏။ တစ်နေ့သောအခါ မိဖုရားသည် သူ၏မှန်ကို မည်သူအချောဆုံး ဖြစ်ကြောင်း မေးမြန်းပြန်၏။ ထိုအခါ မှန်က...

“မိဖုရားကြီး.. သင်သည် အလွန်ပင် လှပချောမွေ့ပါ၏။ သို့ရာတွင် ခင်နှင်းဖြူကလေးကသင့်ထက် ပိုမို၍လှပါ၏” ဟု ဖြေကြားလိုက်လေ၏။

မိဖုရားသည် ထိုစကားကိုကြားလျှင် အလွန်အမျက်ထွက်လေ၏။ သူ၏လက်ပါးစေတစ်ယောက်ကို အမြန်ခေါ်၍ ခင်နှင်းဖြူအား တောကြီးအတွင်းသို့ ခေါ်သွားကာ သတ်ပစ်ရန်အမိန့်ပေးလေ၏။ လက်ပါးစေလည်း မိဖုရားအမိန့်အတိုင်း ခင်နှင်းဖြူကလေးကို တောကြီးအတွင်းသို့ ခေါ်ဆောင်သွားကာ သတ်မည်ပြု၏။ သို့ရာတွင် ခင်နှင်းဖြူကလေး၏ သနားစဖွယ် တောင်းပန်ချက်ကို မလွန်ဆန်နိုင်ရကား မသတ်ဘဲနေ၏။ သို့ရာတွင် သူကခင်နှင်းဖြူကလေးအား မြို့တော်ရှိရာဘက်သို့ မည်သည့်အခါမှ မလာရန်မှာကြားလိုက်လေ၏။ သူ့စိတ်တွင်လည်း ခင်နှင်းဖြူကလေးသည် သားရဲတိရစ္ဆာန်များနှင့်တွေ့၍ ဤတောတွင်း၌ သေဆုံးသွားလိမ့်မည်ဟု ယူဆထားသည်။ ထို့ကြောင့် သူသည် နန်းတော်သို့ ပြန်သွားလေ၏။ မိဖုရားကိုမူ သူသည် ခင်နှင်းဖြူကလေးကို သတ်ပြီးပြီဖြစ်ကြောင်း လိမ်လည်တင်လျှောက်လိုက်လေသည်။

ခင်နှင်းဖြူကလေးသည် တောကြီးထဲတွင် တစ်ယောက်တည်း လျှောက်သွားလေတော့၏။ သားရဲတိရစ္ဆာန်များသည် သူ့အနီးတွင် ဟိန်းဟောက်ကာ ဖြတ်သန်းသွားကြသော်လည်း သူ့ကိုတစ်စုံတစ်ရာ ဘေးမပြုကြချေ။ ညမှောင်စပြုလာသောအခါ သူသည် အိမ်ငယ်ကလေးတစ်ဆောင်သို့ ရောက်ရှိလာလေ၏။ သူသည် ရှေ့ဆက်လက်၍ မသွားနိုင်လောက်အောင် ပင်ပန်းနွမ်းနယ်နေပြီ ဖြစ်သဖြင့် ထိုညအဖို့ထိုအိမ်၌ပင် အိပ်စက်ရန် ဆုံးဖြတ်လေသည်။ ထိုအိမ်တွင်းသို့ ရောက်သောအခါ မည်သူ့ကိုမျှ မတွေ့ရချေ။ စားပွဲပေါ်တွင် ပန်းကန်ခုနစ်ချပ်ဖြင့် ချထားသော ပေါင်မုန့်ငယ်ခုနစ်လုံးကို တွေ့ရ၏။ သေးငယ်သော ဖန်ခွက်လေး ခုနစ်ခွက်ဖြင့်ထည့်ထားသည့် ဖျော်ရည်များကိုလည်း တွေ့ရ၏။ နံရံအနီး၌ ခုတင်ခုနစ်လုံး ရှိလေသည်။

မင်းသမီးကလေးသည် ဆာလောင်သဖြင့် ပန်းကန်ခုနစ်ချပ်လုံးမှ ပေါင်မုန့်အနည်းငယ်စီ ယူစားလေ၏။ ဖန်ခွက်ခုနစ်လုံးမှ ဖျော်ရည်အနည်းငယ်စီ ယူသောက်၏။ ထို့နောက် အိပ်ရာများရှိရာသို့ သွားကာ အိပ်ရန် ပြင်လေ၏။ ခုနစ်ခုမြောက်သော ခုတင်သည် သူနှင့် အတော်ပင် ဖြစ်နေလေသည်။ ထို့ကြောင့် မင်းသမီးကလေးသည် မောမောပန်းပန်းဖြင့် ခုတင်ပေါ်သို့တက်ကာ အိပ်လေတော့၏။

မကြာမီပင် အိမ်ရှင်များ ပြန်လာကြလေသည်။ ထိုသူတို့ကား လူပုကလေး ခုနစ်ယောက်ပင်တည်း။ သူတို့သည် တောင်များမှ ရွှေများ တူးဖော်ခြင်းအလုပ်ဖြင့် အသက်မွေးကြသူများဖြစ်သည်။ အိမ်တွင်းသို့ ရောက်သော် အစစအရာရာအခြေပျက်နေသည်ကို သူတို့တွေ့ကြရလေ၏။ နောက်ဆုံးတွင် သူတို့သည် ခင်နှင်းဖြူကလေးကို တွေ့သွားကြလေသည်။ ခင်နှင်းဖြူကား အိပ်ပျော်နေဆဲပင်။ သူတို့သည် ခင်နှင်းဖြူကို မြင်လျှင် ချစ်ခင်ကြင်နာကြသည် ဖြစ်သောကြောင့် မနှိုးဘဲထားလေ၏။ ခုတင်ရှင်ဖြစ်သော လူပုကလေးသည် သူ့အစ်ကို ခြောက်ယောက်တို့၏ ခုတင်များတွင်အတူတစ်လှည့်စီ အိပ်လေသည်။ သူသည်တစ်ခုတင်လျှင် တစ်နာရီကြာမျှ အိပ်လေသည်။ သို့ဖြင့် မိုးလင်းလေတော့၏။

နံနက်လင်းလျှင် ခင်နှင်းဖြူသည် သူ၏အဖြစ်အပျက်များကို လူပုကလေးခုနစ်ယောက်အား ပြောပြလေသည်။ လူပုကလေးများက ခင်နှင်းဖြူအား သူတို့နှင့်အတူနေရန် ပြောကြလေသည်။ ထို့ကြောင့် ခင်နှင်းဖြူသည် သူတို့နှင့်အတူနေလေ၏။ သူသည်အိမ်အလုပ်ကို ကောင်းစွာ ပြုလုပ်ပေးလေသည်။ လူပုကလေးများက ခင်နှင်းဖြူအား မိဖုရားသည် ခင်နှင်းဖြူကို လိုက်ရှာဦးမည်ဖြစ်သောကြောင့် အိမ်တွင်းသို့ မည်သူ့ကိုမှ အဝင်မခံရန် မှာကြား၏။ ထိုအချိန်တွင် မိဖုရားကြီးသည် သူ၏ ထူးဆန်းသောမှန်အား မေးမြန်းလေသည်။ မှန်ကလည်း...

“မိဖုရားကြီးသည် အလွန်လှသည်မှာမှန်ပါ၏။ သို့ရာတွင်တောတွင်း အိမ်ကလေး၌ လူပုကလေးခုနစ်ယောက်တို့နှင့် အတူနေသော ခင်နှင်းဖြူက ပိုမို၍လှပပေသည်” ဟု ဖြေကြားလေ၏။ ထိုအခါ ခင်နှင်းဖြူ သေပြီဟု ထင်မှတ်နေသော မိဖုရားသည် အလွန်အမျက်ထွက်လေတော့သည်။

သူ၏ လက်ပါးစေသည် သူ့အား လိမ်လည်တင်လျှောက်မှန်း သိသွားလေတော့၏။ လောက၌ သူ့ထက်လှသူရှိသည်ကို မကျေမချမ်းနိုင်သော မိဖုရားသည် ရုပ်ဖျက်၍ ခင်နှင်းဖြူထံ သွားလေတော့၏။ သူသည် ပစ္စည်းများလှည့်လှည်ရောင်းချသောကုန်သည်အသွင်ရုပ်ဖျက်ထားလေသည်။ ခင်နှင်းဖြူတို့ အိမ်ကလေးသို့ရောက်သော် တံခါးကို ခေါက်လိုက်လေ၏။ ခင်နှင်းဖြူသည် ပြတင်းမှထွက်ကြည့်လျက် မည်သည့်ကုန်များပါကြောင်း မေးမြန်းလေသည်။ မိဖုရားသည် အလွန်လှပသော ဇာများ၊ အပ်ချည်လုံးများပါကြောင်း ပြောပြလေသည်။ ထိုအခါ ခင်နှင်းဖြူက....

“ဤအမယ်အိုသည် ငါ့အား မကောင်းကြံသူ မဟုတ်တန်ရာ၊ ရိုးသားစွာ ဈေးရောင်းသူသာဖြစ်မည်” ဟု ယူဆလျက် တံခါးဖွင့်ပေးလေ၏။ အမယ်အိုသည် ခင်နှင်းဖြူ၏ လည်ပင်းကွပ်ဇာကို ကြည့်ကာ..

“အလွန်ဟောင်းနေပြီ၊ အရုပ်ဆိုးနေပြီ” ဟုပြောလေ၏။ ထို့နောက် ယူလာသော ဇာကိုထုတ်ကာ ခင်နှင်းဖြူ၏လည်ပင်းတွင်တပ်ဆင်ပေးမည်ပြု၏။ ခင်နှင်းဖြူကား သူ၏အကောက်ဉာဏ်ကို မရိပ်မိသဖြင့် ငြိမ်သက်စွာ ရပ်နေလေသည်။ အမယ်အိုသည် ခင်နှင်းဖြူ၏လည်ကို ဇာဖြင့်တင်းကျပ်စွာ ချည်နှောင်လေတော့၏။ ဤတွင် ခင်နှင်းဖြူသည် အသက်မရှူနိုင်ဖြစ်ကာ လဲကျသွားလေတော့၏။ အမယ်အိုလည်း ခင်နှင်းဖြူသေပြီဟုထင်ကာ ဝမ်းသာအားရထွက်သွားလေ၏။

**(ဆက်လက်ဖော်ပြပါမည်)**

ဆရာကြီးမင်းယုဝေ၏ လက်ရွေးစင်ပုံပြင်ပေါင်းချုပ်စာအုပ်မှ ပုံပြင်ကို စာရေးသူမိသားစု၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။

ဆရာကြီးသန်းကြွယ်၏ ကာတွန်းလက်ရာများကို မူရင်းအတိုင်း ဖော်ပြပါသည်။



## ကဗျာ

# ဘယ်လို

❖ ဝင်းဝင်းလဲ့လဲ့၊ ရောင်ခြည်ဖွဲ့၍
သဲ့သဲ့သာသာ၊ လေပြည်လာသော်
သဉ္ဇာဗွေခန်း၊ အဆောင်နန်း၌
အလွမ်းပိုမို၊ ချစ်ဆုံးပျိုသည်
ငိုချင်သည်လော ငိုမည်လော။

❖ ညှင်းညှင်းတွဲ့တွဲ့၊ စောင်းသံနွဲ့၍
ပြွမ်ပြွမ် တစ်ခါ၊ သဲ့သဲ့ဖြာသော်
သာယာကြည်အေး၊ အချစ်တေးကို
အဆွေးပိုပို၊ ဝင်းညိုညိုသည်
ဆိုချင်သည်လော ဆိုမည်လော။

❖ သင်းသင်းသဲ့သဲ့၊ မာလာနွဲ့၍
လဲ့လဲ့ဝါဝါ၊ လရောင်ဖြာသော်
သူဇာခင်လေး၊ လရောင်အေးမှ
ချစ်သွေးပိုမို၊ မယ့်ဘုန်းမိုကို
ကြိုချင်သည်လော ကြိုမည်လော။ ။

ငွေတာရီ

ဆရာမ ငွေတာရီ၏ ငွေတာရီကဗျာပေါင်းချုပ်မှ ကဗျာကို စာရေးသူမိသားစု၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။

လူမှု ဘဝ

# လူငယ်များအတွက် အရေးပါသော လုပ်ငန်းဆိုင်ရာအင်တာဗျူး

**မောင်မောင်မြင့်သိန်း(စက်မှုတက္ကသိုလ်)**

လုပ်ငန်းခွင်သို့ ဝင်ရောက်လုပ်ကိုင်မည့် လူငယ်များအတွက် အင်တာဗျူးဖြေဆိုခြင်းသည် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လာသည်။ အင်တာဗျူးဖြေဆိုမည့်လူငယ်များသည် လုပ်ငန်းခွင်အင်တာဗျူးဖြေဆိုရာတွင် မိမိလျှောက်ထားသည့် အဖွဲ့အစည်းနှင့် ပတ်သက်သော အနေအထားနှင့် ဗဟုသုတများကို ကြိုတင်လေ့လာသိရှိထားရန် လိုအပ်သည်။

အလုပ်ရှင်ဘက်က အင်တာဗျူးမေးမြန်းသူများသည် အင်တာဗျူးဖြေဆိုမည့် အလုပ်လျှောက်ထားသူများ၏ ကိုယ်ရေးရာဇဝင်ကို ဖတ်ရှုထားပြီးဖြစ်ရာ အင်တာဗျူးဖြေဆိုသူအပေါ် စိတ်ဝင်စားမှု အခြေအနေအရ အသင့်အတင့်သာ မေးမြန်းခြင်းမျိုးလည်း ရှိသည်။ ကြိုက်နှစ်သက်ရာ မေးမြန်းခြင်းမျိုးလည်း ရှိသည်။ အသေးစိတ်မေးမြန်းခြင်းမျိုးလည်း ရှိသည်။ လူငယ်များအနေဖြင့် ယင်းမေးခွန်းများကို ပွင့်ပွင့်လင်းလင်း၊ မှန်မှန်ကန်ကန် ဖြေဆိုတတ်ဖို့လိုသည်။ ကြောက်ရွံ့နေစရာမလိုချေ။

လူငယ်များအနေဖြင့် အင်တာဗျူးမဖြေဆိုခင် မေးနိုင်သောမေးခွန်းများကို ကြိုတင်ပြင်ဆင်ထားရန် လိုသည်။ အင်တာဗျူးမေးခွန်းများသည် ခက်ခဲနက်နဲသော မေးခွန်းမျိုး၊ အဖွင့်အပိတ်နှင့်မေးသော မေးခွန်းမျိုး၊ တစ်ဖက်သူ ဖြေဆိုရလွယ်အောင် ဦးဆောင်မေးသော မေးခွန်းမျိုး စသည်ဖြင့် သင့်တော်သလို မေးမြန်းလေ့ရှိသည်။

အင်တာဗျူးမေးမြန်းသူသည် အလုပ်လျှောက်သော လူငယ်များထံမှ သတင်းအချက်အလက် ရရှိရေးအတွက် မေးသည်လည်းရှိသည်။ လုပ်ငန်းခွင်နှင့် ပတ်သက်၍ ဆွဲဆောင်နိုင်ရန် ပြုလုပ်သည့် Persuasive Interview ပုံစံဖြင့်လည်း မေးလေ့ရှိသည်။ ထို့ပြင် အဆင့်မြင့်ရာထူးများအတွက် လုပ်ငန်းခွင်တွင် ဖြစ်ပေါ်နေသော ပြဿနာများကို မည်သို့ဖြေရှင်းမည်ဟူသော Problem Solving Interview မျိုးကိုလည်း မေးလေ့ရှိသည်။

လူငယ်များ သိသင့်သောအချက်မှာ အင်တာဗျူး၏ အစပိုင်းတွင် ယေဘုယျကျသော မေးခွန်းများကို ကျယ်ကျယ်ပြန့်ပြန့် မေးလေ့ရှိသည်။ ထို့နောက် မိမိလိုရာ ရောက်သည်အထိ အဆုံးသတ်မေးမြန်းသော မေးခွန်းမျိုးကို မေးလေ့ရှိသည်။ ထို့ပြင် မိမိလိုရာကို ဦးစွာမေးမြန်းပြီး အထွေထွေမေးမြန်းမှုများသို့ ကူးပြောင်းမေးမြန်းသော မေးခွန်းမျိုးကို ကြုံရတတ်သည်။ လုပ်ငန်းရှင်ဘက်က အချိန်အတိုင်းအတာအရ လိုရင်းကို တစိုက်မတ်မတ်မေးသော မေးခွန်းမျိုးကိုလည်း မေးမြန်းတတ်သည်။ မည်သို့ပင်ဖြစ်စေ၊ လူငယ်များအနေဖြင့် တည်ငြိမ်အေးဆေးစွာ အင်တာဗျူးမေးခွန်းများ၏အဖြေကို ရောက်အောင် ဖြေဆိုနိုင်ဖို့လိုသည်။

လူငယ်များအနေဖြင့် အင်တာဗျူးနေရာသို့ ကြိုတင်ရောက်ရှိရန်၊ မိမိတို့၏ဝတ်စားဆင်ယင်မှု အသွင်သည် အမြင်တင့်တယ်ရန်နှင့် ပြန်လည်ဖြေဆိုရာတွင် ယဉ်ကျေးစွာပြောဆိုတတ်ရန်လည်းလိုသည်။ အင်တာဗျူးမေးမြန်းသူများသည် အမှတ်ပေးဇယားများဖြင့် စနစ်တကျအမှတ်ပေးလေ့ရှိရာ လူငယ်များ၏ Personality (ကိုယ်ရည်ကိုယ်သွေး) ကိုလည်း အကဲဖြတ်လေ့ရှိသည်။ လျှောက်ထားသော ရာထူးနေရာနှင့် လိုက်ဖက်မှု ရှိ၊ မရှိ စစ်ဆေးသုံးသပ်လေ့ရှိသည်။

လူငယ်များသည် အင်တာဗျူးဖြေဆိုရာတွင် တစ်ဖက်လူ၏မေးမြန်းချက်ကို သေချာစွာ နားထောင်သင့်သည်။ Active listening ဖြင့် ဂရုတစိုက် နားထောင်ရန်လိုသည်။ မရှင်းလင်းသည့် အချက်များကိုလည်း ပြန်လည်မေးမြန်းတတ်ဖို့လိုသည်။ အထူးသဖြင့် နိုင်ငံခြားကုမ္ပဏီများတွင် Foreigner များကိုယ်တိုင် အင်္ဂလိပ်ဘာသာစကားဖြင့် မေးမြန်းသည့်အခါ Foreigner များ၏မေးခွန်းများကို သေချာစွာ နားထောင်တတ်ရန်လိုသည်။ သို့မှသာ မေးခွန်းနှင့် လိုက်ဖက်ညီသောအဖြေကို တုံ့ပြန်ဖြေဆိုနိုင်မည် ဖြစ်သည်။

အလုပ်အင်တာဗျူးများကို လူငယ်များ ဖြေဆိုရာတွင် မိမိ၏ ယခင်လုပ်ငန်းအတွေ့အကြုံများကို ရှင်းရှင်းလင်းလင်း ပြောဆိုတတ်ရန် လိုသည်။ ကျင့်ဝတ်အရ ယခင်လုပ်ခဲ့သော အဖွဲ့အစည်း၊ ကုမ္ပဏီကို နစ်နာစေမှုများ ပြောဆိုခြင်းမှ ရှောင်ကြဉ်ရန်လိုသည်။ ယခင်လုပ်ငန်းမှ ထွက်ခဲ့ရသော အကြောင်းရင်းကို မှန်မှန်ကန်ကန် ဖြေဆိုတတ်ရန် လိုသည်။

အလုပ်အင်တာဗျူးများတွင် လူငယ်များ လေ့လာတက်ရောက်ခဲ့သော သင်တန်းများသည် မိမိလျှောက်ထားသည့် အလုပ်ရာထူးအတွက် အထောက်အကူဖြစ်ပါက လုပ်ငန်းရှင်များက နှစ်သက်ကြသည်။ ဘွဲ့ရပြီးစ လူငယ်များကိုလည်း အချို့လုပ်ငန်းများတွင် ဦးစားပေးခန့်ကြသည်။ ဤသည်မှာ လူငယ်မျိုးဆက်သစ်များ၏ တက်ကြွသောလုပ်အားကို ရယူလိုသောကြောင့်ဖြစ်သည်။

အကျင့်စာရိတ္တကောင်းမွန်သော လူငယ်များကို လုပ်ငန်းရှင်များက နှစ်သက်သလို အရောင်းဌာနကဲ့သို့သော ဌာနများတွင် စုပေါင်းဆောင်ရွက်ပြီး အသင်းအဖွဲ့စိတ်ဓာတ်ရှိသော လူငယ်များကို ဦးစားပေးပြီး အင်တာဗျူးတွင် ရွေးချယ်တတ်ကြသည်။ လုပ်ငန်းရှင်များက လူငယ်များကို ရွေးချယ်ရာတွင် ၎င်းတို့၏ ကိုယ်ရေးရာဇဝင်ပါ အချက်အလက်များကို ကြည့်ပြီး ခန့်အပ်လိုသော ရာထူးနေရာများအတွက် လူမှန်နေရာမှန်ဖြစ်ရေးကို အာရုံစိုက်ရွေးချယ်ကြသည်။

အချို့အဖွဲ့အစည်းများတွင် ရေးဖြေအောင်မြင်သော လူငယ်များကို လူတွေ့အင်တာဗျူးဖြင့် ဆုံးဖြတ်ရွေးချယ်ကြသည်။ အထူးသဖြင့် လူငယ်များ၏ အထွေထွေဗဟုသုတရှိမှုနှင့် အင်္ဂလိပ်စာအရည်အသွေးကို ရေးဖြေဖြင့် ရွေးချယ်ဆုံးဖြတ်ကြသည်။ ထို့နောက် အင်တာဗျူးတွင် နောက်ဆုံးအကဲဖြတ်မှုဖြင့် အဖွဲ့အစည်းအတွက် လိုအပ်နေသော အရည်အသွေးနှင့် ကိုက်ညီသောသူများကို ရွေးချယ်ကြသည်။

ဤသို့ဖြင့် အင်တာဗျူး ဖြေဆိုအောင်မြင်သော လူငယ်များသည် မိမိတို့၏ ပင်ကိုအရည်အသွေးနှင့် ကျွမ်းကျင်မှုများပေါင်းစပ်ကာ လုပ်သားလူငယ်များအဖြစ် အနာဂတ်ဘဝလှပရေးအတွက် ကြိုးစားနေကြသည်။ ။

*Ref: Job Interview for youth, Internet*



(ဆက်လက်ဖော်ပြပါမည်)

# ဓာတ်ခွဲနမူနာစုစုပေါင်း ၅၈၉၉ ခု စစ်ဆေးပြီးစီး၊ ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၃၃ ဦးတွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၂၁-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေး လုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် **ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ စည်းကမ်းများကို စနစ်တကျ လိုက်နာဆောင်ရွက်ရန် လိုအပ်ပြီး ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းအား အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန်** လိုအပ်ပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၀-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၁-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၅,၈၉၉) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၃၃)ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၅၆) ရာခိုင်နှုန်းရှိပါသည်။ ယနေ့တွေ့ရှိသော ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၃၃) ဦးအနက် (၅)ဦး (၁၅.၁၅) ရာခိုင်နှုန်းမှာ ပြည်ပမှဝင်ရောက်လာသူများအား ဓာတ်ခွဲစစ်ဆေးရာမှ တွေ့ရှိခြင်းဖြစ်ပြီး (၂၈)ဦး (၈၄.၈၅) ရာခိုင်နှုန်းမှာ ပြည်တွင်းတွင် ကူးစက်ဖြစ်ပွားသူများ ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၆၆၇,၁၀၆) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၁၄,၆၅၄) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁၆) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူစုစုပေါင်း (၅၉၃,၂၃၁) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၇) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၂၀-၈-၂၀၂၂) ရက်နေ့အထိ အသက်(၁၈)နှစ်နှင့်အထက် လူဦးရေစုစုပေါင်း (၃၀,၃၁၂,၇၆၆)ဦးနှင့် အသက် (၁၈)နှစ်အောက် လူဦးရေစုစုပေါင်း (၆,၂၈၀,၇၆၀) တို့အား ထိုးနှံထားရှိပြီး ဖြစ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲအတည်ပြုလူနာများအနက်မှ သံသယဖြစ်ဖွယ် ဓာတ်ခွဲနမူနာများအား ကိုဗစ်-၁၉ ရောဂါ မျိုးရိုးဗီဇပြောင်းရောဂါပိုး စစ်ဆေးခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိရာ ပြည်ပမှဝင်ရောက်လာသူများနှင့် ပြည်တွင်းတွင် ကူးစက်ဖြစ်ပွားသူများတွင် အိုမီခရွန်မျိုးရိုးဗီဇပြောင်းရောဂါပိုး BA.4၊ BA.5၊ BA.2.75 နှင့် BA.2.76 တို့ ကူးစက်မှုများရှိနေကြောင်း တွေ့ရှိရပါသည်။

### ဓာတ်ခွဲအတည်ပြုလူနာသစ် တွေ့ရှိမှုအခြေအနေ (၂၁-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲအတည်ပြုလူနာသစ်တွေ့ရှိမှု | လူနာသစ် (ဦးရေ) | ရာခိုင်နှုန်း |
|---|---|---|
| ပြည်ပမှဝင်ရောက်လာသူများ | (၅) ဦး | (၁၅.၁၅) % |
| ပြည်တွင်းတွင်ကူးစက်ဖြစ်ပွားသူများ | (၂၈) ဦး | (၈၄.၈၅) % |
| စုစုပေါင်း | (၃၃) ဦး | (၁၀၀) % |

### ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပြီးစီးမှု (၂၀-၈-၂၀၂၂ ရက်နေ့အထိ)

| | |
|---|---|
| အသက် (၁၈) နှစ်နှင့်အထက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၃၀,၃၁၂,၇၆၆ |
| အသက် (၁၈) နှစ်အောက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၆,၂၈၀,၇၆၀ |

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားခြင်းအားဖြင့် ရောဂါကူးစက်ဖြစ်ပွားမှု၊ ရောဂါပြင်းထန်မှုနှင့် သေဆုံးမှုတို့ကို လျှော့ချပေးနိုင်သည်ဖြစ်ရာ အသက် ၅ နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံထားရှိရန် လိုအပ်သည့်အပြင် အသက် ၁၈ နှစ်နှင့်အထက် ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံပြီးစီးမှုကာလ ၆ လရှိနေသော ပြည်သူများသည်လည်း ထပ်ဆောင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထပ်မံထိုးနှံရန် လိုအပ်ပါသည်။

သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက် ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

### ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၉၅၃၃၁၀၂၀ | ၉၀၆၃၁၀၈၄ | ၁၀၆၅၅၅၅ |
| ၂။ | အိန္ဒိယ | ၄၄၃၃၉၄၂၉ | ၄၃၇၁၂၂၁၈ | ၅၂၇၃၃၂ |
| ၃။ | ပြင်သစ် | ၃၄၃၃၉၇၉၂ | ၃၃၇၀၆၀၇၄ | ၁၅၃၅၀၁ |
| ၄။ | ဘရာဇီး | ၃၄၂၇၉၇၈၅ | ၃၃၁၇၅၇၁၄ | ၆၈၂၅၆၀ |
| ၅။ | ဂျာမနီ | ၃၁၈၀၈၁၇၉ | ၃၀၆၃၃၈၀၀ | ၁၄၆၅၀၄ |
| ၆။ | ဗြိတိန် | ၂၃၄၆၀၇၈၇ | ၂၃၁၀၃၆၃၉ | ၁၈၇၀၁၈ |
| ၇။ | တောင်ကိုရီးယား | ၂၂၂၄၀၃၃၁ | ၂၀၀၂၆၃၂၅ | ၂၆၀၄၄ |
| ၈။ | အီတလီ | ၂၁၆၃၀၉၉၈ | ၂၀၆၇၃၇၁၁ | ၁၇၄၆၅၉ |
| ၉။ | ရုရှား | ၁၉၁၁၇၃၄၃ | ၁၈၂၈၄၅၈၆ | ၃၈၃၅၆၀ |
| ၁၀။ | ဂျပန် | ၁၆၉၂၁၆၅၃ | ၁၄၈၇၅၀၇၃ | ၃၆၇၈၀ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဗီယက်နမ် | ၁၁၃၈၃၈၁၉ | ၁၀၀၇၂၄၅၇ | ၄၃၁၀၅ |
| ၂။ | အင်ဒိုနီးရှား | ၆၃၁၅၅၅၇ | ၆၁၀၇၆၈၀ | ၁၅၇၃၇၇ |
| ၃။ | မလေးရှား | ၄၇၅၅၂၈၈ | ၄၆၇၈၂၆၂ | ၃၆၁၃၆ |
| ၄။ | ထိုင်း | ၄၆၃၄၁၈၀ | ၄၅၈၂၅၉ | ၃၂၀၃၀ |
| ၅။ | ဖိလစ်ပိုင် | ၃၈၅၅၈၀၄ | ၃၇၅၉၁၇၆ | ၆၁၃၅၇ |
| ၆။ | စင်ကာပူ | ၁၈၁၄၉၁၅ | ၁၇၃၃၂၈၅ | ၁၅၇၈ |
| ၇။ | မြန်မာ | ၆၁၄၆၅၄ | ၅၉၃၂၃၁ | ၁၉၄၃၇ |
| ၈။ | ဘရူနိုင်း | ၂၁၅၂၈၃ | ၂၁၄၆၃၉ | ၂၂၅ |
| ၉။ | လာအို | ၂၁၃၂၀၉ | ၂၀၈၃၄၄ | ၇၅၇ |
| ၁၀။ | ကမ္ဘောဒီးယား | ၁၃၇၄၂၆ | ၁၃၄၁၅၂ | ၃၀၅၆ |

# သိန္နီမြို့နယ်၌ မိုးစပါး ၁၂၂၆၈ ဧက အောင်မြင်စွာ စိုက်ပျိုးပြီးစီး



**သိန္နီ ဩဂုတ် ၂၁**

ရှမ်းပြည်နယ် (မြောက်ပိုင်း) သိန္နီမြို့သည် စိုက်ပျိုးရေးကိုအခြေခံ၍ ဒေသဝမ်းစာ ဖူလုံရေးအနေဖြင့် နှစ်စဉ် မိုးစပါး၊ လယ်စပါး၊ ယာစပါး၊ တောင်ယာစပါးနှင့် နွေစပါးများကို ရာသီအလိုက် စိုက်ပျိုးလျက်ရှိရာ ယခုနှစ်မိုးရာသီအတွင်း မိုးစပါး ၁၂၂၆၈ ဧက စိုက်ပျိုးပြီးစီးပြီ ဖြစ်သည်။

သိန္နီမြို့နယ်အတွင်းရှိ မိုးစပါးစိုက်တောင်သူများအနေဖြင့် မိုးစပါးများကို ယခင်မိုးရာသီတွင် ၁၆၄၁၉ ဧက စိုက်ပျိုးခဲ့ရာ ယခုနှစ်တွင် ၁၂၂၆၈ ဧက စိုက်ပျိုးထားပြီးဖြစ်သည်။ ယခုနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် ရာသီဥတုဖောက်ပြန်ခြင်းများကြောင့် မိုးစပါးစိုက်ပျိုးမှုဧက လျော့နည်းခြင်းဖြစ်သည်။ စိုက်ပျိုးပြီးသော မိုးစပါးများအနေဖြင့် အောင်မြင်လျက်ရှိပြီး သီးထပ်သီးနှံဖြစ်သော ပဲပုပ်နှင့် နေကြာများကို ပိုမိုစိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

ယခုနှစ်စိုက်ပျိုးထားသော မိုးစပါးများ အထွက်နှုန်းကောင်းစေရေးအတွက် သိန္နီမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးစောသိန်းထိုက်နှင့် ဝန်ထမ်းများက မိုးစပါးမစိုက်ခင် ကာလများတွင် အသိပညာပေးခြင်းလုပ်ငန်းများဆောင်ရွက်ခဲ့ပြီး စိုက်ခင်းများအားလည်း ကွင်းဆင်း၍ စစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိသည်။ သိန္နီမြို့နယ်တွင် မိုးစပါးစိုက်ပျိုးရာ၌ ဒေသရှမ်းဆန် ၈၈၁ အမျိုးအစား၊ ဒေသရှမ်းဆန် ၅၀၂ အမျိုးအစားနှင့် ကောက်ညှင်းစပါးများကို အဓိကထား၍ စိုက်ပျိုးကြကြောင်း သိရသည်။

**စောဥမ္မာ(သိန္နီ)**

# ကျင့်ဝတ်နှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး

**မောင်မင်းဇံ**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးသည် နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန်အတွက် မဖြစ်မနေလုပ်ဆောင်ရမည့် အရေးကြီးသော လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပါသည်။ အဂတိလိုက်စားမှုသည် အစိုးရကဏ္ဍ၌သာမက ပုဂ္ဂလိကကဏ္ဍတွင်လည်းဖြစ်ပွားပြီး ဖွံ့ဖြိုးဆဲနိုင်ငံများတွင် အစိုးရကဏ္ဍ အဂတိလိုက်စားမှုများသည် ပိုမိုများပြားပါသည်။ ပြည်သူလူထု၏ ယုံကြည်မှုကိုရရှိရန်နှင့် အုပ်ချုပ်မှုယန္တရား ကောင်းမွန်စွာ ထိထိရောက်ရောက်လည်ပတ်နိုင်စေရန်အတွက် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုတွင် ဖြောင့်မတ်တည်ကြည်မှုကျင့်ဝတ်သည် အရေးပါလှသည်။ သန့်ရှင်းသောအစိုးရနှင့် ကောင်းမွန်သော အုပ်ချုပ်မှုစနစ် ဖြစ်ပေါ်လာစေရေးအတွက် အစိုးရဌာန၊ အဖွဲ့အစည်းများတွင် ဖြောင့်မတ်တည်ကြည်မှုရှိစေရေး ကျင့်ဝတ်ဆိုင်ရာ သင်တန်းများပေးခြင်းကို လက်သုံးကိရိယာတစ်ခုအဖြစ် အဓိကလေ့ကျင့်ပေးသင့်ပြီး အဂတိလိုက်စားမှု များပြားသော နိုင်ငံများတွင်သာမက အဂတိလိုက်စားမှုနည်းပါးသောနိုင်ငံများတွင်ပါ ဆောင်ရွက်နေကြပြီဖြစ်ပါသည်။ ကျင့်ဝတ်ဆိုင်ရာသင်တန်းများဖွင့်လှစ်ရေးကို နိုင်ငံအများစု၌ အဂတိလိုက်စားမှုတိုက်ဖျက်ရေး မဟာဗျူဟာတွင် ထည့်သွင်းရေးဆွဲချမှတ်လုပ်ဆောင်ကြပြီး နိုင်ငံအချို့တွင်မူ ဖြောင့်မတ်တည်ကြည်မှု မဟာဗျူဟာနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာများတွင် တာဝန်ယူဆောင်ရွက်မည့် အဖွဲ့အစည်း၊ အချိန်ကာလသတ်မှတ်ချက်များ၊ သုံးစွဲမည့်ငွေကြေးပမာဏများ အသေးစိတ်ဖော်ပြထားသော လုပ်ငန်းဆောင်ရွက်မှုအစီအမံများဖြင့် ထည့်သွင်းရေးဆွဲကြပါသည်။

## အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဆောင်ရွက်ချက်

မိမိတို့နိုင်ငံ၌ ၂၀၁၃ ခုနှစ်တွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို ပြဋ္ဌာန်းကာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ကို ဖွဲ့စည်းတည်ထောင်ပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေး လုပ်ငန်းများကို သက်ဆိုင်ရာ ပြည်တွင်း၊ ပြည်ပ ဌာန၊ အဖွဲ့အစည်းများဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ ကော်မရှင်အနေဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်အဖြစ်ခံယူလျက် အဂတိလိုက်စားမှုတားဆီးကာကွယ်ခြင်း၊ စုံစမ်းစစ်ဆေးခြင်းနှင့် အများပြည်သူကို အသိပညာပေးခြင်းစသည့် ကဏ္ဍသုံးရပ်ဖြင့် လုပ်ဆောင်လျက်ရှိကြောင်း တွေ့ရပါသည်။ ဝန်ကြီးဌာန/အဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများမှ ဖွင့်လှစ်သော သင်တန်းများ၊ ဟောပြောပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေး အသိပညာပေး ပို့ချဆွေးနွေးခြင်းနှင့် လက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ သတင်းစာ၊ ဂျာနယ်များ၊ ဆိုရှယ်မီဒီယာများနှင့် ဝက်ဘ်ဆိုက်များတွင် အသိပညာပေးဆောင်းပါးများ ရေးသားဖော်ပြခြင်း၊ အသိပညာပေးဇာတ်လမ်းတိုများကို ရုပ်မြင်သံကြားမှထုတ်လွှင့်ခြင်း၊ ပညာရေးဝန်ကြီးဌာနနှင့်ပူးပေါင်း၍ အဂတိလိုက်စားမှုနှင့် ဖြောင့်မတ်တည်ကြည်မှုဆိုင်ရာ ရည်ညွှန်းစာစောင်များ ပြုစုထုတ်ဝေခြင်းများဖြင့် အသိပညာပေးရေးလုပ်ငန်းကိုလည်းကောင်း၊ ဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားနိုင်ခြေ အန္တရာယ်ရှိမှုဆန်းစစ်ခြင်းကို အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit –CPU) များက တာဝန်ယူဆောင်ရွက်ခြင်း၊ စစ်တမ်းများပုံမှန်ကောက်ယူခြင်း၊ ဝန်ဆောင်မှုရယူခဲ့သော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code “1111” အသုံးပြု၍ SMS မှတစ်ဆင့် ဝန်ဆောင်မှုနှင့်စပ်လျဉ်းသည့်မေးခွန်းများ မေးမြန်းခြင်းဖြင့် တုံ့ပြန်မှုရယူ၍ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ တားဆီးကာကွယ်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခြင်းဖြင့် တားဆီးကာကွယ်ရေးလုပ်ငန်းများကိုလည်းကောင်း၊ ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ စုံစမ်းစစ်ဆေးအရေးယူခြင်းကို လည်းကောင်း ဆောင်ရွက်လျက်ရှိသည်ကို ကော်မရှင်၏ သတင်းထုတ်ပြန်ချက်များအရ သိရပါသည်။ ကုလသမဂ္ဂ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကွန်ဗင်းရှင်းကိုလည်း မြန်မာနိုင်ငံမှ ၂၀-၁၂-၂၀၁၂ ရက်နေ့တွင် ၁၆၅ နိုင်ငံမြောက်အဖွဲ့ဝင်နိုင်ငံအဖြစ် အတည်ပြုပါဝင်ခဲ့ပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများကို ကွန်ဗင်းရှင်းပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိပါသည်။

## ကျင့်ဝတ်ပြဋ္ဌာန်းချက်များ

ကျင့်ဝတ်များနှင့်စပ်လျဉ်း၍ ၂၀၁၃ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေတွင် ကော်မရှင်၏ လုပ်ငန်းတာဝန်များ သတ်မှတ်ချက်များပြဋ္ဌာန်းရာ၌ ပုဒ်မ ၁၆ (ဠ)တွင် “အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး၊ လုပ်ပိုင်ခွင့်အာဏာရှိသူများ၏ ရိုးသားဖြောင့်မတ်သည့် စိတ်ဓာတ်ကို ပိုမိုမြှင့်တင်ရေးနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးတို့တွင် ပြည်သူအများပါဝင်နိုင်ရေးအတွက် သင့်လျော်သော အစီအမံများချမှတ်၍ ဆောင်ရွက်ခြင်း”ဟုပြဋ္ဌာန်းထားပါသည်။ ကုလသမဂ္ဂ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကွန်ဗင်းရှင်း အခန်း ၂၊ အပိုဒ် ၇၊ အပိုဒ်ခွဲ ၁(ဃ)တွင် “အများပြည်သူဆိုင်ရာလုပ်ငန်းတာဝန်များကို မှန်ကန်မှု၊ ဂုဏ်သိက္ခာရှိမှုနှင့် နည်းလမ်းတကျ ထမ်းဆောင်မှုရှိစေရန်အတွက် သတ်မှတ်ထားသည့် လိုအပ်ချက်များကို ပြည့်မီစွာ စွမ်းဆောင်နိုင်စေရန် အသိပညာပေးလုပ်ငန်းများနှင့် သင်တန်းအစီအစဉ်များကို တိုးမြှင့်ဆောင်ရွက်ပေးရန်နှင့် ယင်းဝန်ထမ်းများက လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရာ၌ ဖြစ်တတ်သော အဂတိလိုက်စားမှုအန္တရာယ်များနှင့်စပ်လျဉ်း၍လည်း သိရှိနားလည်မှု တိုးတက်စေရန်အတွက် ဆီလျော်သည့် အထူးပြုသင်တန်းများကိုလည်း ပံ့ပိုးဆောင်ရွက်ပေးရမည်။ ယင်းသို့အစီအစဉ်များ ချမှတ်ဆောင်ရွက်ရာတွင် သက်ဆိုင်ရာနယ်ပယ်ကဏ္ဍများ၌ အပြုအမူဆိုင်ရာစံနှုန်းများနှင့် ကျင့်ဝတ်ဥပဒေများကို ကိုးကား၍ ဆောင်ရွက်ပေးရမည်”ဟု ပြဋ္ဌာန်းသတ်မှတ်ထားပါသည်။

## နိုင်ငံ့ဝန်ထမ်းနှင့် ကျင့်ဝတ်များ

နိုင်ငံ့ဝန်ထမ်းများလိုက်နာကျင့်သုံးရန်အတွက် နိုင်ငံ့ဝန်ထမ်းကျင့်ဝတ်ဆိုင်ရာ စံတန်ဖိုးနှင့် နိုင်ငံ့ဝန်ထမ်းကျင့်ဝတ်များကို ပြည်ထောင်စုရာထူးဝန်အဖွဲ့က ထုတ်ပြန်ပြဋ္ဌာန်းထားပါသည်။ ထို့အပြင် ဝန်ကြီးဌာန/အဖွဲ့အစည်းများကလည်း မိမိတို့ဌာန/အဖွဲ့အစည်း၏ လုပ်ငန်းသဘောသဘာဝနှင့် ကိုက်ညီသည့် သီးခြားကျင့်ဝတ်များကို ထုတ်ပြန်ပြဋ္ဌာန်းထားရှိပါသည်။ ၎င်းကျင့်ဝတ်များတွင် ဖြောင့်မတ်တည်ကြည်မှုရှိစေရန်နှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို အထောက်အပံ့ဖြစ်စေသော ပြဋ္ဌာန်းချက်များ ပါရှိပါသည်။

## သင်တန်းဖွင့်လှစ်ရခြင်းအကြောင်းရင်း

ကျင့်ဝတ်ဆိုင်ရာသင်တန်းများကြောင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးတွင် ရေရှည်အကျိုးဖြစ်ထွန်းလာသည်ကို နိုင်ငံများက အသိအမှတ်ပြုလာကြပါသည်။ နိုင်ငံတကာအဖွဲ့အစည်းများကလည်း နိုင်ငံများအနေဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင် အစိုးရအရာရှိများအား ကျင့်ဝတ်ဆိုင်ရာအသိပညာပေးလုပ်ငန်းများကို ပုံဖော်မှုမှန်ကန်စေရန်အတွက် ကြိုးစားအားထုတ်လုပ်ဆောင်ကြရန် တွန်းအားပေးလုပ်ဆောင်လျက်ရှိပါသည်။ ကျင့်ဝတ်ဆိုင်ရာသင်တန်းများဖွင့်လှစ်ရခြင်း၏ အဓိကရည်ရွယ်ချက်များမှာ အဂတိလိုက်စားမှုတားဆီးကာကွယ်ရန်နှင့် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ပြည်သူများအား ကောင်းမွန်စွာ ဝန်ဆောင်မှုပေးနိုင်စေရန်တို့ဖြစ်ပါသည်။

အဂတိလိုက်စားမှုများ များပြားစွာဖြစ်ပေါ်နေသောနိုင်ငံများတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးအောင်မြင်စေရန် ကြိုးပမ်းဆောင်ရွက်နေသော ...

> **ကောင်းမွန်သောအုပ်ချုပ်မှုစနစ်ပေါ်ပေါက်လာရေးအတွက် ပြည်သူများ၏ပူးပေါင်းပါဝင်မှုမှာ အရေးပါသကဲ့သို့ နိုင်ငံ့ဝန်ထမ်းများ၏အခန်းကဏ္ဍမှာလည်း အရေးကြီးပါသည်။ နိုင်ငံ့ဝန်ထမ်းများ၏ စည်းကမ်းလိုက်နာမှု၊ ဖြောင့်မတ်တည်ကြည်မှုရှိမှုနှင့် ကျင့်ဝတ်စောင့်ထိန်းမှုတို့မှ လမ်းချော်လွဲမှားစေသည့် အဓိကအချက်မှာ အဂတိလိုက်စားမှုပင်ဖြစ်သည်။ နိုင်ငံ့ဝန်ထမ်းများ အဂတိလိုက်စားမှုများကြောင့် နိုင်ငံတော်ပိုင် ငွေကြေးနှင့် ပစ္စည်းဥစ္စာဆုံးရှုံး၍ အုပ်ချုပ်မှုလုပ်ငန်းစဉ်များ လျော့ရဲလာကာ အစိုးရအပြောင်းအလဲဖြစ်သည်အထိ သက်ရောက်မှုရှိသည့်နိုင်ငံများကို မြင်တွေ့နိုင်**

ရေးအောင်ပွဲစီများ ဖွဲ့စည်းတည်ထောင်ခါစအချိန်များ၌ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ စိန်ခေါ်မှုများစွာ ကြုံတွေ့ရခြင်း၊ အခြားအရေးကြီးသော ပြုပြင်ပြောင်းလဲမှုများစွာကို ဦးစားပေးလုပ်ဆောင်နေရခြင်း၊ လူ့စွမ်းအားအရင်းအမြစ်နှင့် အတွေ့အကြုံများနည်းပါးခြင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရာတွင် စုံစမ်းစစ်ဆေးအရေးယူခြင်းကဲ့သို့သော လျင်မြန်သည့်ရလဒ်ကို ရယူလိုခြင်းစသည်တို့ကြောင့် ကျင့်ဝတ်ဆိုင်ရာသင်တန်းများဖွင့်လှစ်ခြင်းကို အစောပိုင်းကာလများတွင် လုပ်ဆောင်နိုင်ခြင်းမရှိသည်ကို တွေ့ရှိရပါသည်။

## သင်တန်းဖွင့်လှစ်ရန်အတွက် လိုအပ်ချက်များ

ကျင့်ဝတ်ဆိုင်ရာသင်တန်းအတွက် လိုအပ်ချက်များသည် တစ်နိုင်ငံနှင့်တစ်နိုင်ငံ ကွဲပြားခြားနားနိုင်သောကြောင့် သင်တန်းအစီအစဉ်မစတင်မီ လိုအပ်ချက်များကို ရှင်းရှင်းလင်းလင်းနားလည်သဘောပေါက်ထားရန် လိုအပ်ပါသည်။ သင်တန်းလိုအပ်ချက်အကဲဖြတ်ခြင်းသည် သင်တန်း၏ ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များချမှတ်နိုင်ခြင်းနှင့် ကုန်ကျစရိတ်များအား ထိရောက်သက်သာစေခြင်းများကို ဖြစ်ပေါ်စေပါသည်။ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုတွင်ရှိနေသော ဖြောင့်မတ်တည်ကြည်မှုအဆင့်အတန်း သို့မဟုတ် အဂတိလိုက်စားမှုအဆင့်အတန်းတို့ကို စစ်တမ်းကောက်ယူခြင်း သို့မဟုတ် လေ့လာမှုတစ်ခုပြုလုပ်ခြင်းသည်လည်း သင်တန်းလိုအပ်ချက်ကို အဖြေရှာရာတွင် အထောက်အကူပြုစေနိုင်ပါသည်။

ကျင့်ဝတ်ဆိုင်ရာသင်တန်းများ ဖွင့်လှစ်ရာတွင် နိုင်ငံအလိုက် လူမျိုး၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်း အစဉ်အလာအရ သင်ရိုးများကွဲပြားနိုင်ပါသည်။ နိုင်ငံ့ဝန်ထမ်းများကို ကျင့်ဝတ်သင်တန်း ပို့ချခြင်းသည် ရေရှည်ရင်းနှီးမြှုပ်နှံရသော လုပ်ငန်းစဉ်တစ်ခုဖြစ်ပြီး ကုန်ကျစရိတ်များပြားနိုင်သောကြောင့် သင်တန်းသင်ကြားမည့် ပုံစံဒီဇိုင်းကောင်းမွန်ရန်နှင့် ထိရောက်သော သင်ရိုးညွှန်းတမ်းဖြစ်စေရေးမှာ အရေးကြီးပါသည်။ သင်တန်းပို့ချရန်အတွက် ဦးတည်အုပ်စုများ ရွေးချယ်ရန်သည်လည်း အရေးပါသောအခန်းကဏ္ဍမှ ပါဝင်နေပါသည်။ နိုင်ငံအများစုတွင် နိုင်ငံ့တာဝန်ကို စတင်ထမ်းဆောင်မည့် အစိုးရအရာရှိများ၊ အဆင့်မြင့်အရာရှိများနှင့် အဂတိလိုက်စားမှုဖြစ်နိုင်ခြေများသော ဌာန/ အဖွဲ့အစည်းများရှိ အရာရှိများနှင့် ဌာန/ အဖွဲ့အစည်းများရှိ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာနများမှ အရာရှိများအား ဦးတည်အုပ်စုအဖြစ် ရွေးချယ်၍ သင်တန်းပို့ချကြောင်း သုတေသနတွေ့ရှိချက်များမှ သိရပါသည်။ သီအိုရီသင်ခန်းစာများအား လက်တွေ့လုပ်ဆောင်လေ့လာထားသော ကိစ္စရပ်များ၊ အလုပ်ရုံဆွေးနွေးပွဲများဖြင့် ရောနှောသင်ကြားသည့် နည်းစနစ်များဖြင့် သင်ကြားခြင်းသည် အကောင်းဆုံးဖြစ်ပါသည်။ သင်တန်း၏ အကျိုးရလဒ်ကို ရေတိုကာလတွင် မရရှိနိုင်သော်လည်း ရေရှည်ကာလတွင်မူ မြင်တွေ့နိုင်မည်ဖြစ်ပါသည်။ သင်တန်းဖွင့်လှစ်ရုံမျှဖြင့် ကျင့်ဝတ်ဆိုင်ရာ အရည်အသွေးများ တိုးတက်လာနိုင်မည်မဟုတ်ဘဲ သင်တန်းမှရရှိလာသော အတွေ့အကြုံများအား လက်တွေ့လုပ်ငန်းခွင်နယ်ပယ်တွင် အသုံးချရန်လည်း လိုအပ်ပါသည်။

## သင်တန်းသားနှင့် သင်တန်းနည်းပြ ရွေးချယ်ခြင်း

သင်တန်းကုန်ကျစရိတ်အား ထိရောက်အကျိုးရှိစွာ အသုံးပြုနိုင်ရေးနှင့် သင့်တော်သော (ဥပမာ- အဂတိလိုက်စားမှုဖြစ်နိုင်ခြေများသော ဌာန/ အဖွဲ့အစည်းများမှ) သင်တန်းသားများ ပါဝင်ရေးသည် အရေးကြီးသည့်အတွက် သင်တန်းသားရွေးချယ်ရာတွင် ဂရုပြုရွေးချယ်ရမည်ဖြစ်သည်။ ထို့အတူ အရည်အသွေးကောင်းမွန်သော သင်တန်းတစ်ခု စာမျက်နှာ ၂၄ သို့ ■

# ပြင်ဦးလွင်နှင့် အောင်ပန်းဒေသများမှ ထွက်ရှိလာသည့် ဂေါ်ဖီထုပ်များ ဈေးကောင်းရရှိ

မန္တလေး ဩဂုတ် ၂၁

မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ သီရိမာလာ ကုန်စိမ်းလက်ကားဈေးအတွင်းသို့ ပြင်ဦးလွင်ဒေသနှင့် အောင်ပန်းဒေသတို့မှ ဝင်ရောက်လာသည့် ဂေါ်ဖီထုပ်များ ယခင်လထက် ဈေးကောင်းရရှိနေကြောင်း အဆိုပါ ဈေးအတွင်းရှိ ဂေါ်ဖီပွဲရုံများထံမှ သိရသည်။

အဆိုပါ ပြင်ဦးလွင်ဒေသနှင့် အောင်ပန်းဒေသထွက် ဂေါ်ဖီများသည် လက်ရှိအချိန်တွင် မန္တလေးမြို့ သီရိမာလာကုန်စိမ်းဈေးသို့ တစ်ရက်လျှင် ၁၂ ဘီးယာဉ်အစီးရေ ငါးစီးမှ ခြောက်စီးအထိ ပုံမှန်ဝင်ရောက်လျက်ရှိပြီး ဈေးနှုန်းမှာလည်း ယခင်လများထက် ဈေးကောင်းရရှိနေကြောင်း၊ ယခင်လက ဂေါ်ဖီထုပ်တစ်ထုပ်လျှင် အမြင့်ဆုံးဈေးနှုန်းမှာငွေကျပ် ၁၅၀ မှ ၂၀၀ သာရှိခဲ့ပြီး ယခုလက်ရှိအချိန်တွင် ဂေါ်ဖီဈေးနှုန်းများသည် ငွေကျပ် ၇၀၀ မှ ၈၀၀ အထိ ဈေးကောင်းများရရှိနေကြောင်း မန္တလေးမြို့ အောင်ပွဲရုံပိုင်ရှင် ဦးအောင်မိုးနိုင်က ပြောသည်။



"လက်ရှိမှာတော့ ဂေါ်ဖီအဓိကစိုက်ပျိုးတဲ့ အောင်ပန်းဒေသနဲ့ ပြင်ဦးလွင်ဒေသဘက်ကပဲ ဝင်ရောက်လာတာပါ။ ကျန်တဲ့ဒေသက ဂေါ်ဖီထွက်တာ မရှိသေးပါဘူး။ တောင်သူတွေက စိုက်တဲ့သူနည်းပါးသွားလို့ ဒီလထဲမှာ ဈေးနှုန်းတွေက မထင်မှတ်ဘဲတက်သွားတာပါ။ လက်ရှိမှာ ဒီဈေးကို ဂေါ်ဖီကားတွေအနေနဲ့ အောင်ပန်းက တစ်ရက်ကို ၁၂ ဘီးယာဉ်နဲ့ ငါးစီး၊ ခြောက်စီးဝင်တယ်။ ပြင်ဦးလွင်က တစ်ရက်ကို ခြောက်ဘီးယာဉ်နဲ့ လေးစီးဝင်ပါတယ်။ ပြင်ဦးလွင်နဲ့ အောင်ပန်းဒေသကပဲ ထွက်ရှိပြီး ဒေသစုံကဝယ်ကြတာများလို့ ဈေးတက်ကုန်တာပါ။ ဒါကြောင့် စိုက်ပျိုးသူတွေအနေနဲ့ ဈေးကောင်းများ ရရှိနေကြပါတယ်" ဟု ၎င်းကပြောသည်။

အဆိုပါ ပြင်ဦးလွင်နှင့် အောင်ပန်းဒေသထွက် ဂေါ်ဖီထုပ်များသည် လက်ရှိအချိန်တွင် မန္တလေးဈေးကွက်သို့ နေ့စဉ်ဝင်ရောက်လျက်ရှိနေပြီး ဈေးနှုန်းမှာလည်း ကောင်းမွန်လျက်ရှိကြောင်း၊ ယင်းဂေါ်ဖီများ ဈေးကောင်းရရှိနေခြင်းနှင့်အတူ ကျန်သည့်ကုန်သီးနှံများဖြစ်သော အာလူး၊ သခွားသီး၊ ခရမ်းချဉ်၊ မုန်ညင်းဖြူ၊ ငရုတ်၊ ရွှေပဲသီး၊ ဂေါ်ရခါးသီး၊ ခရမ်းသီး၊ ဘိုစားပဲနှင့် ပန်းမုန်လာတို့လည်း ဈေးကောင်းနေကြောင်း၊ လက်ရှိအချိန်တွင် ယင်းဈေးသို့ကုန်မျိုးစုံဝင်ရောက်နေသည့် ယာဉ်များလည်း နေ့စဉ်ပုံမှန် ဝင်ရောက်လျက်ရှိနေကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

■

# ဖျာပုံမြို့နယ်နှင့် အမာမြို့အတွင်းရှိ ကြေးတိုင်အင်းများအတွင်းသို့ ငါးတန်သားပေါက်ကောင်ရေ ခုနစ်သိန်းကျော် ငါးမျိုးစိုက်ထည့်

ဖျာပုံ ဩဂုတ် ၂၁

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ငါးလုပ်ငန်းဦးစီးဌာန ရုံးဆိပ်ကမ်းနှင့် ကြေးတိုင်အင်းများအတွင်း ငါးမျိုးစိုက်ထည့်ခြင်းကို ယနေ့ နံနက်ပိုင်းက ကျင်းပသည်။

ငါးမျိုးစိုက်ထည့်ရာတွင် ဖျာပုံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်လင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်ထားမောင်နှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ဖျာပုံခရိုင် ငါးလုပ်ငန်းဦးစီးမှူးနှင့် ဖျာပုံမြို့နယ်နှင့် အမာမြို့ ငါးလုပ်ငန်းဦးစီးမှူးများနှင့် တာဝန်ရှိသူများက ငါးတန်သားပေါက်ကောင်ရေ ခုနစ်သိန်းလေးသောင်းကျော်အား ဖျာပုံမြစ်အတွင်းနှင့် မြို့နယ်အတွင်းရှိ ကြေးတိုင်အင်းများအတွင်းသို့ လိုက်လံ ငါးမျိုးစိုက်ထည့်ခဲ့ကြကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



## မနက်ဖြန်နံနက်အထိ ခန့်မှန်းချက်

နေပြည်တော် ဩဂုတ် ၂၁

ကချင်ပြည်နယ်တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် အရှေ့ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

မိုး/ဇလ

■ စာမျက်နှာ ၂၃ မှ

ဖြစ်ရေးအတွက် သင်တန်းနည်းပြရွေးချယ်ရေးသည်လည်း အရေးပါပါသည်။ သင်တန်းကိုတာဝန်ယူထားသည့် အဖွဲ့အစည်းမှ အမြဲတမ်းဝန်ထမ်းများ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကျွမ်းကျင်သူများ၊ ပြည်တွင်း၊ ပြည်ပကျွမ်းကျင်ပညာရှင်များ၊ သင်တန်းနည်းပြအဖြစ် ရွေးချယ်လေ့ကျင့်ပေးထားသူများကို သင်တန်းနည်းပြအဖြစ် ရွေးချယ်လေ့ရှိပါသည်။ ထိရောက်သောသင်တန်းတစ်ခုဖြစ်စေရေးအတွက် ကျွမ်းကျင်မှု၊ ကျင့်ဝတ်ဆိုင်ရာ အသိပညာဗဟုသုတကြွယ်ဝမှုနှင့် ခေတ်မီသင်ကြားနည်းစနစ်များကို အသုံးချနိုင်မှုတို့လည်း လိုအပ်ပါသည်။

### စာသိကျင့်သိ

အခြားနိုင်ငံများနည်းတူ မိမိတို့မြန်မာနိုင်ငံသည်လည်း သန့်ရှင်းသောအစိုးရနှင့် ကောင်းမွန်သော အုပ်ချုပ်မှုစနစ်ဖြစ်ပေါ်လာရေးအတွက် အားသွန်ခွန်စိုက် နည်းလမ်းပေါင်းစုံဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ ကောင်းမွန်သောအုပ်ချုပ်မှုစနစ်ပေါ်ပေါက်လာရေးအတွက် ပြည်သူများ၏ ပူးပေါင်းပါဝင်မှုမှာ အရေးပါသကဲ့သို့ နိုင်ငံ့ဝန်ထမ်းများ၏ အခန်းကဏ္ဍမှာလည်း အရေးကြီးပါသည်။ နိုင်ငံ့ဝန်ထမ်းများ၏ စည်းကမ်းလိုက်နာမှု၊ ဖြောင့်မတ်တည်ကြည်မှုရှိမှုနှင့် ကျင့်ဝတ်စောင့်ထိန်းမှုတို့မှ လမ်းချော်လွဲမှားစေသည့် အဓိကအချက်မှာ အဂတိလိုက်စားမှုပင်ဖြစ်သည်။ နိုင်ငံ့ဝန်ထမ်းများ အဂတိလိုက်စားမှုများကြောင့် နိုင်ငံတော်ပိုင်ငွေကြေးနှင့် ပစ္စည်းဥစ္စာဆုံးရှုံး၍ အုပ်ချုပ်မှုလုပ်ငန်းစဉ်များ လျော့ရဲလာကာ အစိုးရအပြောင်းအလဲဖြစ်သည်အထိ သက်ရောက်မှုရှိသည့်နိုင်ငံများကို မြင်တွေ့နိုင်ပါသည်။ နိုင်ငံ့ဝန်ထမ်းများသည် သတ်မှတ်ထားသော စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်း၊ ကျင့်ဝတ်များနှင့်အညီ လိုက်နာဆောင်ရွက်ပါက ပြည်သူများ၏ယုံကြည်မှုကိုရရှိပြီး ကောင်းမွန်သောအုပ်ချုပ်မှုစနစ်ကို ဖြစ်ပေါ်စေကာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။ နိုင်ငံ့ဝန်ထမ်းများ ဖြောင့်မတ်တည်ကြည်မှုရှိစေရေးနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးတို့တွင် ပူးပေါင်းပါဝင်လာစေရေးအတွက် ထုတ်ပြန်ပြဋ္ဌာန်းထားသော ကျင့်ဝတ်များသည်သာမက ကျင့်ဝတ်ဆိုင်ရာ သင်တန်းများသည်လည်း အရေးပါသောအခန်းကဏ္ဍတစ်ခုဖြစ်ကြောင်း လေ့လာတင်ပြအပ်ပါသည်။ ။

**ကိုးကား-**

**Ethics Training for Public Officials (OECD)**

**www.accm.gov.mm**

## "အဂတိပယ်ခွာ ပြည်သာယာ"

Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်သိန်းဆိုင်၏ ရေနံ့သာခင်ခင်ကြီး အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




**၁၉-၈-၂၀၂၂ ရက်နေ့မှအဆက်**

မျိုးထွန်းသိန်းတို့ ဆေးရုံသို့ရောက်လာချိန် နန်းကိန္နရီမရှိတော့။ ထို့ကြောင့် နေရာအနှံ့အပြားသို့ လိုက်လံရှာဖွေခဲ့ကြသည်။ ဦးမြတ်စံ၏အိမ်သို့ ရောက်သည်။ နန်းကိန္နရီက ပုန်းကွယ်နေသည်။ မရှိဟု ပြောလွှတ်လိုက်သည်။ သူတို့သည် တပ်ခေါက်ပြန်သွားကာ ကိုငှက်ရိုး၏အိမ်၊ ကိုကျော့မောင်၏အိမ်များသို့ ဆက်လက်ရှာဖွေကြသည်။ မည်သည့်နေရာတွင်မှ မတွေ့ရဘဲ ရှိခဲ့သည်။ သို့ဖြင့် အတန်ကြာမျှ နန်းကိန္နရီ ပျောက်နေခဲ့သည်။

နန်းကိန္နရီကို ပြန်တွေ့ရခြင်းမှာ ကိုငှက်ရိုးကြောင့်ဖြစ်သည်။ ဦးမြတ်စံက အငြိမ့်အဖွဲ့ကို ပြန်လည်တည်ထောင်ရန် လူဟောင်းများအား လိုက်ရှာသည်။ ကိုငှက်ရိုးထံ ရောက်လာသည်။ သည်လိုဖြင့် ဒုတိယအကြိမ် ပြန်လည်ဖွဲ့စည်းသော အငြိမ့်အဖွဲ့တွင် ကိုငှက်ရိုး အလုပ်လုပ်ရန် လက်ခံလိုက်သည်။ ဦးမြတ်စံက နန်းကိန္နရီ အငြိမ့်ပြန်ကမည့်အကြောင်းကို အဖွဲ့သားများမှအပ မည်သူမျှ အသိမခံဘဲ လျှို့ဝှက်ထားသည်။ သို့တိုင်အောင် ကိုငှက်ရိုးဆိုသည်က မည်သည့်အခါကမျှ နှုတ်လုံသူမဟုတ်။ အရက်ကလေးထွေလာပြီဆိုလျှင် တစ်နည်းမဟုတ်တစ်နည်းဖြင့် လျှို့ဝှက်ချက်များ ပေါက်ကြားတတ်မြဲပင်။

ကိုငှက်ရိုးထံမှ ကိုကျော့မောင်ထံ ရောက်သည်။ ကိုကျော့မောင်မှ မျိုးထွန်းသိန်းထံ ရောက်သည်။ မကြာမီ နန်းကိန္နရီအား မျိုးထွန်းသိန်း လာရောက်ခေါ်ငင်သွားကြောင်း သိရသည်။ အငြိမ့်အဖွဲ့လည်း ပျက်ရပြန်ချေသည်။

နန်းကိန္နရီသည် "ရေနံ့သာ" သို့ကား မပြန်တော့ပေ။ တတ်နိုင်သမျှ ရေနံ့သာနှင့် ကင်းကွာစွာနေနိုင်ရန် ကြိုးစားသည်။ သို့လင့်ကစား မျိုးထွန်းသိန်းက ရေနံ့သာနှင့် အဆက်မပြတ်သာအောင် ဖြစ်နေသည်။ ဒေါ်ရေနံ့သာခင်ခင်ကြီးကိစ္စ၊ နွယ်နွယ်ထွန်းကိစ္စ စသည်ဖြင့် သံယောဇဉ် အမျှင်တန်းဖွယ်ရာများ ရှိနေသည်။ နန်းကိန္နရီသည်လည်း သည်အထဲမှာ တစ်နည်းမဟုတ် တစ်နည်း၊ တစ်ကြောင်းမဟုတ် တစ်ကြောင်း ပါဝင်ပတ်သက်နေရပြန်လေသည်။

သည်မှာ အတိတ်ကို ပြန်လည်တမ်းဆွတ်နေရသူများနှင့် အတိတ်ကို တတ်နိုင်သမျှ မေ့ပျောက်ထားကာ ပစ္စုပ္ပန်မှသာ ဘဝကို ပြန်စလိုသူများဟူ၍ အမျိုးအစား နှစ်ပိုင်းကွဲလာသည်။ ဒေါ်ရေနံ့သာခင်ခင်ကြီး၊ နန်းကိန္နရီတို့မှာ အတိတ်ကို ပြန်လည်တမ်းဆွတ်နေလိုကြသူများ မဟုတ်ကြ။ တတ်နိုင်သမျှ မေ့ပျောက်ထားလိုကြသည်။ ပစ္စုပ္ပန်မှနေ၍ ဘဝကို အစပြုလိုသူများ ဖြစ်ကြသည်။ ဖြစ်မည်ဆိုလျှင် အနာဂတ်ကိုသာ တမ်းတကြသည်။ အနာဂတ်ကိုသာ ကိုးကွယ်လိုကြသည်။

ဗိုလ်မှူးညိုထွန်းနှင့် နွယ်နွယ်ထွန်းတို့ကား ယင်းသို့မဟုတ်။ သူတို့သည် ပစ္စုပ္ပန်ထက် အတိတ်ကို ပြန်လည်တမ်းဆွတ်နေကြသူများ ဖြစ်သည်။ အတိတ်နှင့်ပတ်သက်ကာ အိပ်မက်မက်၍ မဆုံးကြသေး။ အတိတ်သည် သူတို့ကို စိုးမိုးနေဆဲ ရှိသည်ပင်ဖြစ်သည်။

နန်းကိန္နရီအနေနှင့် ရေနံ့သာအား ပြတ်ပြတ်တောက်တောက် ပြုနိုင်ခဲ့စေကာမူ ရေနံ့သာသည် နန်းကိန္နရီအား ပြတ်ပြတ်တောက်တောက် မပြုနိုင်ခဲ့ပေ။ ရေနံ့သာမိသားစုအပေါ် ရက်စက်ယုတ်မာခဲ့သော ဦးကောင်းမိုး၏သမီးဖြစ်သည် ဆိုစေကာမူ အားလုံးက အာဃာတမထားကြ၊ ခွင့်လွှတ်ကြသည်။ စင်စစ် ယင်းအဖြစ်တို့မှာလည်း နန်းကိန္နရီနှင့် ကင်းရှင်းသည်ပင် ဖြစ်သည်။ နန်းကိန္နရီသည် အပြစ်တစ်စုံတစ်ရာပြုခဲ့သည်လည်း မဟုတ်။ အားလုံးကပင် နန်းကိန္နရီကို ချစ်ခင်ရင်းစွဲရှိခဲ့သည်။ အသနားပိုခဲ့ကြသည်။ နန်းကိန္နရီ ဆေးရုံမှဆင်းကာ ပျောက်ကွယ်နေစဉ်က ဦးခင်မောင်ညွန့်နှင့် ဒေါ်ဝင်းရီတို့ကိုယ်တိုင် သတင်းစာများမှ ကြော်ငြာခေါ်ယူခြင်းပြုခဲ့ကြပေသေးသည်။ နန်းကိန္နရီက စိမ်းလိုသော်လည်း သူတို့က မစိမ်းကြပေ။

ကိုကိုဦး မွေးဖွားမည့်နေ့ကဆိုလျှင် ဆေးရုံသို့ ရေနံ့သာတစ်အိမ်သားလုံး ရောက်လာကြသည်။ သားဦးဖြစ်၍လည်းကောင်း၊ ကလေးက ထွားလွန်းနေ၍လည်းကောင်း မွေးဖွားရာတွင် အတော်ချည်း အခက်အခဲနှင့်ကြုံရသည်။ နွယ်နွယ်ထွန်းကိုယ်တိုင် နန်းကိန္နရီကို ဗိုက်ခွဲ၍ မွေးဖွားပေးရသည်။ သည်စဉ်က ဒေါ်ရေနံ့သာခင်ခင်ကြီးသည် နန်းကိန္နရီ၏ ခေါင်းရင်းမှနေကာ အင်္ဂုလိမာလသုတ်ကို ရွတ်ဆိုပေးခဲ့လေသည်။

နန်းကိန္နရီ ဆေးရုံမှဆင်းသည့်နေ့က ဒေါ်ရေနံ့သာခင်ခင်ကြီးကိုယ်တိုင် ကားဖြင့် အိမ်သို့လိုက်ပို့ပေးသည်။ တစ်ဆက်တည်းမှာပင် ရေနံ့သာ၌ နန်းကိန္နရီ နေစဉ်က ဝတ်ခဲ့သော လက်ဝတ်လက်စားများ၊ အဝတ်အထည်များကို ပြန်ပေးသည်။ ကလေးအတွက် ငွေစုလက်မှတ်တစ်သောင်းဖိုး ဝယ်ပေးခဲ့သည်။ ကလေးကိုလည်း သူကိုယ်တိုင် အမည်ပေးသည်။ ယခင်က သမီးအရင်းအထင်နှင့် ချစ်ခဲ့သည်။ ယခုအခါ သမီးအရင်းကို တကယ်တမ်း ပြန်ရပြီဖြစ်၍ အချစ်လျော့ပါးသွားဖွယ်ရာသာ ရှိခဲ့သည်။ သို့သော် ဒေါ်ရေနံ့သာခင်ခင်ကြီး အနေနှင့် နန်းကိန္နရီအပေါ် ဝတ္တရားကျေခဲ့သည်ကား အမှန်ပင်။

ဒေါ်ရေနံ့သာခင်ခင်ကြီးက ကလေးကို "ကိုကိုဦး" ဟု အမည်ပေးခြင်းနှင့် စပ်လျဉ်း၍ နောက်ပိုင်း၌ အမျိုးမျိုး ပြောဖြစ်ခဲ့ကြသည်။ ကိုမောင်မောင်ဦးကို အစွဲအလမ်းမပျောက်သေး၍ သည်အမည်ပေးသည်လည်း ဖြစ်ကောင်းဖြစ်နိုင်သည်။ အခြားအကြောင်း တစ်ခုလည်း ရှိနေသည် အမှန်ပင်။

မည်သို့ပင်ဆိုစေ နေရာတကာ၌ ရှေးအယူအဆ အစွဲအလမ်းတို့ အနည်းနှင့် အများဆိုသလို လက်ခံကြဆဲပင် ဖြစ်သည်။ ရေနံနှင့်ပတ်သက်လာလျှင် တွင်းရိုးတွင်းစားဟူသော အယူအဆ အစွဲအလမ်းကို ထားချင်ဆဲပင် ရှိကြသည်။ တွင်းရိုးတွင်းစား အနွယ်တို့အထဲ၌ ယင်းသို့သော အယူအဆမျိုးကို ယခုတိုင် လက်ခံထားချင်သူတို့ ဒုနှင့်ဒေး ရှိသေးသည်။

ဘီ၊ အို၊ စီ အပါအဝင် တွင်းရိုးတွင်းစားတို့၏ ရေနံတွင်းဟူသမျှကို ပြည်သူပိုင် ပြုလုပ်လိုက်ပြီးနောက် တွင်းရိုး တွင်းစားဟူသော ဝေါဟာရမှာ များစွာ အဓိပ္ပာယ်မသက်ရောက်နိုင်တော့ချေ။ ရေနံတွင်းဟူသမျှကို ပြည်သူများကသာ ပိုင်သည်။ ရေနံသည် ပုဂ္ဂလိက ခံစားရသည့်အရာမဟုတ်တော့။ အများပြည်သူအတွက် ဖြစ်ရပေမည်။

သို့တိုင်အောင် "ချောင်းရိုး မြောင်းရိုးသာ တိမ်ကောရိုးထုံးစံရှိသည်။ လူ၏မျိုးရိုးကား တိမ်ကောရိုး မရှိ" ဟု မှတ်ယူကာ မျိုးရိုးစွဲရှိသူတို့က ရှိနေကြဆဲ။ သို့ဖြင့် ကိုကိုဦးကလေးကို ဆွေမျိုးစပ်သူက စပ်ဆဲဖြစ်သည်။

ဒေါ်ရေနံ့သာခင်ခင်ကြီးနှင့်ပတ်သက်၍ ပြောရလျှင် မျိုးရိုးစဉ်ဆက်နှင့် အမွေဆက်ခံခွင့် ဥပဒေသအရ ဒေါ်ရေနံ့သာခင်ခင်ကြီးတို့ မျိုးရိုးမှာ တွင်းရိုးမျိုးဖြစ်သည့်ပြင် မိန်းမတွင်းရိုးမျိုးဖြစ်သည့်အတွက် အကယ်၍ သမီးမိန်းမ မဟုတ်ဘဲ သားယောကျ်ားကလေးဖြစ်ခဲ့ပါလျှင် တွင်းရိုးမဖြစ်ဘဲ တွင်းစားသာ ဖြစ်ရချေမည်။ အကြောင်းမူ မိန်းမတွင်းရိုးမျိုး၌ သားယောကျ်ားသည် တွင်းရိုးမဖြစ်နိုင်သောကြောင့် ကိုမောင်မောင်ဦးသည်လည်း တွင်းရိုးမျိုးပင်ဖြစ်သည်။ ဦးကောင်းမိုး၏အမွေကို သူဆက်ခံခဲ့သည်။ သို့သော် သူတို့က ယောကျ်ားတွင်းရိုးမျိုး။ ထို့ကြောင့် နွယ်နွယ်ထွန်းသည် ကိုမောင်မောင်ဦးတို့မျိုးရိုးအရ တွင်းရိုးမဖြစ်နိုင်ဘဲ တွင်းစားသာ ဖြစ်သည်။ ဒေါ်ရေနံ့သာခင်ခင်ကြီးနှင့် ဆက်နွယ်လိုက်မှသာ တွင်းရိုးမျိုးဖြစ်လာသည်။ ရေနံတွင်းများကို ဆက်လက်ပိုင်ဆိုင်ခွင့်ရှိနေဦးမည်ဆိုလျှင် နွယ်နွယ်ထွန်းသည် ဒေါ်ရေနံ့သာခင်ခင်ကြီး၏ အမွေခံသမီးဦး ဖြစ်နိုင်သည်။ တွင်းရိုး ဖြစ်နိုင်သည်။

တွင်းရိုးမျိုး ဦးကောင်းမိုးသည် မခင်သန်းနွဲ့အား ယူခဲ့သည်။ မခင်သန်းနွဲ့မှ နန်းကိန္နရီကို မွေးဖွားခဲ့သည်။ နန်းကိန္နရီသည် တွင်းရိုးတော့ မဖြစ်ပေ။ ဦးကောင်းမိုး၏သားဦးမောင်မောင်ဦးသည်သာလျှင် တွင်းရိုးဖြစ်နိုင်ခဲ့သည်။ နန်းကိန္နရီသည် တွင်းစားတော့ ဖြစ်နိုင်ပေသည်။ ထို့ကြောင့် နန်းကိန္နရီ၏ ရင်သွေးဖြစ်သော ကိုကိုဦးမှာ အနည်းဆုံး တွင်းစားအဆင့်၌ ရှိသည်။ ဒေါ်ရေနံ့သာခင်ခင်ကြီးအနေနှင့် သည်မျိုးရိုးကပေးလေ့ရှိသော အညွှန့်အဖူး အမည်တစ်ခုကို နန်းကိန္နရီ၏သားဦးအား ပေးခဲ့ခြင်းဖြစ်သည်။ မည်သို့ဆိုစေ၊ ဆွေမျိုးစပ်ရမည်ဆိုပါက နန်းကိန္နရီသည် ဒေါ်ရေနံ့သာခင်ခင်ကြီး၏ ယောင်းမတော်သည်။ ကိုကိုဦးသည် သူ၏တူတော်နေပြန်ပေသည်။ ကိုကိုဦးမှာ နွယ်နွယ်ထွန်းနှင့်ဆိုလျှင် မောင်နှမဝမ်းကွဲ ဖြစ်လေသည်။ ထို့ကြောင့်လည်း ကိုကိုဦးဟူသည်မှာ အခြားအရာများထက် တွင်းရိုးတွင်းစား အငွေ့အသက်ပါလိုသော သဘောကို နွယ်၍ပေးခဲ့သောအမည်ဖြစ်ကြောင်း ထင်ရှားနေသည်။

မျိုးထွန်းသိန်းနှင့် နန်းကိန္နရီတို့အတွက် သည်ကလေးသည် ပထမနှင့် နောက်ဆုံးရရှိသော ကလေးဖြစ်သည်။ သူ့ကိုမွေးဖွားစဉ်က များစွာခက်ခဲရုံမက မိခင်၏အသက်ကိုပင် ရန်ရှာမတတ်ဖြစ်ခဲ့သည်။ နန်းကိန္နရီ၌ ရောဂါခံရှိသည်။ ငယ်စဉ်က ဦးခေါင်း၌ ထိခိုက်ဒဏ်ရာရခဲ့ခြင်း၊ အငြိမ့်ကစဉ်က ပင်ပန်းခဲ့ခြင်း၊ ကားမှောက်စဉ်က ဒဏ်ရာပြင်းစွာရခဲ့ခြင်းတို့ကြောင့် နန်းကိန္နရီသည် နောက်တစ်ကြိမ် သားသမီးမွေးရန် မသင့်တော်တော့ကြောင်း တွေ့ရသည်။ သို့ဖြင့် မျိုးထွန်းသိန်းနှင့် တိုင်ပင်ကာ နောက်တစ်ကြိမ် သားသမီးမရစေရန် နန်းကိန္နရီအား ခွဲစိတ်ကုသပေးခဲ့ရလေသည်။

ဒေါ်ရေနံ့သာခင်ခင်ကြီးမှာ ကိုကိုဦးအား တူတော်သည်ဆိုစေကာမူ မြေးအရွယ်ဖြစ်၍ မြေးသဖွယ်ချစ်သည်။ ကလေး၏ နောင်ရေးနောင်တာကိုပါ ထည့်သွင်းစဉ်းစားကာ ငွေစုလက်မှတ် တစ်သောင်းဖိုး ဝယ်ပေးခဲ့ခြင်းဖြစ်သည်။ ယင်းငွေနှင့် နှစ်စဉ်တိုးနေမည့်အတိုးကို ကိုကိုဦး ဆယ့်ရှစ်နှစ်သားအရွယ်၌ ထုတ်ယူသုံးစွဲနိုင်မည်ဖြစ်သည်။

တစ်နည်းအားဖြင့်ဆိုရလျှင်လည်း နွယ်နွယ်ထွန်းသည်လည်းကောင်း၊ နန်းကိန္နရီသည်လည်းကောင်း ငယ်စဉ်က ကစဉ့်ကရဲဆန်ခဲ့သည်ဟု ထင်သည်။ နွယ်နွယ်ထွန်းနှင့် နန်းကိန္နရီတို့ ကြုံဆုံရသောဘဝမျိုးကို မည်သူမျှ မခံစားရစေချင်။ ကိုကိုဦးကို ယင်းဒုက္ခတို့မှ လွန်မြောက်ကျော်လွှားစေနိုင်ရန် ဆန္ဒပြုလျက် ရက်ရောစွာ ပေးကမ်းခဲ့ခြင်းလည်း ဖြစ်သည်။

နန်းကိန္နရီအဖို့ သည်ကမ္ဘာမှာ သည်လင်နှင့် သည်သားသာလျှင် တွယ်တာဖွယ်ရာ ရှိသည်ဟု ထင်သည်။ လင်ကိုမြတ်နိုးသလို၊ သားကိုမြတ်နိုးသည်။ လင်ကိုချစ်သလို သားကိုချစ်သည်။ သည်လင်နှင့် သည်သားသာလျှင် မိမိ၏ဘဝဟု မှတ်ထင်သည်။

သား၏မျက်နှာကိုမြင်နေရလျှင် အရာရာကို မေ့မိသည်ပင်။ မျိုးထွန်းသိန်းသည် သူ့အတွက် လင်ကောင်းတစ်ယောက် ဖြစ်သည်သာမက မိတ်ဆွေကောင်းလည်း ပီသသည်။ သို့လင့်ကစား အတိတ်တစ္ဆေခြောက်လှန့်ခြင်းမှ သူက ကာကွယ်ပေးနိုင်စွမ်း နည်းပါးသည်။ အတိတ်ကို တွေးလိုက်မိလေတိုင်း နန်းကိန္နရီ၏ရင်မှာ ကျင်ခနဲ နာရမြဲဖြစ်သည်။

**ဆက်လက်ဖော်ပြပါမည်။**

**" အတိတ်ကို ပြန်လည်တမ်းဆွတ်နေရသူများနှင့်**
**အတိတ်ကို တတ်နိုင်သမျှ မေ့ပျောက်ထားကာ**
**ပစ္စုပ္ပန်မှသာ ဘဝကိုပြန်စလိုသူများဟူ၍ အမျိုးအစားနှစ်ပိုင်းကွဲလာသည်။**
**ဒေါ်ရေနံ့သာခင်ခင်ကြီး၊ နန်းကိန္နရီတို့မှာ**
**အတိတ်ကို ပြန်လည်တမ်းဆွတ်နေလိုကြသူများ မဟုတ်ကြ။**
**ပစ္စုပ္ပန်မှနေ၍ ဘဝကို အစပြုလိုသူများ ဖြစ်ကြသည်။**
**အနာဂတ်ကိုသာ ကိုးကွယ်လိုကြသည်။**
**ဗိုလ်မှူးညိုထွန်းနှင့် နွယ်နွယ်ထွန်းတို့ကား ယင်းသို့မဟုတ်။**
**သူတို့သည် ပစ္စုပ္ပန်ထက် အတိတ်ကို ပြန်လည် . . . "**

ဆရာမောင်သိန်းဆိုင်၏ "ရေနံ့သာ ခင်ခင်ကြီး" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ **စာတည်း**



# ပြည်နယ်နှင့် တိုင်းဒေသကြီး ကြက်တောင်ရိုက်ပြိုင်ပွဲများ ဆက်လက်ကျင်းပ

**ရန်ကုန် ဩဂုတ် ၂၁**

၂၀၂၂ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ကြက်တောင်ရိုက်ပြိုင်ပွဲများကို ယနေ့ နံနက် ၉ နာရီက ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ် ကျုံးကြီးလမ်းရှိ အမျိုးသားကြက်တောင်အားကစားခန်းမ၌ ဆက်လက်ကျင်းပသည်။

အကြိုဗိုလ်လုပွဲများအပြီးတွင် ဗိုလ်လုပွဲပြိုင်ပွဲများသို့ အမျိုးသားအသင်းလိုက်ပြိုင်ပွဲ၌ မန္တလေးတိုင်းဒေသကြီးအသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်း၊ အမျိုးသား တစ်ဦးချင်းပြိုင်ပွဲတွင် ဟိန်းထွဋ်(ရန်ကုန်တိုင်းဒေသကြီး)နှင့် ရဲမင်းလွင်(ရှမ်းပြည်နယ်) တို့ တက်ရောက်သွားသည်။ ထို့နောက်အမျိုးသား နှစ်ယောက်တွဲ ဗိုလ်လုပွဲ ပွဲစဉ်တွင် သူရိန် + မိုးသော်ထင် (ရန်ကုန်တိုင်းဒေသကြီး)က ပထမ၊ ခန့်သူနှင့် ဘုန်းထက်ဇော် (ရန်ကုန်တိုင်းဒေသကြီး)က ဒုတိယ၊ စိုင်းမင်းခန့်+ ကောင်းပိုင်မင်းခန့် (ရှမ်းပြည်နယ်) နှင့် ပြည့်စုံထွန်း+ကျော်ကျော်ဟန်(ရှမ်းပြည်နယ်)တို့က ပူးတွဲတတိယ အသီးသီးရရှိခဲ့ကြသည်။

အမျိုးသမီးအသင်းလိုက် ဗိုလ်လုပွဲပြိုင်ပွဲများသို့ ရှမ်းပြည်နယ်အသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်း၊ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲတွင် ဆုလာဒ်(ရန်ကုန်တိုင်းဒေသကြီး)နှင့် ငါးမြှာ(ကယားပြည်နယ်)တို့ တက်ရောက်သွားပြီး အမျိုးသမီး နှစ်ယောက်တွဲပြိုင်ပွဲတွင် မေမြတ်စိုး+ဝေဝေ(ရန်ကုန်တိုင်းဒေသကြီး)က ပထမ၊ ထူးခင်ခင်+ဂျူလိုင်ထွန်း(ရန်ကုန်တိုင်းဒေသကြီး)က ဒုတိယ၊ လင်းသီရိဟန်+ အိမ့်မှူးစံ (ပဲခူးတိုင်းဒေသကြီး)နှင့် ယွန်းသက်ထားမောင် + ခိုင်သဇင်ဖူးဝေ (မန္တလေးတိုင်းဒေသကြီး)တို့က ပူးတွဲတတိယ ရရှိသွားကြသည်။

**ဗလစိုး**

# နိုင်ဇင်ထက်၏ ဟက်ထရစ်ဖြင့် မြဝတီအသင်း အနိုင်ရ

**ရန်ကုန် ဩဂုတ် ၂၁**

၂၀၂၂ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၉) ဒုတိယနေ့ကို ဩဂုတ် ၂၁ ရက်က သုဝဏ္ဏကွင်း၌ ဆက်လက်ကျင်းပရာ မြဝတီအသင်းက ရောဝတီအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

**ဟက်ထရစ်ဖြင့်အနိုင်ရ**

ယခုရာသီတွင် ခြေစွမ်းပြနေသည့် မြဝတီအသင်းသည် ရောဝတီကို အနိုင်ယူကာ ပထမအကျော့အပြီးတွင် တတိယနေရာရယူနိုင်ရန် သေချာသွားခဲ့ပြီး ရန်ကုန်အသင်း ခြေချော်ပါက ဒုတိယနေရာတွင် ရပ်တည်နိုင်မည်ဖြစ်သည်။ မြဝတီအသင်းသည် ပွဲအစ ၁၂ မိနစ်အတွင်း နှစ်ဂိုးရခဲ့သဖြင့် ပွဲကိုဦးဆောင်နိုင်ခဲ့သလို နိုင်ဇင်ထက်၏ ဟက်ထရစ်ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ရောဝတီအသင်းသည် ယခုပွဲ အနိုင်ရပါက အမှတ်ပေးဇယား တတိယနေရာတွင် ရပ်တည်နိုင်မည်ဖြစ်သော်လည်း ရှုံးပွဲကြုံတွေ့ခဲ့ခြင်းဖြစ်သည်။



ရောဝတီနှင့် မြဝတီအသင်းတို့ ယှဉ်ပြိုင်စဉ်။

ရောဝတီအသင်းသည် အမာခံကစားသမားအစုံအလင်ဖြင့် ပွဲထွက်ခဲ့သလို မြဝတီအသင်းကလည်း လူစုံအသုံးပြုခဲ့သည်။ ပွဲအစပိုင်းတွင် ရောဝတီအသင်း အထနှေးမှုကို အခွင့်ကောင်းယူကာ မြဝတီအသင်းက တိုက်စစ်မြှင့်ကစားခဲ့ပြီး ၄၊ ၁၂ မိနစ်တွင် နိုင်ဇင်ထက်က နှစ်ဂိုးဆက်သွင်းယူခဲ့သည်။ နှစ်ဂိုးဆက်ပေးလိုက်ရသောကြောင့် ရောဝတီအသင်း ချေပဂိုးပြန်ရရန် ကြိုးပမ်းလာပြီး ၂၁ မိနစ်တွင် နောက်ခံလူ ဇော်လင်းက ချေပဂိုးတစ်ဂိုး ပြန်သွင်းခဲ့သည်။

ယင်းနောက်ပိုင်းတွင် ရောဝတီအသင်းက ချေပဂိုးထပ်ရရန် ကြိုးပမ်းလာသလို မြဝတီအသင်းကလည်း ဂိုးထပ်မံရရှိရေး ကြိုးပမ်းခဲ့သည်။ ၅၅ မိနစ်တွင် နိုင်ဇင်ထက်က ၎င်းအတွက် ဟက်ထရစ်နှင့် မြဝတီအသင်းအတွက် တတိယဂိုး သွင်းယူခဲ့သည်။ ရောဝတီအသင်းသည် ချေပဂိုးရရန် တောက်လျှောက်ကြိုးပမ်းခဲ့သော်လည်း မြဝတီဂိုးသမား ထွန်းနန္ဒဦး လက်စွမ်းပြ ကာကွယ်နိုင်ခဲ့သဖြင့် ရောဝတီအသင်း ဂိုးထပ်မရခဲ့ခြင်းဖြစ်သည်။

ပထမအကျော့ပွဲအားလုံး ယှဉ်ပြိုင်အပြီးတွင် မြဝတီအသင်းက ကိုးပွဲကစား ခြောက်ပွဲနိုင်၊ သုံးပွဲရှုံး၊ ရမှတ် ၁၈ မှတ်၊ ရောဝတီအသင်းက ကိုးပွဲကစား လေးပွဲနိုင်၊ နှစ်ပွဲသရေ၊ သုံးပွဲရှုံး၊ ရမှတ် ၁၄ မှတ် ရရှိခဲ့သည်။ ပွဲစဉ် (၉) တတိယနေ့ကို ဩဂုတ် ၂၂ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး ရခိုင်ယူနိုက်တက်အသင်းနှင့် မဟာယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း - ကိုညီလေး**
**ဓာတ်ပုံ - MNL**

# အားကစားမြင့်တင် စိတ်လန်းရွှင် ဆန့်ကျင် မူးယစ်ဆေး

# ရွှေစက်တော် ဘေးမဲ့တောဥယျာဉ်တွင် ရှားပါးမျိုးစိတ် စာရင်းဝင် မြန်မာ့ကြယ်လိပ် ၂၀၇၂ ကောင်အထိ ပေါက်ဖွားလျက်ရှိ

**မင်းဘူး ဩဂုတ် ၂၁**

မကွေးတိုင်းဒေသကြီး မင်းဘူး (စကု)မြို့နယ် ရွှေစက်တော်ဘေးမဲ့တောဥယျာဉ်ရှိ ရှားပါးမျိုးစိတ် စာရင်းဝင် မြန်မာ့ကြယ်လိပ်များ ၂၀၇၂ ကောင်အထိ မျိုးပွား၍ ပေါက်ဖွားလာကြောင်း ရွှေစက်တော် ဘေးမဲ့တောဥယျာဉ် သဘာဝဝန်းကျင်နှင့် သားငှက်တိရစ္ဆာန် ထိန်းသိမ်းရေးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ဆန်းထံမှ သိရသည်။

**၂၀၇၂ ကောင် ပေါက်ဖွား**

ရွှေစက်တော် ဘေးမဲ့တောရှိ ကြယ်လိပ်များသည် မြန်မာနိုင်ငံ အလယ်ပိုင်း အပူပိုင်းဒေသတွင်သာ တွေ့ရသော ဒေသရင်းဖွား မျိုးစိတ်ဖြစ်သည်။ မြန်မာ့ကြယ်လိပ်(ခ)ပင့်ကူလိပ် Burmese Star Tortoise များ မျိုးသုဉ်း ပျောက်ကွယ်မည့် အန္တရာယ်မှ ကာကွယ်နိုင်ရန် မန္တလေးရတနာပုံဥယျာဉ်၊ လောကနန္ဒာ ဘေးမဲ့တော၊ မင်းစုံတောင် ဘေးမဲ့တော၊ ရွှေစက်တော် ဘေးမဲ့တော တို့တွင် ခြံခတ်မွေးမြူခြင်းကို သစ်တောဦးစီးဌာန၊ သားငှက်တိရစ္ဆာန်အဖွဲ့နှင့် လိပ်မျိုး ရှင်သန်ရေးအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်ခဲ့ကြပြီး ၂၀၁၄ ခုနှစ်တွင် ၂၉၇ ကောင်မှ ယခုအချိန်တွင် ၂၀၇၂ ကောင်အထိ မျိုးပွားကာ ပေါက်ဖွားလျက်ရှိသည်။



ကြယ်လိပ်များကို ကျေးလက်တောရွာများတွင် နေထိုင်ကြသူများက စားသုံးရန် အမဲလိုက်ခွေးများ အသုံးပြု၍ ရှာဖွေဖမ်းဆီး သတ်ဖြတ်ခြင်း၊ လူချမ်းသာများက ကြယ်လိပ်များကို အိမ်အလှမွေးတိရစ္ဆာန်အဖြစ် တွင်ကျယ်စွာမွေးမြူလာခြင်းတို့ကြောင့် တရားမဝင် ရောင်းဝယ်မှုများရှိခြင်း၊ လိပ်များ ကျက်စားသည့် နယ်မြေရှိ သစ်တော၊ သစ်ပင်များကို ခုတ်ထွင်ရှင်းလင်း၍ စိုက်ပျိုးမြေ ပြုလုပ်လာခြင်းတို့ကြောင့် ကြယ်လိပ်များ မျိုးသုဉ်း၍ ရှားပါးလာခဲ့သည်။ ထို့ကြောင့် မျိုးသုဉ်းပျောက်ကွယ်မည့် အန္တရာယ်မှ ကာကွယ်နိုင်ရန် ခြံခတ်၍ မွေးမြူလာခဲ့ခြင်းဖြစ်သည်။

ကြယ်လိပ်များသည် စက်တင်ဘာလနှောင်းပိုင်းမှ မေလအထိ ဥများ ဥချလေ့ရှိပြီး တစ်ခါဥလျှင် ၁၁ လုံးအထိ ဥ၍၊ တစ်နှစ်လျှင် သုံးလေးကြိမ် ဥသည်။ ဇွန်၊ ဇူလိုင်လတို့တွင် အကောင်ပေါက်လေ့ရှိကြကာ ဩဂုတ်လအထိ မပေါက်သော ဥများမှာ ပျက်စီးကြသည်။ ရွှေစက်တော် တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောသည် အပူချိန်မြင့်မားသည့်အပြင် သဲမြေများ ဖြစ်သောကြောင့် အကောင်ပေါက်ပွားနှုန်း ၅၀ မှ ၇၀ ရာခိုင်နှုန်းအတွင်းသာ အကောင်ပေါက်ကြသည်။ လိပ်သားပေါက်များသည် ပုံမှန်အစာစားကြသော်လည်း ခန္ဓာကိုယ် အလေးချိန်လျော့ကျပါက သန်ကျဆေး တိုက်ကျွေးရသည်။ ရေဓာတ်ခန်းခြောက်လျှင် ဆီးအိတ်တွင် ကျောက်တည်ပြီး နှာရည်ယိုခြင်း၊ ခေါင်းပြန်မသိမ်းနိုင်ခြင်း၊ အစာမစားခြင်း၊ မျက်လုံးရောင်ခြင်း၊ ပါးစပ်ဟခြင်းတို့ ဖြစ်လာပါက တိ/ကု ဆရာဝန်ဖြင့် ပြသရသည်။ ကြယ်လိပ်များကို ကန်စွန်းရွက်၊ ဘူးသီး၊ ဂေါ်ဖီ၊ ဖရဲသီး၊ ပေါက်ပေါက်စသည့် အစာများ ကျွေးမွေးနိုင်သည်။

**မျိုးဆက်ပျက်သုဉ်းမည့်အန္တရာယ်ရှိလာ**

ယခင်နှစ်များက မန်းရွှေစက်တော် ပွဲတော်ချိန်တွင် ဘုရားဖူးလာပြည်သူများ ကြယ်လိပ်များကို လေ့လာနိုင်စေရန် ပြခန်းရှိ ခြံလှောင်အိမ်ထဲ၌ သဘာဝကျောက်တုံး ကျောက်ဆောင်ငယ်များ ပြုလုပ်ကာ မွေးမြူ၍ ပြသခဲ့သေးသည်။ ရွှေစက်တော် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောတွင် ဥယျာဉ်၌ နို့တိုက်သတ္တဝါ ၁၄ မျိုး၊ ကုန်းနေရေနေသတ္တဝါ ၄၃ မျိုး၊ လိပ်ပြာမျိုးစိတ် ၃၉ မျိုး၊ ငါးမျိုးစိတ် ၂၂ မျိုး၊ ငှက်မျိုးစိတ် ၁၁၃ မျိုး တွေ့ရှိနိုင်သည့်အပြင် ဓေ့ငှက်၊ နဖားကြူးငှက်၊ မြန်မာဘီလုံးငှက်၊ ငှက်မင်းသား၊ ဗိုက်ဖြူရွှေသမင်နှင့် ကြယ်လိပ်တို့ ကြက်စားနေထိုင်ကြပြီး မျိုးဆက်ပျက်သုဉ်းမည့် အန္တရာယ်ရှိလာသဖြင့် လုံးဝကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်များ စာရင်းတွင် ထည့်သွင်းကာ ဂရုတစိုက် ထိန်းသိမ်းစောင့်ရှောက်ထားကြကြောင်း သိရသည်။

**ဇေယျာထက်(မင်းဘူး)**

○ **အာဆင်နယ်အသင်းမှ**

အာဆင်နယ်အသင်း နည်းပြ အာတီတာဟာ ၂၀၀၃-၂၀၀၄ ဘောလုံးရာသီနောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် ပရီမီယာလိဂ် အဖွင့်ပွဲစဉ် သုံးပွဲစလုံးကို ပွဲထွက်ကစားသမား အပြောင်းအလဲမလုပ်ဘဲ ပွဲထွက်ကစားစေခဲ့တာဖြစ်ပြီး ယခု ဘုန်းမောက်အသင်းနဲ့ပွဲစဉ်မှာ ရာသီအဖွင့် နှစ်ပွဲဖြစ်တဲ့ ခရစ္စတယ်ပဲလေ့စ်အသင်းနဲ့ လက်စတာစီးတီးအသင်းတို့ကို အနိုင်ရခဲ့တဲ့ ပွဲထွက်လူစာရင်းအတိုင်း ပွဲထွက်လာခဲ့တာ ဖြစ်ပါတယ်။

**ခုနစ်ဂိုးအထိ သွင်းယူနိုင်ခဲ့**

အခုပွဲစဉ်မှာ အာဆင်နယ်အသင်းအတွက် သွင်းဂိုး နှစ်ဂိုး သွင်းယူနိုင်ခဲ့တဲ့ အသင်းခေါင်းဆောင် မာတင်အိုဒီဂတ်ဟာ ၂၀၂၁-၂၀၂၂ ဘောလုံးရာသီကလည်း အာဆင်နယ်အသင်းအတွက် ပရီမီယာလိဂ် သွင်းဂိုး ခုနစ်ဂိုးအထိ သွင်းယူနိုင်ခဲ့တာ ဖြစ်ပါတယ်။ ဒါ့ပြင် ဆာလီဘာကတော့ အခုနှစ်ဘောလုံးရာသီမှာ ပရီမီယာလိဂ် သုံးပွဲကစားပြီးချိန်မှာ အာဆင်နယ်အသင်းနဲ့အတူ သွင်းဂိုး နှစ်ဂိုး သွင်းယူနိုင်ခဲ့ပြီ ဖြစ်ပါတယ်။

အာဆင်နယ်အသင်းဟာ ဘုန်းမောက်အသင်းကို အနိုင်ရရှိခဲ့တာကြောင့် ပရီမီယာလိဂ်အမှတ်ပေးဇယားကို ယာယီ ဦးဆောင်ခွင့်ရရှိခဲ့ပြီး ဘုန်းမောက်အသင်းကတော့ သုံးပွဲကစားပြီးချိန်မှာ ရမှတ် သုံးမှတ်သာရရှိခဲ့တာကြောင့် အမှတ်ပေးဇယားအဆင့်(၁၄)နေရာမှာ ရပ်တည်နေတာ ဖြစ်ပါတယ်။

**ငွေကြယ်**

# မအူပင်မြို့နယ် တိုးမြစ်အတွင်း ငါးမျိုးစိုက်ထည့်

မအူပင် ဩဂုတ် ၂၁

မအူပင်ခရိုင် ငါးလုပ်ငန်းဦးဌာနမှ ကြီးမှူးကျင်းပသော တလုပ်လပ်အရှေ့ကျေးရွာအုပ်စု တိုးမြစ်သဘာဝရေပြင် အတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားကို ဩဂုတ် ၁၆ ရက် နံနက်ပိုင်းက မအူပင်တံတားအနီး၌ ကျင်းပသည်။

ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားသို့ မအူပင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၂) ဦးခင်လှိုင်၊ ခရိုင်ငါးလုပ်ငန်း ဦးစီးဌာနမှူး ဦးဆန်းဝင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတိုးတိုးဝင်း၊ မအူပင်မြို့နယ်စီမံအုပ်ရေးအဖွဲ့ဝင်(၂) ငါးမျိုး စိုက်ထည့်ရေးကြီးကြပ်ကော်မှုမတီဥက္ကဋ္ဌ ဦးသန်းထွန်း၊ မြို့နယ်ငါးလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးမင်းလှိုင်၊ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ်စီမံကိန်းဦးစီးဌာန၊ မြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ တလုပ်လပ်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးအောင်မင်းအောင်နှင့် အဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများပါဝင်၍ တိုးမြစ်သဘာဝ ရေပြင်အတွင်းသို့ တလုပ်လှငါးလုပ်ငန်းစခန်းမှ ငါးခုံးမကြီး ကောင်ရေ ၅၀၀၀၀၊ ရွှေဝါငါးကြင်းကောင်ရေ ၅၀၀၀၀၊ ငါးမြစ်ချင်းကောင်ရေ ၂၅၀၀၀၀ စုစုပေါင်းငါးသားပေါက်ကောင်ရေ ၃၅၀၀၀၀ အား မျိုးစိုက်ထည့်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ငါးရစ် ငါးသန် ဘေးမဲ့ချန် ပုံမှန်စားသုံး မျိုးမသုဉ်း

## ညောင်နှစ်ပင်စိုက်ပျိုးမွေးမြူရေးအထူးဇုန်အတွင်းရှိ လုပ်ကိုင်ခွင့်ရရှိထားသော လုပ်ငန်းရှင်များအား အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ (မှော်ဘီ/လှည်းကူး)မြို့နယ်၊ ညောင်နှစ်ပင် စိုက်ပျိုးမွေးမြူရေးအထူးဇုန်(၁/၂/၃)အတွင်းရှိ လုပ်ကိုင်ခွင့်ရရှိထားသော လုပ်ငန်းရှင်များအား မိမိတို့လုပ်ကိုင်ခွင့်ရရှိထားသော စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများအား အပြည့်အဝ ဆောင်ရွက်ခြင်းမရှိပါက လုပ်ကိုင်ခွင့်ချထားစဉ်ပါရှိသော စည်းကမ်းချက်များနှင့်အညီ လုပ်ကိုင်ခွင့်ပြန်လည်သိမ်းယူမည်ဖြစ်ကြောင်း (၂၈/၂၉-၇-၂၀၂၂)ရက်နေ့ နိုင်ငံပိုင်သတင်းစာများတွင် အသိပေးကြေညာခဲ့ပြီးဖြစ်ပါသည်။

သို့ရာတွင် အောက်ဖော်ပြပါ မြေကွက်လုပ်ကိုင်ခွင့်ရရှိထားသူများသည် သက်ဆိုင်ရာမှထုတ်ပေးထားသော အထောက်အထားခိုင်လုံစွာတင်ပြ၍ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အမြန်ဆောင်ရွက်ကြရန် ထပ်မံတိုက်တွန်းပါသည်- (လုပ်ကိုင်ခွင့်ရရှိထားသော ဌာနဆိုင်ရာများအပါအဝင်)

စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအား အကောင်အထည်ဖော်ဆောင်ရွက်ခြင်းမရှိပါက သတ်မှတ်ထားခဲ့သည့် စည်းမျဉ်းစည်းကမ်းများအတိုင်း လုပ်ကိုင်ခွင့် ပြန်လည်သိမ်းယူမည်ဖြစ်ကြောင်း ထပ်မံနှိုးဆော် အသိပေးကြေညာအပ်ပါသည်။

| | | |
|---|---|---|
| ဇုန်(၁) | C-4 | အကွက်အမှတ်-၈၇၊ ၈၈ |
| ဇုန်(၂) | C-9 | အကွက်အမှတ်-၄၈၇၊ ၅၂၁၊ ၅၂၂ |
| | C-10 | အကွက်အမှတ်-၄၁၅၊ ၄၁၅ အေ၊ ၄၃၈၊ ၄၃၉၊ |
| | C-11 | အကွက်အမှတ်-၂၉၆၊ ၃၁၅၊ ၃၁၅ အေ၊ ၃၁၅ ဘီ၊ ၃၁၉၊ ၃၇၉၊ ၃၈၀ |
| | C-12 | အကွက်အမှတ်-၂၄၆၊ ၂၈၃ |
| | C-14 | အကွက်အမှတ်-၃၄၊ ၅၁၊ ၅၂၊ ၅၃ |
| | C-15 | အကွက်အမှတ်-၁၊ ၂၊ ၃၊ ၄၊ ၈၊ ၉၊ ၁၀၊ ၂၅၇၊ ၂၅၈ |
| | C-16 | အကွက်အမှတ်-၂၀၃ |
| | C-17 | အကွက်အမှတ်-၁၃၄၊ ၁၃၅၊ ၁၃၆၊ ၁၃၇၊ ၁၄၅ |
| | C-18 | အကွက်အမှတ်-၅၆၊ ၅၇၊ ၇၉၊ ၈၀၊ ၈၈၊ ၈၉၊ ၁၀၇၊ ၁၀၈၊ ၁၀၉ |
| | C-19 | အကွက်အမှတ်-၃၄၊ ၃၅၊ ၃၆၊ ၃၇၊ ၃၈၊ ၃၉၊ ၄၀၊ ၄၁ |
| ဇုန်(၃) | C-9 | အကွက်အမှတ်-၈၃၊ ၁၀၁၊ ၁၀၂ |
| | C-22 | အကွက်အမှတ်-၃၂၅၊ ၃၂၆၊ ၃၂၇ |
| | C-23 | အကွက်အမှတ်-၂၃၈ |

**ညောင်နှစ်ပင်စိုက်ပျိုးမွေးမြူရေးအထူးဇုန်လုပ်ငန်းကော်မတီ**

**ဆက်သွယ်ရန်ဖုန်းနံပါတ်** - အတွင်းရေးမှူး-၀၉-၅၃၁၂၅၉၅
အထူးဇုန်(၁)-၀၉-၅၁၄၄၈၃၈
အထူးဇုန်(၂) -၀၉-၈၈၇၈၇၈၈၇၇
အထူးဇုန်(၃)-၀၉-၂၅၆၃၂၁၁၃၁

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁၉)၊ မြေကွက်အမှတ်(၁၃၉)၊ မြေအကျယ်အဝန်း(၄၀ X ၆၀)ပေ၊ (၂၄၀၀)စတုရန်းပေရှိ မြေချပါမစ်မူရင်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် ဒေါ်မြင့်အမည်ဖြင့် မှတ်သားတည်ရှိပြီး ယခုရောင်းချသူ ဦးဖန်ဗျက်ကျွန်း(၅/ကလထ(နိုင်)၂၀၁၉၃၈)မှ အရောင်းအဝယ်အဆက်စပ် စာချုပ်များဖြင့် မိမိကိုယ်တိုင်တရားဝင် လက်ဝယ်ပိုင်ဆိုင်ပြီး လွတ်လပ်စွာလွှဲပြောင်းရောင်းချပိုင်ခွင့်၊ စီမံခန့်ခွဲပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြု၍ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေက ရောင်းချသည့်တန်ဖိုးငွေအနက်မှ စရံငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တရားဝင်ခိုင်လုံခိုင်မာသော စာချုပ်စာတမ်းအထောက်အထား (မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| **ဒေါ်ဇင်မိမိစိုး** | **ဒေါ်ဇာခြည်ထွေး** |
| အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ |
| (LL.B, D.M.L)(စဉ်-၄၁၄၀၀) | (LL.B, D.B.L)(စဉ်-၁၄၂၃၃) |

**Ph : 09-796766946, 09-405100500**
**Facebook Page: myanmarland realestate&lawfirm Co.Ltd**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊(၁၀)ရပ်ကွက်၊ ကန်လမ်း၊ တိုက်အမှတ်(၁၀)၊ (၄)ခန်းတွဲ (၁၂)ထပ်ခွဲတိုက်၏ (၉လွှာ)၊ အခန်းအမှတ်(09/04)၊ အကျယ်အဝန်း(၂၂၀၀)စတုရန်းပေရှိ (LaMin Luxury Condominium)ဟုခေါ်တွင်သော ကွန်ဒိုတိုက်ခန်း(၁)ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ယခုရောင်းချသူ ဦးစိန်ဌေး (၁၂/သကတ(နိုင်)၁၀၆၈၅၁) မှ မိမိကိုယ်တိုင် တရားဝင် လက်ဝယ်ပိုင်ဆိုင်ပြီး လွတ်လပ်စွာရောင်းချပိုင်ခွင့်၊ စီမံခန့်ခွဲပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြု၍ ရောင်းချရန်ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေက ရောင်းချသည့်တန်ဖိုးငွေအနက်မှ စရံငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တရားဝင်ခိုင်လုံခိုင်မာသော စာချုပ်စာတမ်းအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ,

| | |
|---|---|
| **ဒေါ်ဇင်မိမိစိုး** | **ဒေါ်ဇာခြည်ထွေး** |
| အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ |
| (LL.B, D.M.L)(စဉ်-၄၁၄၀၀) | (LL.B, D.B.L)(စဉ်-၁၄၂၃၃) |

**Ph : 09-796766946, 09-43124898**
**Facebook Page: myanmarland realestate&lawfirm Co.Ltd**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့တောင်ဥက္ကလာပမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၁၄/၁)၊မြင်သာ(ဂ)လမ်း၊မြေကွက်အမှတ်-၁၀၅/၁၊ မြေကွက်ပေါ်တွင်တည်ရှိဆောက်လုပ်ထားသော(၆)ထပ်တိုက်၏စတုတ္ထထပ်(၅)လွှာ(ခေါင်းရင်းခန်း)သည်ကန်ထရိုက်တာ ဦးသောင်းဦးလွင်(၁၂/သဃတ(နိုင်)၀၄၁၂၄၂)ရပိုင်ခွင့်ရှိသည့် အခန်းဖြစ်ပြီး၊ ၎င်းထံမှ အရောင်းအဝယ်စာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်လက်ရောက်ရရှိထားသူ ဦးဝင်းနိုင် (၁၂/သဃက(နိုင်)၀၃၈၁၆၂)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်အေးမြမြခိုင်(၁၂/စခန(နိုင်)၀၆၃၈၂၀)ကအပိုင်ဝယ်ယူရန် စရန်ငွေများပေးချေထားပြီးဖြစ်သည်။ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံလာ ရောက်၍ တိကျခိုင်လုံသော တရားဝင်စာချုပ်(မူရင်း)များပြသ ကန့်ကွက်နိုင်သည်။ ကန့်ကွက်သူမရှိပါက တိုက်ခန်း အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးအပိုင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

| | | |
|---|---|---|
| **ဒေါက္ကရာမြင့်အောင်(မောင်ကောင်းဇေ)** | **လွှဲအပ်ညွှန်ကြားချက်အရ -** | **ဦးတင်မောင်မြင့်(ကြယ်နီလေး)** |
| LL.,B.,DML(စဉ်-၄၉၀၈/၈၉) | တရားလွှတ်တော်ရှေ့နေများ | LL.,B.,DIL(စဉ်-၇၇၀၅/၁၀) |

တိုက်ခန်းအိမ်ခြံမြေသင်တန်းနှင့် Law Firmll
၈၃/၁၃(ဒုတိယထပ်)၊ပန်းဆိုးတန်းလမ်း၊ကျောက်တံတားမြို့နယ်၊ ဖုန်း၀၉-၇၆၅၂၃၆၄၆၅

## မော်တော်ယာဉ်မောင်းနှင်သူသည် တောင်ဆင်း၊ တောင်တက်လမ်း မောင်းနှင်ရာတွင် လိုက်နာရမည့်အချက်များ (နည်းဥပဒေ ၁၀၇)

မော်တော်ယာဉ်မောင်းနှင်သူသည် တောင်ဆင်း၊ တောင်တက် လမ်းတွင် မောင်းနှင်ရာတွင် အောက်ပါအချက်များကို လိုက်နာရပါမည်-

(က) အဆင်းနှင့် အတက်မော်တော်ယာဉ်များဆုံရာ၌ ရှောင်တိမ်းရန် အခက်အခဲရှိပါက အဆင်းမော်တော်ယာဉ်သည် လမ်း၏လက်ယာဘက်ဘေးသို့ တတ်နိုင်သမျှ ကပ်၍ ရပ်ပေးပြီး အတက်မော်တော်ယာဉ်ကို ဦးစားပေးရမည်။

( ခ ) အကယ်၍ အဆင်းမော်တော်ယာဉ်နှင့် အတက်မော်တော်ယာဉ်များ ဆုံမည့်နေရာမရောက်မီ အတက်မော်တော်ယာဉ်၏ လမ်းကြောင်း လက်ယာဘက်၌သာ ရှောင်တိမ်းပေးနိုင်သော နေရာလပ်ရှိပါက အတက်မော်တော်ယာဉ်မှ အဆင်းမော်တော်ယာဉ်ကို ရှောင်တိမ်းပေးရမည်။

( ဂ ) အကယ်၍ အဆင်းနှင့် အတက် မော်တော်ယာဉ်များဆုံသည့်နေရာ၌ ရှောင်တိမ်းရန် မလွယ်ကူခဲ့သော် နောက်ဆုတ်ပေးရန် အခက်အခဲမရှိသော မော်တော်ယာဉ်က နောက်ဆုတ်ပေးရမည်။

(ဃ) အကွေ့တိုင်းတွင် ဟွန်းတီးပြီး အမြန်နှုန်း လျှော့မောင်းရမည်။

( င ) အဆင်းမော်တော်ယာဉ်သည် ဂီယာကို ကြားအနေထား၌သော်လည်းကောင်း၊ ကလပ်(ချ်)ကို နင်းထား၍သော် လည်းကောင်း မောင်းနှင်ခြင်းမပြုရ။

( စ ) မော်တော်ယာဉ်သည် အတက်အဆင်း၌ စက်ရပ်သွားလျှင် သော်လည်းကောင်း၊ မော်တော်ယာဉ်ကို ရပ်ထားလျှင် သော်လည်းကောင်း လိမ့်ဆင်းမသွားစေရန် ဘရိတ်များကို အသုံးပြုရမည့်အပြင် လိုအပ်ပါက နောက်ဘီးများ ကိုပါ ကြမ်းတုံးများဖြင့် ခုထားရမည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

## ရေချွေတာရေး နည်းလမ်းများ

❖ သွားတိုက်နေစဉ် ဘုံဘိုင်ခေါင်း ဖွင့်မထားပါနှင့်။
❖ သွားတိုက်လျှင် ရေဖန်ခွက် အမြဲသုံးပါ။
❖ ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။
❖ ရေဖြည့်ထားသောပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။

## ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်မှုမှ ကြိုတင်ကာကွယ်ရေး သတိပေးနှိုးဆော်ချက်

နိုင်ငံတော်စားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်ပတင်ပို့ခြင်းဖြင့် နိုင်ငံခြားဝင်ငွေရရှိရေးအတွက် နိုင်ငံအနှံ့အပြားတွင် ငါးမွေးမြူရေးကန်များဖြင့် မွေးမြူဆောင်ရွက်လျက်ရှိရာ မိုးအလွန်အကျွံရွာသွန်းခြင်းနှင့် မြစ်ရေကြီးခြင်းများကြောင့် ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်ခြင်းမှ ကြိုတင်ကာကွယ်ရန်နှင့် ဆုံးရှုံးမှုလျော့နည်းစေရေးအတွက် အောက်ဖော်ပြပါအချက်များကို ငါးပုစွန်မွေးမြူရေးကန်များ၌ လိုက်နာဆောင်ရွက်ကြပါရန် သတိပေးနှိုးဆော်အပ်ပါသည် -

❍ ငါးမွေးမြူရေးကန်များ၏ ကန်ပေါင်များခိုင်ခံ့ရန်အတွက် ကန်ပေါင်ပါးသော နိမ့်သောနေရာများတွင် သဲအိတ်များဖို့၍ ကန်ပေါင်ခိုင်ခံ့အောင် ပြုလုပ်ထားပါရန်၊
❍ အကယ်၍ ရေကြီးရေလျှံလာပါက ငါးများလွတ်ထွက်မှုမရှိစေရေးအတွက် ဇာပြာပိုက်များဖြင့် ကာရံထားပါရန်၊
❍ ရေစီးကြောင်းနှင့်နီးသော ငါးကန်များတွင် ရေတိုက်စားမှုကာကွယ်ရန်အတွက် တုတ်ရိုက်ပြီး ဝါးထရံများဖြင့်ကာရံ၍ သဲအိတ်များဖို့ထားပါရန်၊
❍ လိုအပ်ပါက ငါးများရွှေ့ပြောင်းနိုင်ရန်အတွက် ငါးဖမ်းပိုက်များ၊ စက်လှေများနှင့် စက်ပစ္စည်းများအား ကြိုတင်ပြင်ဆင်ထားပါရန်နှင့် အထူးသဖြင့် မျိုးငါးကြီးများအား ဦးစားပေးရွှေ့ပြောင်းထားပါရန်၊
❍ သိုလှောင်ထားသော ငါးအစာနှင့် လုပ်ငန်းသုံးပစ္စည်းများအား ရေလွတ်သောနေရာသို့ ရွှေ့ပြောင်းထားပါရန်၊
❍ ပုံမှန်အစာကျွေးခြင်းဖြင့် ငါးများလွတ်ထွက်မသွားစေရေး ဆောင်ရွက်ထားပါရန်၊
❍ မွေးမြူရေးကန်၏ ရေထွက်/ရေလျှံပေါက်များ၊ ရေကျော်မည့်နေရာများအား အစဉ်ဂရုတစိုက်စစ်ဆေးနေပါရန်၊
❍ ထူးခြားသည့်အခြေအနေများ အချိန်နှင့်တစ်ပြေးညီသိရှိနိုင်ရန်အတွက် ဆက်သွယ်သတင်းပို့နိုင်မည့် နည်းလမ်းများ ကြိုတင်ပြင်ဆင်ထားပါရန်၊
❍ နိုင်ငံပိုင်ရေဒီယို၊ အသံလွှင့်ဌာနများမှ ထုတ်လွှင့်လျက်ရှိသော အရေးပေါ်မိုးလေဝသ သတိပေးချက်များနှင့်ပတ်သက်သည့်သတင်းများကို အမြဲဂရုတစိုက်နားထောင်ပါရန်နှင့် ပြည်တွင်းထုတ်နေ့စဉ်သတင်းစာများတွင်ပါရှိသည့် မိုးလေဝသနှင့်ပတ်သက်သည့် သတင်း၊ ဆောင်းပါးများအား အမြဲမပြတ်ဖတ်ရှုသတိပြုပြီး ငါးမွေးမြူသူအချင်းချင်း သတင်းအချက်အလက်ဖလှယ်ကြပါရန်၊
❍ ရေကြီးနစ်မြုပ်မှုအတွက် အရေးပေါ်အခြေအနေများဖြစ်ပေါ်ပါက နီးစပ်ရာငါးလုပ်ငန်းဦးစီးဌာနများနှင့် ဆက်သွယ်အကူအညီတောင်းခံကြပါရန်၊

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**ကျွန်တော်တို့နိုင်ငံဟာ လွတ်လပ်ရေးရယူရာမှာ ပင်လုံစာချုပ်နဲ့ ပြည်ထောင်စုတစ်ခုလုံးကိုစုစည်းပြီး လွတ်လပ်ရေးရယူခဲ့ပါတယ်။ ပင်လုံစာချုပ်လို့ဆိုရာမှာ အနှစ်သာရက ပင်လုံစိတ်ဓာတ်ပါပဲ။ ပင်လုံစိတ်ဓာတ်ဆိုတာ ပြည်ထောင်စုစိတ်ဓာတ်ပါ။ ဒီစိတ်ဓာတ်ဟာ အရင်းခံဖြစ်သလို ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ အနာဂတ်ပြည်ထောင်စုကြီးတည်ဆောက်ရေးရဲ့ အခြေခံအုတ်မြစ်ဖြစ်တဲ့ ပြည်ထောင်စုစိတ်ဓာတ်ပဲ ဖြစ်ပါတယ်။ ဒါ့ကြောင့် တိုင်းရင်းသားလက်နက်ကိုင်တွေနဲ့ တွေ့ဆုံဆွေးနွေးရာမှာ ပြည်ထောင်စုစိတ်ဓာတ်ကို အခြေခံပြီး ဒေသနဲ့ တိုင်းပြည်အတွက် ပကတိလိုအပ်ချက်တွေကို ညှိနှိုင်းဆွေးနွေးမှု ဆောင်ရွက်လျက်ရှိပါတယ်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁ နှစ်နှင့် ၆ လ(၁၈လ)ပြည့် နိုင်ငံတော်တာဝန် ထမ်းဆောင်ခဲ့မှုနှင့် ပတ်သက်၍ ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်) ၁-၈-၂၀၂၂

**ယနေ့** ဖတ်စရာ

**မန္တလေးမြို့၌ အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ PDF အမည်ခံ အကြမ်းဖက်အဖွဲ့များအား ငွေကြေးထောက်ပံ့ပေးနေသူများကို ဖမ်းဆီးရမိ**

စာမျက်နှာ- ၁၅

**ကျင့်ဝတ်နှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး**

စာမျက်နှာ- ၂၃

**ရွှေစက်တော် ဘေးမဲ့တောဥယျာဉ်တွင် ရှားပါးမျိုးစိတ် စာရင်းဝင် မြန်မာ့ကြယ်လိပ် ၂၀၇၂ ကောင်အထိ ပေါက်ပွားလျက်ရှိ**

စာမျက်နှာ- ၂၆

## KKO (ခွဲထွက်)အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက ကော့ကရိတ်မြို့နယ် ကော့နွဲ့ရွာအနီးရှိ ဓာတ်အားပေးတာဝါတိုင် နှစ်ခုကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီး ကရင်ပြည်နယ်အတွင်းရှိ မြို့နယ်အချို့တွင် ဓာတ်အားပြတ်တောက်မှုဖြစ်ပေါ်



မိုင်းထောင်ဖောက်ခွဲခံရသည့် တာဝါတိုင်အမှတ် ၁၇၃ ၏ ပျက်စီးမှု မှတ်တမ်းဓာတ်ပုံ။

နေပြည်တော် ဩဂုတ် ၂၁

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ကော့နွဲ့ရွာအနီးရှိ ဓာတ်အားပေးတာဝါတိုင် နှစ်ခုအား ဩဂုတ် ၂၀ ရက် ည ၁၁ နာရီခန့်တွင် KKO (ခွဲထွက်)အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့မှုကြောင့် ကရင်ပြည်နယ်အတွင်းရှိ မြို့နယ်အချို့တွင် ဓာတ်အားပြတ်တောက်လျက်ရှိကြောင်း သိရသည်။

ဖြစ်စဉ်မှာ မော်လမြိုင်-မြဝတီ ဓာတ်အားလိုင်း ၂၃၀ ကေဗွီ တာဝါတိုင်အမှတ် ၁၇၂ နှင့်

စာမျက်နှာ ၁၇ ကော်လံ ၁ သို့ ■

## အာဆင်နယ်အသင်း ၂၀၀၄-၂၀၀၅ ဘောလုံးရာသီနောက်ပိုင်း ပရီမီယာလိဂ်ရာသီအဖွင့်သုံးပွဲဆက် ပထမဆုံးအကြိမ်နိုင်ပွဲရရှိ

ဘုန်းမောက်အသင်းနဲ့ အာဆင်နယ်အသင်းတို့ ဩဂုတ် ၂၀ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ်(၃)မှာ အာဆင်နယ်အသင်းက ဘုန်းမောက်အသင်းကို သုံးဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့တာကြောင့် အာဆင်နယ်အသင်းဟာ ၂၀၀၄-၂၀၀၅ ဘောလုံးရာသီနောက်ပိုင်း ပရီမီယာလိဂ်ပြိုင်ပွဲမှာ ရာသီအဖွင့် သုံးပွဲဆက်တိုက် ပထမဆုံးအကြိမ် နိုင်ပွဲပြန်လည်ရရှိခဲ့ပြီဖြစ်ပါတယ်။



အဲဒီပွဲစဉ်မှာ အာဆင်နယ်အသင်းဟာ ပထမပိုင်းပွဲကစားချိန် ၄း မိနစ်နဲ့ ၁၁ မိနစ်တို့မှာ သွင်းယူခဲ့တဲ့ အသင်းခေါင်းဆောင် မာတင်အိုဒီဂတ်ရဲ့ သွင်းဂိုးနှစ်ဂိုးနဲ့ အိမ်ရှင်ဘုန်းမောက်အသင်းကို ဦးဆောင်ကစားနိုင်ခဲ့ပြီး ဒုတိယပိုင်းပွဲကစားချိန် ၅၄ မိနစ်မှာ ဆာလီဘာရဲ့ သွင်းဂိုး ထပ်မံရရှိခဲ့တာကြောင့် အာဆင်နယ်အသင်းက ဘုန်းမောက်အသင်းကို သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာ ဖြစ်ပါတယ်။

စာမျက်နှာ ၂၆ ကော်လံ ၅ သို့ ○

## CDM ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် လူငယ်လူရွယ်များ အနေဖြင့် ကြိုဆိုရေးစခန်းများ၊ နီးစပ်ရာ လုံခြုံရေးစခန်းများအပြင် နီးစပ်ရာ မြို့နယ်များရှိ မြို့နယ်ကြက်ခြေနီအသင်း၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်လူမှုဝန်ထမ်းရုံးနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တရားဝင်အသိအမှတ်ပြုထားသည့် လူမှုကယ်ဆယ်ရေး အသင်းအဖွဲ့အသီးသီးသို့လည်း ဆက်သွယ်ဆောင်ရွက်နိုင်

နေပြည်တော် ဩဂုတ် ၂၁

နယ်စပ်ဒေသအသီးသီးနှင့် အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ အတွင်းသို့ ရောက်ရှိနေသည့် CDM ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် လူငယ်လူရွယ်များအား နယ်စပ်ကြိုဆိုရေးစခန်းအသီးသီးနှင့် နီးစပ်ရာ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းအသီးသီးသို့ဆက်သွယ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်နိုင်ကြောင်းနှင့် ယင်းသို့ သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့က အသိပေးထုတ်ပြန်ထားရှိပြီးဖြစ်ပါသည်။

စာမျက်နှာ ၁၇ ကော်လံ ၄ သို့ *